www.bur,eseclassic.com




www.burmeseclassic.com

www.bur,eseclassic.com



BURMESE CLASSIC .com

www.burmeseclassic.com

www.bur,eseclassic.com



## အခန်း(၁)

# ပေစာများပေါ်မှ ပရလောက မှတ်တမ်းများ

BURMESE CLASSIC .com

တစ်နေ့သ၌ ကျွန်ုပ်သည် တမလွန်လောက၌ ကျင်လည်နေကြရသော ပရလောကသားများအကြောင်းကို ရေးသားထားသော စာအုပ်တစ်အုပ်ကို ရရှိသဖြင့် ဖတ်ရှုကြည့်ရာ များစွာစိတ်ဝင်စားမှု ရှိလေသည်။

ပရလောကသားဟု ယေဘူယျ အမည်တပ်၍ခေါ်ကြသော်လည်း အမျိုးအစားကတော့ ကွဲပြားခြားနားလေသည်။

အများအားဖြင့်တော့ ပရလောကသားတို့မှာ ...မွဗိဒ္ဓိ



www.burmeseclassic.com

www.bur,eseclassic.com



ရှိကြလေရာ ရုပ်ဆင်းသဏ္ဌာန်၊ ပုံသဏ္ဌာန်အမျိုးမျိုးတို့ကို ဖန်ဆင်းနိုင်စွမ်း ရှိကြသည်။

တစ္ဆေ၊ သရဲ၊ သဘက်၊ ဥစ္စာစောင့်၊ ဖုတ်၊ ကျုတ်၊ မှင်စာ၊ မြေဘုတ်ဘီလူး စသည်တို့မှာ အမျိုးအမည် မတူကြသော်လည်း ပရလောကသားများပင် ဖြစ်ပေသည်။

တစ္ဆေ၊ မှင်စာ၊ သရဲ၊ သဘက်၊ ဖုတ်၊ ကျုတ်၊ ဥစ္စာစောင့်၊ ဘီလူး၊ ရက္ခိုက်၊ နတ်ဆိုး စသည်တို့မှာ အမျိုးအမည် ကွဲပြားကြသော်လည်း ယေဘုယျ ခြုံ၍ပြောရလျှင် တစ္ဆေမျိုးနွယ်ဝင် ပရလောကသားများပင် ဖြစ်သည်။

တစ္ဆေဟူသော ဝေါဟာရမှာ 'တဇ္ဇေတိ' ဟူသော သဒ္ဒါကို စွဲ၍ တဇ္ဇေ(တစ္ဆေ)ဟု ခေါ်ဝေါ်ကြခြင်းဖြစ်သည်။

ထိုတဇ္ဇေ(တစ္ဆေ)၏အနက်သဘောမှာ 'ခြိမ်းခြောက်သည်၊ သို့မဟုတ် ခြောက်လှန့်တတ်သည်' ဟု အနက်အဓိပ္ပာယ်ရှိပါသည်။

ခြိမ်းခြောက်သည်ဟု ဆိုရာ၌ ကိုယ်ထင်ပြခြင်း၊ ညည်းညူသံပေးခြင်း၊ အနံ့ပေးခြင်း၊ ပူးဝင်ခြင်း၊ ခြောက်လှန့်ခြင်း စသည်တို့ ဖြစ်လေသည်။

ထိုတဇ္ဇေကိုပင် ကာလကြာလာသောအခါ တစ္ဆေဟူ၍ ပြောင်းလဲခေါ်ဝေါ်ကြကြောင်း 'ဇိနလင်္ကာရဋီကာ' ကျမ်း၌ ပြဆိုရေးသားကြလေသည်။

တစ္ဆေခြောက်လှန့်ပုံ အမျိုးမျိုးရှိသော်လည်း တွေ့ကြုံရခြင်းတော့ မတူကြပေ။





တစ္ဆေခြောက်သည်ဆိုရာ၌ အခါခပ်သိမ်း ကြောက်လန့်အောင် ခြောက်ခြင်းတော့ မဟုတ်ပေ။

နှုတ်ဆက်လို၍ခြောက်ခြင်း၊
မှာထားလို၍ ခြောက်ခြင်း၊
စားချင်သောက်ချင်၍ခြောက်ခြင်း၊
သိစေမြင်စေလို၍ခြောက်ခြင်း၊
အမျှအတန်းလိုချင်၍ခြောက်ခြင်း၊
အကူအညီပေးလို၍ခြောက်ခြင်း၊
ချစ်ခင်နှစ်သက်သဖြင့် ခြောက်ခြင်း

စသောအကြောင်းများကတော့ မတူပေ။

၎င်းတို့မှာ ပုံပန်းသဏ္ဌာန်ချင်း မတူသလို အဆင့်အတန်းချင်းကလည်း မတူပေ။

သစ်ပင်ချုပုတ်၌ နေရသော အတန်းအစား၊
ဇရပ်အိုး၊ ကျောင်းပျက်၌ နေရသော အတန်းအစား၊
သုသာန်၊ သချိုင်း၌ နေရသော အတန်းအစား၊
တောလမ်းတောင်လမ်း၌ နေရသော အတန်းအစား၊
သစ်ပင်များတွင် နေရသော အတန်းအစား၊
လူနေအိမ်နီးနီးတွင် နေရသော အတန်းအစား

ဟူ၍ နေရသော အဆင့်အတန်းချင်းကလည်း မတူကြပေ။ အချို့မှာလည်း. . .

ဘုရားသံ၊ တရားသံကို မကြားချင်၊ မကြားနိုင်၊ မကြားဝံ့သောအစား၊



www.burmeseclassic.com

www.bur,eseclassic.com



ကြားချင်နာချင်သော်လည်း ကြားနာခွင့်မရသော အတန်းအစား၊

ဘုရားသံ၊ တရားသံ ကြားရသဖြင့် ရပ်တည်ရာမရဘဲ လွင့်စဉ်သွားရသော အတန်းအစား၊

ဘုရားသံ၊ တရားသံကို ကြားနာခွင့် ကြုံကြိုက်၊ သာယာလိုက်သဖြင့် အတန်းမြင့် အဆင့်တိုးပြီး တန်ခိုးကြီးသည့်အဆင့်သို့ ရောက်သွားရသော ဘဝအမျိုးအစား

ဟူ၍များစွာရှိလေသည်။

အချို့အယူသီးသူများက တစ္ဆေရှိသည်ကို မယုံကြည်ကြပေ။ ထိုတစ္ဆေများအကြောင်းကို 'မဂ္ဂင်္ဒီပနီကျမ်း သမ္မာဒိဋ္ဌိ' အဖွင့်၌. . .

ဩပပါတိကာသတ္တာ၊ လူတို့သည် မမြင်အပ်ကုန်သောငရဲ၊ ပြိတ္တာ၊ နတ်၊ သိကြား၊ ဗြဟ္မာ ဟူကုန်သော ဥပပတ် သတ္တဝါမျိုးတို့သည် အတ္တိ အမှန်ရှိကုန်၏ ဟူ၍ပြဆိုထား၏။

ဥပပတ်မှစ၍ ပဋိသန္ဓေလေးမျိုးကွဲပုံ၊ လားရာဂတိငါးပါးနှင့် ပြိတ္တာ၊ တစ္ဆေတို့၏အကြောင်းကိုလည်း ဖော်ပြထားလေသည်။

ဤနေရာတွင် ရှေးဘုရင်များလက်ထက်က ထင်ရှားခဲ့သော တစ္ဆေမှတ်တမ်းတစ်ခုကို ဖော်ပြရပေမည်။

နောင်တော်မင်းတရားကြီးလက်ထက်တော်၌ အမှုတော်ထမ်းရသော ဘေတ်ချောင်းဗိုလ် (ခေါ်) ဥဒိန်ကျော်ခေါင်မှာ စစ်မှုတော်ထမ်းရင်း သေဆုံးခဲ့ပြီး တစ္ဆေဘဝသို့ ရောက်ရှိနေ





သည်။

ထိုအကြောင်းကို ဘုရင်မင်းတရားကြီးက မသိရှာပေ။ တစ်ညသည်၌ မင်းတရားကြီး စက်တော်ခေါ်နေစဉ် နန်းဆောင်အတွင်းသို့ ဝင်ကာ မင်းတရားကြီး ခြေထောက်ကို လှုပ်၍နှိုးလေရာ ကြည့်လိုက်သောအခါ ဥဒိန်ကျော်ခေါင်၏ရုပ်သွင်ကို ဝိုးတဝါးတွေ့မြင်ရလေသည်။

အကြောင်းစုံ မေးမြန်းသောအခါ. . .

၎င်းသည် တမလွန်ဘဝ ရောက်နေသော်လည်း အမှုတော်ကို ဆက်လက်ထမ်းရွက်ခွင့်ပေးရန် လျှောက်ထားသဖြင့် ဘုရင်က လေသာဆောင်၌ စောင့်နေ ထမ်းရွက်စေဟု အမိန့်တော် ရှိလေသည်။

တမလွန်ဘဝ ရောက်နေသော ဥဒိန်ကျော်ခေါင်လည်း တစ္ဆေဘဝနှင့်ပင် မင်းတရားကြီးထံ၌ အမှုတော်ထမ်းရွက်ခွင့်ရလေသည်။

တစ်နေ့သ၌ အဝ,မြို့မှ မုတ္တမသို့ စေလွှတ်လိုက်သော မြင်းသည်ကျော် သောနှင့်ရွှမ်းတို့နှစ်ယောက် အချိန်တန်၍ ပြန်မရောက်လာသဖြင့် ဘုရင်က စိတ်ပူတော်မူသဖြင့် ဥဒိန်ကျော်ခေါင် တစ္ဆေကို အကြောင်းစုံ သိရအောင် စေလွှတ်လိုက်ရာ အင်းဝနှင့် မုတ္တမခရီးကို နေ့ချင်းပြန်ရောက်လာပြီး အကြောင်းထူး မရှိကြောင်း ပြန်လည်လျှောက်တင်ရာ ဘုရင်က ယုံကြည်တော်မမူပေ။

ထိုအခါ တစ္ဆေက. . .



www.burmeseclassic.com

www.bur,eseclassic.com



"စေလွှတ်သူ ရွှေမ်းနှင့်သေားတို့သည် တောင်ငူမြို့ ခပေါင်းမြစ်ချောင်းထိပ် မန်ကျည်းပင်အောက်၌ ထမင်းချက်စား နေသည်ကို တွေ့မြင်ခဲ့ရကြောင်း၊ ၎င်းတို့သိရှိစေရန် မန်ကျည်း ကိုင်း၊ မန်ကျည်းခက်များကို ချိုးချခဲ့ကြောင်း" လျှောက်တင်လေ သည်။

နောက်တွင် မြင်းသည်တော် သေားနှင့်ရွှေမ်းတို့ ပြန် လည် ရောက်လာပြီး မေးမြန်းသောအခါ တစ္ဆေပြောခဲ့သည့် အတိုင်း ခပေါင်းချောင်းနံဘေး၌ တစ္ဆေခြောက်ခံရပုံကို ပြန် လည် လျှောက်တင်တော့မှ တစ္ဆေကို ယုံကြည်ကြလေသည်။

နောက်တွင် တစ္ဆေက ၎င်းအား အမှုတော် ထမ်းရွက်ရန် ဘွဲ့တံဆိပ်တော် တောင်းခံလေသည်။

ထိုအခါ မင်းတရားကြီးက ကိုယ်ထင်ပြ၍ တောင်းခံရန် အမိန့်တော်ရှိလေရာ တစ္ဆေက. . .

"ကိုယ်ထင်ပြလျှင် ရုပ်သဏ္ဌာန် ဆိုးဝါး၍ ကြောက်ရွံ့ ထိတ်လန့်ဖွယ်ဖြစ်ခြင်းကြောင့် ကိုယ်ထင်ပြရန် မသင့်ပါကြောင်း"

လျှောက်ထားလေသည်။

ထိုအခါမှ မင်းတရားကြီးက တစ္ဆေကို 'ဇဝနယက္ခ ကျော်ခေါင်" ဟူသော ဘွဲ့တော်ကို ရွှေပြားပေါ်မှာ ရေးသား၍ ပေးသနားလေသည်။

ထိုအခါ တစ္ဆေက ဘွဲ့တံဆိပ်တော် ချည်ထားသောကြိုး ကို ဆွဲငင်ယူသွားပြီး ရွှေနန်းတော်၏ လေသာဆောင် ထုပ် လျောက်ကြားတွင် ထားသည်ကို မင်းတရားကြီးနှင့် မှူးမတ်များ





က တွေ့မြင်ကြရလေသည်။

ဘုတ်၊ တစ္ဆေတို့သည် လူနှင့် နီးကပ်စွာ နေရသည့်အခါ လူကဲ့သို့ပင် ပြုမူတတ်ကြောင်း သာဓကများစွာ ရှိလေသည်။

မဟာဝင်ကျမ်းထဲ၌ ပါတလိပုတ်ပြည့်ရှင် ဘုရင်စန္ဒဂုတ္တ မင်းကြီးသည် နန်းစံသက်(၂၄)နှစ် ရောက်သောအခါ နာမကျန်း ပြင်းစွာဖြစ်ပြီးမှ ကောက်ကာငင်ကာနှင့် အကောင်းပကတိအ တိုင်း ပြန်ဖြစ်လာကာ နန်းစံမြဲ ဆက်စံလေသည်။

သို့သော် ၎င်း၏အမူအရာမှာ ခါတိုင်းကဲ့သို့ မဟုတ် တော့ဘဲ ရုန့်ရင်းကြမ်းတမ်းသော ဘီလူးတစ်ကောင်နှင့်သဏ္ဌာန် တူလာလေရာ သားတော်နှင့်တကွ မှူးမတ်သေနာပတိတို့က ကောင်းစွာရိပ်မိကြလေသည်။

ပညာရှိ ပရောဟိတ်တို့က မင်းကြီး အမှတ်တမဲ့ အနိစ္စ ရောက်သည့်အချိန်တွင် ဘီလူး၊ တစ္ဆေတို့ ဝင်ရောက်ပူးကပ်ကာ မင်းကြီး အယောင်ဆောင်နေသည်ကို ရိပ်မိကြသောကြောင့် သားတော် ဗိန္ဒုသာရမင်းသားအား လျှောက်ထားကြလေသည်။

ထိုအခါ သားတော်က သေချာစွာ လေ့လာစစ်ကြော၍ ဟုတ်မှန်သည်ကို တွေ့သောအခါ မင်းချင်းနှစ်ယောက်ကို ခါးလု ဟန်ပြု၍ မင်းကြီးအနီးသို့ ရောက်သောအခါမှ ခုတ်ပိုင်းကာ သတ်ဖြတ်ကြရလေသည်။

ကျွန်ုပ်သည် တစ္ဆေမှတ်တမ်းများကို ဖတ်ရှုရသောအခါ အံ့သြခြင်း၊ သနားခြင်းများ ဖြစ်မိလေသည်။

ထိုသို့ရှိနေစဉ် ကျွန်ုပ်ရှိရာသို့ နယ်ဘက်မှ မိတ်ဆွေကောင်း



www.burmeseclassic.com

www.bur,eseclassic.com



ဆွေဟောင်းတစ်ဦးဖြစ်သူ ဦးဘသိန်းတင်ဆိုသူ ရောက်လာလေတော့သည်။

ရင်းသည် ဖျာပုံခရိုင်အတွင်းရှိ ကျုံကဒွန်းဆိုသောရွာ၌နေထိုင်သူဖြစ်ကာ လယ်ယာလုပ်ငန်းလုပ်ကာ အသက်မွေးဝမ်းကျောင်းပြုသူတစ်ဦးဖြစ်သည်။

လွန်ခဲ့သောနှစ်အနည်းငယ်အတွင်းက ကျွန်ုပ်သည် ဒေသန္တရ ဗဟုသုတ အလို့ငှာ အနယ်နယ်အရပ်ရပ်သို့ ခရီးထွက်ခဲ့ရာတွင် ကျုံကဒွန်းသို့ ရောက်ခဲ့ရာမှ ဦးဘသိန်းတင်နှင့် မိတ်ဆွေဖြစ်ခဲ့ရပေသည်။

ဦးဘသိန်းတင်မှာ ကျေးလက်တောရွာ၌နေသူ တစ်ယောက်ဖြစ်သော်လည်း စာပေနှင့် ဗဟုသုတ လိုက်စားခြင်းကိုများစွာဝါသနာပါသူတစ်ယောက်ဖြစ်လေရာ ကျွန်ုပ်ရောက်သွားသည်နှင့် ၎င်း၏အလုပ်များကို တပည့်လက်သားများနှင့် လွှဲအပ်ကာ ကျွန်ုပ်အတွက် လိုအပ်သည့် အကူအညီများကို မညည်းမညူ လိုက်လံဆောင်ရွက်ပေးရှာလေသည်။

ကျွန်ုပ်သည် ကျုံကဒွန်းဘက်ရှိ ထူးခြားဆန်းကြယ်သောနေရာအတော်များများကို သွားရောက်လေ့လာခဲ့ရာ ၎င်းကနယ်ခံတစ်ဦးအနေနှင့် နောက်မှလိုက်ကာ အကူအညီပေးခဲ့သူဖြစ်သည်။

(ထိုအချိန်က ကျုံကဒွန်းဘက်မှ ရွာတစ်ရွာတွင် လက်ညှိုးဖြင့် ထောက်ကာ ဆေးကုသပေးသည့် ဆေးဆရာ ကိုသံဒုတ်ဆိုသူအကြောင်းကိုပင် လေ့လာခဲ့ရပေသည်။)





ကျွန်ုပ်သည် ဦးဘသိန်းတင် ရောက်လာသောကြောင့် အိမ်ရှင်တို့၏ဝတ္တရားအတိုင်း ဝမ်းသာအားရ ဆီးကြို၍ လာရင်းကိစ္စကို မေးမြန်းရလေသည်။

"ဦးဘသိန်းတင် အခုလိုပြန်တွေ့ရတာ ဝမ်းသာပါတယ်၊ ဘာများ အကူအညီပေးရမလဲဗျ"

ဦးဘသိန်းတင်သည် ၎င်းလွယ်လာသော လွယ်အိတ်ကြီးနှင့် ထီးကောက်ကြီးကို ချကာ နဖူးမှ ချွေးများကို မျက်နှာသုတ်ပဝါဖြင့် သုတ်ရင်း. . .

"ကိစ္စကတော့ အထွေအထူး မရှိလှပါဘူး ဆရာရယ်၊ ဘုရားလည်း ဖူးရင်း၊ ဆရာနဲ့လည်း တွေ့ရအောင် လာခဲ့တာဆိုပါတော့"

ဟု ပြောလေသည်။

"ကဲ. . . ဒီလိုဆိုရင်လည်း ကျွန်တော့်အိမ်မှာပဲ လွတ်လွတ်လပ်လပ် တည်းခိုနေထိုင်ပါ။ စားရေးသောက်ရေးကအစ တာဝန်ယူပါရစေ"

"ဒီလောက်ကြီးဆိုတော့လည်း အားနာစရာပေါ့ ဆရာရယ်"

"မိတ်ဆွေရင်းတွေပဲ. . . ဘာမှ အားနာစရာ မရှိပါဘူး၊ ကျွန်တော့်တုန်းကလည်း ဒီလိုပဲ အကူအညီ ပေးခဲ့တာပဲ မဟုတ်လား၊ နောက်ပြီး ရန်ကုန်မြို့ထဲမှာ ရှိတဲ့ဘုရားတွေကိုလည်း နှံ့အောင် ပို့ပေးပါ့မယ်"

ဟု အိမ်ရှင်တို့ ဝတ္တရားအတိုင်း ပြောလိုက်ရာ ဦးဘသိန်း



www.burmeseclassic.com

www.bur,eseclassic.com



တင်မှာ ဝမ်းသာကျေနပ်သော အမူအရာများ ပေါ်လွင်သွားလေသည်။

"ဒီလို ဆရာရဲ့၊ ကျုပ် အခုလာတာ ဘုရားဖူးရုံသက်သက် လာတာမဟုတ်ဘူး၊ ဆရာ့ကို ပြောစရာလေးတွေ ရှိလို့ တမင်ရောက်အောင် လာခဲ့တာပါ"

"ဘာအကြောင်းများပါလိမ့်"

"တခြားတော့ မဟုတ်ပါဘူး၊ ဟိုးနှစ်ပေါင်းများစွာလောက်က ကျုပ်တို့နယ်ဘက်မှာ မလုပ်ကောင်းတဲ့လယ်ကြီးအကြောင်းကို ဆရာကြားဖူးသလား"

ဟု မေးလေသည်။

"လူကြီးသူမတွေပြောသံတော့ ကြားဖူးပါရဲ့၊ ဒါပေမယ့် သေသေချာချာတော့ မသိရသေးပါဘူး"

"ကျုပ် အခုလာတာ အဲဒီအကြောင်းကို ပြောချင်လို့ လာခဲ့တာ ဆရာရဲ့၊ အဲဒီကျုံပျော်ရွာဘက်မှာ ရှိတဲ့ မလုပ်ကောင်းတဲ့လယ်ကြီးဆိုတာ အဲဒီခေတ်အခါကဆိုရင် ဟိုးလေးတကြော်ကြော်နဲ့ အတော့်ကို နာမည်ကြီးခဲ့တာပေါ့၊ ပြောရရင်တော့ အဲဒီအကြောင်းကလည်း ရှေးလူကြီးတွေ တစ်ဆင့်စကား တစ်ဆင့်ပြောသံသာ ကြားဖူးခဲ့တာ၊ ကျုပ်တို့တစ်တွေလည်း သေသေချာချာ သိခဲ့ကြတာ မဟုတ်ဘူး၊ တလောကမှ ကျုံကဒွန်းဘက်မှာရှိတဲ့ ရွာကျောင်းတစ်ကျောင်းကို ပြုပြင်ကြတဲ့အခါကျမှ ကျက်သရေခန်းမဆောင်ထဲမှာ သိမ်းထားတဲ့ ပေစာထပ်တွေကို တွေ့ရတော့မှ အကြောင်းစုံ သိကြရတော့တာပဲ"





"ဒါထက် အဲဒီပေစာတွေက ဘယ်သူရေးထားခဲ့တာလဲ"

"ရှေးက ကျောင်းထိုင်သွားတဲ့ ဆရာကြီးက စာပေရေးသားတာ ဝါသနာပါလေတော့ အဲဒီမလုပ်ကောင်းတဲ့လယ်ကြီးအကြောင်းကို ပေချပ်တွေပေါ်မှာ အသေအချာ ရေးသားထားခဲ့တာပဲ၊ အဲဒါ ကျုပ်တို့လည်း တောမှာဆိုတော့ အဲဒီပေချပ်တွေကသိပ်ပြီးအသုံးမတည့်ကြလေတော့ ဆရာ့ဆီကို တကူးတက လာပို့ပေးတာပါပဲ"

ဟု ပြောဆိုကာ ဝင်းလွယ်အိတ်ကြီးအတွင်းမှ ဆီစိမ်စက္ကူများဖြင့် ပတ်ထားသော အထုပ်တစ်ထုပ်ကို ထုတ်၍ ကျွန်ုပ်အား ပေးလေသည်။

ကျွန်ုပ်အဖို့မှာတော့ ပေစာထုပ်ကို ဖြေမကြည့်ရခင်ကတည်းက စိတ်ထဲမှာ ဝမ်းသာပျော်ရွှင်နေမိသည်။

စာရေးဆရာတစ်ယောက်အတွက် စိတ်ဝင်စားဖွယ်ကောင်းသော ကုန်ကြမ်းတစ်ခု ရရှိခြင်းမှာ ရွှေငွေကျောက်မျက်ရတနာ ရသည်ထက် ပိုမိုသဘောကျစရာ ဖြစ်လေသည်။

"အခုလို တကူးတက လာပို့ပေးတာ ကျေးဇူးတင်ပါတယ် ဦးဘသိန်းတင်ရယ်"

"ကျုပ်ကို ကျေးဇူးတင်ဖို့ မလိုပါဘူး ဆရာရယ်၊ ဒီအကြောင်းကို ဆရာစာရေးလိုက်လို့ ကျုပ်တို့နယ်ဘက်က အကြောင်းကို အခြားနေရာကလူတွေ သိသွားရင်တောင် ကျုပ်တို့က သဘောကျဝမ်းသာရမှာပါ"

ထို့နောက်. . .



www.burmeseclassic.com

www.bur,eseclassic.com



ကျွန်ုပ်သည် ဦးဘသိန်းတင်အား ငှင်းသွားလိုသော ရန်ကုန်မြို့ပေါ်ရှိ ဘုရားများကို လိုက်လံပို့ဆောင်ပေးလေသည်။ အောင်ချမ်းသာဘုရား၊ ကျိုက္ကလို့၊ ကျိုက္ကလဲ့ဘုရား၊ နာဂလိုဏ်ဂူဘုရား၊ ကမ္ဘာအေးစေဆီ၊ ကျိုက္ကဆံစေတီ၊ ရွှေတိဂုံစေတီတော်၊ ဗိုလ်တထောင်စေတီတော်၊ မယ်လမုဘုရားနှင့် ဆူးလေစေတီတော်၊ သန်လျင်ကျိုက်ခေါက် စေတီတော်ပါမကျန် မော်တော်ကားဖြင့် လိုက်လံပို့ဆောင်ပေးလေသည်။

နှစ်ရက်သုံးရက် နေထိုင်ပြီး ဦးဘသိန်းတင် ပြန်သွားသောအခါမှ ငှင်းပေးထားခဲ့သည့် ပေစာထုပ်ကြီးအား ဖြေကြည့်ရလေသည်။

ပေစာများမှာ ရေနံချေးစိမ်၍ ဖယောင်းတိုက်ထားသောကြောင့် ပြောင်ချောလျက် ရှိနေသည်။

ပေရွက်များမှာ အတော်များပြီး ပေရွက်များပေါ်တွင် ကညစ်ဖြင့် ရေးထားသောစာများကို တွေ့ရလေသည်။ လက်ရေးမှာ ရေးလူကြီးများ ရေးလေ့ရှိသော လက်ရေးများဖြစ်သည်။

ကျွန်ုပ်သည် တပည့်ဖြစ်သူ မောင်တိုးအောင် စီစဉ်ပေးသော လက်ဖက်ရည်ကြမ်းခါးခါး၊ လင်ကွန်းတံဆိပ် ဆေးမှုန့်ဘူးနှင့် ဆေးတံကို အကျအနပြင်ဆင်ကာ ပေရွက်များအား တစ်ရွက်ပြီးတစ်ရွက် ဖတ်ကြည့်လေသည်။

ထိုသို့ဖတ်ကြည့်သောအခါ နာမ်လောကနှင့် ပတ်သက်သည့် အံ့သြဖွယ်ရာများစွာတို့ကို တွေ့ရသည်။

ထိုပေစာထဲမှာ ရေးသားထားသည့် အကြောင်းအရာ





များမှာ ဝိညာဉ်လောက၊ ပရလောကကို မယုံကြည်သူများပင် အံ့သြလောက်သည့်အကြောင်းများ ဖြစ်ပေသည်။

သို့ကြောင့် ကျွန်ုပ်သည် ထိုအကြောင်းအရာများကို ဝတ္ထုအနေနှင့် ဖတ်ချင်စဖွယ် ဖြစ်စေရန် စီစဉ်ရေးသားလိုက်ရပေသည်။



www.burmeseclassic.com

www.bur,eseclassic.com





# အခန်း(၂)

# ပရလောကသားတို့၏အကူအညီပေးမှု

မင်းဘူးမြို့၏အနောက်တောင်ဘက်ယွန်းယွန်းတွင် နေထိုင်ကြသော ကိုဘရှိန်၊ ဒေါ်ကျင်မေတို့မှာ အိမ်ထောင်ရက်သားကျပြီး သားတစ်ယောက်ရသည့်တိုင် စီးပွားရေးမှာ ချောင်လည်မှု မရှိကြပေ။

မိဘများထံမှ အမွေဆက်ခံခွင့်ရသော လယ်ယာတစ်ကွက် ရှိသော်လည်း ထိုလယ်ကို လုပ်ရုံမျှနှင့် စားလောက်ရုံသာ ရပြီး ပိုပိုလျှံလျှံဟူ၍ မရကြပေ။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.bur,eseclassic.com



ကိုဘရှိန်မှာ ဘာသာတရားကို ယုံကြည်လေးစားပြီး ရိုးသားအေးဆေးသူတစ်ယောက် ဖြစ်သောကြောင့် အခြားစီးပွားရေးလည်း မလုပ်တတ်သောကြောင့် အမွေရထားသော လယ်ကွက်ကလေးနှင့်ပင် လုပ်ကိုင်စားသောက်နေရလေသည်။ တစ်နေ့တော့ ဒေါ်ကျင်မေက ပြောသည်။

"ကိုဘရှိန် ကျုပ်တို့သားလေးကလည်း အရွယ်ကလေးကလည်းရလာပြီ၊ သူ့ကို ရှင်ပြုပေးဖို့ကလည်း ရှိသေးတယ်၊ ငွေပိုငွေလျှံလေးရအောင်တော့ လုပ်ဦးမှဖြစ်မယ်"

"တို့မှာ တခြားအလုပ် လုပ်ဖို့ အရင်းအနှီးကလည်း မရှိ၊ ငါကလည်း တခြားအလုပ် လုပ်တတ်တာ မဟုတ်တော့ ဘယ်လိုလုပ်မလဲ မကျင်ရယ်"

"ကျုပ်တို့ စားဖို့အတွက်ကတော့ အရေးမကြီးပါဘူး၊ ကျုပ်ကလည်း ဖြစ်သလို နေနိုင်ပါတယ်၊ ဒါပေမယ့် ကျုပ်တို့မှာက သားတစ်ယောက်တည်း ရှိတာဆိုတော့ သူ့ကို ရှင်ပြုပေးဖို့ကတော့ ကြိုးစားဦးမှ ဖြစ်မယ်"

"အေးပါကွာ. . ငါလည်း တစ်နေ့တစ်နေ့ ဒီအကြောင်းကိုပဲ စိတ်ကူးနေတာပါပဲ၊ တစ်နေ့တော့ တို့ရဲ့အကြံအစည်တွေ အောင်မြင်လာမှာပါ"

ကိုဘရှိန်က ထိုသို့ပြောပြီး သားဖြစ်သူ နီမောင်ကို သင်္ကန်းစည်းပေးနိုင်ရန် အမျိုးမျိုး ကြံစည်စိတ်ကူးနေလေသည်။ သူတို့နေသောတဲ၏အရှေ့ဘက် လယ်စပ်၌ ညောင်ပင်ကြီးတစ်ပင် ရှိသည်။





လူကြီးများက လယ်ကွက်များထဲမှ အပင်များကို လောင်းရိပ်မိသဖြင့် ခုတ်ပစ်ရန် ပြောသော်လည်း ကိုဘရှိန်က မခုတ်ဘဲ ထားခဲ့လေသည်။

သူသည် အလုပ်အားသည်နှင့် ထိုအပင်အောက်သို့ သွားကာ အမှိုက်ရှင်းခြင်း၊ ညအခါများတွင် ဆီမီးတိုင်၊ အမွှေးတိုင်များ ထွန်းပေးခြင်းအပြင် အချိန်ရသည်နှင့် မေတ္တာသုတ်နှင့် ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖတ်နေလေ့ ရှိသည်။

ထိုသို့ရွတ်ဆိုပြီးနောက် အမျှအတန်းများ ဝေပြီးမှ တဲသို့ ပြန်လာလေ့ရှိသည်။

တစ်နေ့တော့ ညောင်ပင်ကြီးအောက်မှာ ဆီမီးတိုင် အမွှေးတိုင်များ ထွန်းနေစဉ် အရပ်ထောင်ထောင်မောင်းမောင်းနှင့် သျှောင်တစောင်း ထုံးထားသော လူကြီးတစ်ယောက် ညောင်ပင်အောက်သို့ ဝင်လာလေသည်။

ကိုဘရှိန်က မိမိတို့ရွာထဲမှ လူများလားဟု ကြည့်လိုက်တော့ တစ်ကြိမ်တစ်ခါမှ မမြင်ဖူးသော မျက်နှာစိမ်း ဧည့်သည်တစ်ယောက်မှန်း သိရလေသည်။

"အဘ,က ဘယ်ရွာက လာတာလဲ"

"ကျုပ်က ဒီနားတစ်ဝိုက်မှာပဲ နေတာပါပဲ"

"ဒီနားတစ်ဝိုက်မှာ နေတယ်. . ဟုတ်လား၊ ကျွန်တော်လည်း ဒီနယ်မှာမွေး ဒီနယ်မှာကြီးခဲ့တာပါပဲ၊ အဘကို အခုမှ မြင်ဖူးတော့တယ်၊ ဧကန္တ တစ်ရပ်တစ်ကျေးက ပြောင်းလာတဲ့ ဧည့်သည်မှတ်တယ်"



www.burmeseclassic.com

www.bur,eseclassic.com



"မဟုတ်ပါဘူး. . . ကျုပ်က ဒီနားတစ်ဝိုက်မှာ နေတာ နှစ်အတော်ကြာပါပြီ"

"ဟင်. . . ဘယ်နေရာမှာ နေတာလဲဟင်"

"ဒီညောင်ပင်ကြီးမှာ နေလာခဲ့တာ နှစ်ကို နှစ်ရာသုံးရာ ကျော်လောက် ရှိရော့မယ်"

"ဟင်. . ."

ထိုစကားကြားသောအခါ ကိုဘရှိန်မှာ ခေါင်းနားပန်းကြီးသွားမိလေသည်။

တစ်ဆက်တည်း အဘိုးအို၏မျက်နှာကို မကြည့်ဝံ့ကြည့်ဝံ့ ကြည့်လိုက်တော့ ဆီမီးရောင်ဖြင့် ကောင်းစွာမြင်နေရသည့် အဘိုးအို၏မျက်နှာသွင်ပြင်မှာ သာမန်ထက်တော့ ထူးခြားမှု မတွေ့ရတော့မှ အနည်းငယ် စိတ်သက်သာရာ ရသွားလေသည်။

"အခု ကျွန်တော့်ဆီကို ဘာကိစ္စနဲ့ လာတာလဲဟင်"

ဟု တုန်ယင်နေသောအသံကို ထိန်း၍မေးလိုက်သည်။

"မောင့်ကို ပြောစရာရှိလို့ လာခဲ့တာပါ"

"ဘာပြောမှာလဲ အဘ"

"ဒီလိုပါ. . . ညောင်ပင်ရဲ့အောက်မှာ အမှိုက်ရှင်းပေးတာ၊ ဆီမီးအမွှေးနံ့သာတွေ ထွန်းပေးတာကို သဘောကျပါတယ်၊ ကျေးဇူးလည်း တင်ပါတယ်၊ ဒါပေမယ့် ပဋ္ဌာန်းရွတ်တဲ့ ဒဏ်ကိုတော့ မခံနိုင်လို့ လာပြောတာပါ"

"ဟင်. . ဒါဖြင့် နောက်ကို ဒီသစ်ပင်အောက်မှာ ပဋ္ဌာန်း





မရွတ်ရတော့ဘူးပေါ့၊ ဟုတ်လား အဘ"

"ဒီလိုတော့လည်း မဟုတ်ပါဘူး၊ ရွတ်တာတော့ ရွတ်ပါ၊ ဒါပေမယ့် ပဋ္ဌာန်းဒေသနာတော် မရွတ်ခင်မှာ ရှေ့က မေတ္တာသုတ် ပရိတ်တော်လေးတော့ ခံပြီးရွတ်ပေးပါ"

"အဲဒါ. . ဘာကြောင့်လဲ အဘ"

"ပဋ္ဌာန်းဒေသနာတော်ရဲ့တန်ခိုးကို ပရလောကသားတွေက မခံနိုင်ကြဘူး၊ တချို့နတ်ကြီးတွေတောင်မှ ပဋ္ဌာန်းရွတ်သံကြားရင် အဝေးမှာ သွားနေကြရတယ်၊ ပြီးမှ ကိုယ့်နေရာကိုယ် ပြန်လာဝံ့ကြတယ်"

ထိုစကားကြားသောအခါ ကိုဘရှိန်မှာ တအံ့တသြ ဖြစ်နေမိလေသည်။

"နတ်ကြီးတွေတောင်မှ ပဋ္ဌာန်းဒေသနာတော်ရဲ့တန်ခိုးကို မခံနိုင်တော့ဘူးဆိုမှတော့ ကျန်တဲ့ ဖုတ်၊ ပြိတ္တာ၊ တစ္ဆေ၊ သရဲ၊ ကျတ်၊ မှင်စာ၊ နတ်ဆိုး၊ ဥစ္စာစောင့်တွေဆိုရင် အသံကြားတာနဲ့ အဝေးကို လွင့်စင်ထွက်သွားကြတယ်ကွယ့်"

"အဲဒါ ဘာကြောင့်ဖြစ်တာလဲ အဘ"

"တရားဒေသနာတော်တွေရဲ့ဂုဏ်ကျေးဇူးဟာ တန်ခိုးအနန္တရှိလေတော့ သာမန်ပရလောကသားတွေ မဆိုထားနဲ့၊ ကိုယ့်ရဲ့ကိုယ်မှာ စောင့်နေတဲ့ ကိုယ်စောင့်နတ်(၁၂)ပါးတောင် အချို့နတ်တွေဆိုရင် အနားမှာ မနေနိုင်လို့ ပဋ္ဌာန်းရွတ်နေတဲ့ အချိန်မှာ ဘေးနားမှာ ခွာနေပေးရတယ်"

ထိုစကားကြားသောအခါ ကိုဘရှိန်မှာ မိမိက ပဋ္ဌာန်း



www.burmeseclassic.com

www.bur,eseclassic.com



ဒေသနာတော်ကို ဘယ်လိုရည်ရွယ်ချက်မှ မရှိဘဲ ရွတ်ဆိုခြင်းကြောင့် မမြင်အပ်သော ပရလောကသားတို့ ဒုက္ခဆင်းရဲ ရောက်နေပုံကို သိရသောအခါ များစွာစိတ်မကောင်းဖြစ်မိလေသည်။

"ဒီအကြောင်းတွေကို အခု အဘပြောပြမှပဲ သိရတော့တယ်၊ ကျွန်တော်တို့ကတော့ ဘယ်လိုစေတနာ ရည်ရွယ်ချက်နဲ့မှ အခုလိုလုပ်တာ မဟုတ်ပါဘူး၊ ကိုယ်ရထားတဲ့ ပရိတ်ကလေးတွေ ဂါထာတွေကို အမှတ်မဲ့ ရွတ်နေမိတာပါ၊ အဘတို့ မကြိုက်ရင်လည်း နောက်ကို ဒီသစ်ပင်အောက်မှာ မရွတ်တော့ပါဘူး"

"ဒီလိုလည်း မလုပ်ပါနဲ့၊ ကျုပ်ပြောတဲ့သဘောက ဒီသဘောမျိုး မဟုတ်ပါဘူး၊ တရားဒေသနာ ရွတ်ဖတ်ခြင်းဆိုတာ ကောင်းမြတ်တဲ့အလုပ်ပဲ၊ ဆက်သာလုပ်ပါ၊ ဒါပေမယ့် ပဋ္ဌာန်းဒေသနာတော် ရွတ်တော့မယ်ဆိုရင် မေတ္တာသုတ်ကို အရှေ့ကခံရွတ်ပြီး အားလုံးပြီးတဲ့အခါမှာ မေတ္တာပို့ပြီး အမျှအတန်း ပေးဝေပေးပါ၊ ကျုပ်တို့ကလည်း တတ်နိုင်သမျှ စောင့်ရှောက်ပေးပါ့မယ်"

"ကောင်းပါပြီ"

ထို့နောက်. . .

အဘိုးကြီးက သူ့ကို နှုတ်ဆက်ပြီး အမှောင်ထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားလေတော့သည်။

ကိုဘရှိန်သည် အဘိုးကြီးနှင့် တွေ့ပြီးနောက်တွင် ယခင်ကထက် အားတက်လာပြီး ညောင်ပင်ကြီးတစ်ဝိုက်မှ ချုံနွယ်ပိတ်ပေါင်းများကို ရှင်းလင်းခြင်း၊ အပင်အောက် အတွင်းအပြင်ကို





လည်း သန့်ရှင်းရေးများ ပြုလုပ်ပေးလေသည်။

တစ်ခါတစ်ရံ မိမိအိမ်မှ ကွမ်းယာများ ယာယူသွားပြီး သစ်ပင်ခွကြား၌ တင်ထားပေးခြင်း၊

ရွာထဲ ရောက်သည့်အခါ လက်ဖက်များ ဝယ်ယူလာပြီး တင်ထားပေးခြင်းများ ပြုလုပ်လေသည်။

ထို့ပြင်. . .

အဘိုးကြီး မှာကြားပြီးနောက်ပိုင်းတွင် ဂါထာမန္တန်များနှင့် ပဋ္ဌာန်းဒေသနာတော်ကို ရွတ်ဖတ်သရဇ္ဈာယ်ခါနီးတွင် မေတ္တာသုတ် ပရိတ်တော်ကို ဦးစွာရွတ်ဖတ်လေသည်။ ပြီးမှ ကျန်သည့်ပရိတ်တော်များကို အချိန်ရသရွေ့ ရွတ်ဖတ်လေ့ ရှိသည်။

တစ်ညတော့ အဘိုးကြီး ရောက်လာပြီး ဤသို့မေးသည်။

"မောင့်မှာ ဘယ်လိုအခက်အခဲများ ရှိပါသလဲ၊ ကျုပ်တို့ အကူအညီပေးနိုင်ရင် ပေးပါ့မယ်"

ထိုအခါ ကိုဘရှိန်က နွေလ သီတင်းပေါက်လျှင် မိမိသားလေးကို ရှင်ပြုပေးချင်ကြောင်း ပြောပြလိုက်လေသည်။

ထိုအခါ အဘိုးကြီးက. . .

"ဒီအတွက် စိတ်မပူပါနဲ့၊ ကျုပ်တိုင်ပင်သင့်တဲ့ပုဂ္ဂိုလ်တွေနဲ့ တိုင်ပင်ကြည့်ပြီးရင် ဘယ်လိုလုပ်ရမလဲဆိုတာ ပြောပြပါ့မယ်"

ဟု ပြောဆိုပြီးနောက် ပြန်သွားလေသည်။

ထိုအကြောင်းကို ကိုဘရှိန်က မိန်းမဖြစ်သူ မက[illegible]မေ



www.burmeseclassic.com

www.bur,eseclassic.com



အား ပြန်လည်ပြောပြသောအခါ. . .

"ကိုဘရှိန်ရယ်. . . ကြည့်လည်း လုပ်ပါဦးတော်၊ တော်ကြာ နာနာဘာဝတွေက တော့်ကို တစ်ခါတည်း ခေါ်သွားတော့မှ ကိုယ်ကျိုးနည်းနေပါဦးမယ်"

ဟု စိုးရိမ်စွာ သတိပေးရှာလေသည်။

သို့စေကာမူ ကိုဘရှိန်ကတော့ ကြောက်ရွံ့မှု မရှိလှပေ။

"မစိုးရိမ်ပါနဲ့ကွာ. . . ကိုယ်က ကောင်းတာလုပ်တာပဲ၊ မကောင်းတာနဲ့တော့ ကြုံမယ်မထင်ပါဘူး၊ နောက်ပြီး ငါသိရသလောက်ကတော့ ပရလောကသားတွေဟာ ဘဝကံအကျိုးပေးကြောင့် ရုပ်ဆင်းအင်္ဂါတွေ ချို့ယွင်းနေကြပေမယ့် သူတို့ဘဝတွေကတော့ သနားဖို့ကောင်းပါတယ်"

"ဘယ်လို သနားဖို့ကောင်းတာလဲတော်. . . ပြောပါဦး"

"ဖုတ်၊ ပြိတ္တာ၊ ကျတ်၊ တစ္ဆေ၊ သရဲ၊ ဥစ္စာစောင့် စတဲ့ ပရလောကသားတွေဟာ အတိတ်ဘဝက ကုသိုလ်ကံ အကျိုးပေးကြောင့် သူတို့ရဲ့ဗဟိဒ္ဓိ ကိုယ်ခန္ဓာတွေဟာ တင့်တယ်မှု မရှိကြဘူး၊ ဒါကြောင့်လည်း လူတွေဟာ သူတို့ကို မြင်လိုက်တာနဲ့ ထိတ်လန့်ကြောက်ရွံ့ကြရတာပဲ"

"သူတို့မှာ တန်ခိုးရှိတယ် မဟုတ်ဘူးလား ကိုဘရှိန်ရဲ့"

"ပရလောကသားတွေဟာ ကမ္မဇိဒ္ဓိ တန်ခိုးရှိကြတယ်ဆိုပေမယ့် အဲဒီတန်ခိုးက သူတို့ဘဝ ပြောင်းလဲအောင် ဘယ်လိုမှ မတတ်နိုင်ကြဘူး၊ သူတို့ဘဝ တစ်ဆင့်ပြောင်းဖို့ဆိုတာ လူတွေရဲ့ အကူအညီ အထောက်အပံ့ မရဘဲနဲ့ ဘယ်လိုမှ မဖြစ်နိုင်ကြဘူး၊





ဒါကြောင့် လူတွေရဲ့အနားကို နည်းအမျိုးမျိုးနဲ့ ချဉ်းကပ်ကြရတာပဲ"

"အို. . . ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် သူတို့ရဲ့ရုပ်ဆင်းအင်္ဂါက ကြောက်စရာကောင်းတော့ လူတွေက ကြောက်ကြတာပေါ့ရှင်"

"ဒီလောက်လည်း မကြောက်ပါနဲ့ မကျင်ရယ်၊ ဘုရား တရား သံဃာ ရတနာသုံးပါးကိုသာ အသိလေးနဲ့ ဆင်ခြင်ပြီး နေရင် ဘယ်လိုအန္တရာယ်မျိုးမှ မပေးနိုင်ပါဘူး"

"အို. . . ဘာပဲဖြစ်ဖြစ် တော်လည်း သိပ်အတင့်ရဲမနေနဲ့၊ လူ့ရဲ့ကံဆိုတာ သိနိုင်တာ မဟုတ်ဘူး၊ တော်ကြာ ကံနိမ့်နေတဲ့အခါနဲ့ ကြုံကြိုက်ရင် ဒုက္ခရောက်ချင်ရောက်နိုင်တာပဲ၊ အကောင်းဆုံးကတော့ ကင်းအောင်နေနိုင်လေ ကောင်းလေပဲ"

ဟု သတိပေး ပြောကြားလေသည်။

သို့သော်လည်း ကိုဘရှိန်ကတော့ ၎င်း၏ဝတ္တရား မပျက်ခဲ့ပေ။

လယ်ယာအလုပ်များ လုပ်စရာရှိလျှင် လုပ်၍ အခြားအလုပ်ကိစ္စများ မရှိ၍ ညဦးပိုင်း အလုပ်အားသောအချိန်တွင် ညောင်ပင်ကြီးအောက်သို့ သွားကာ မိမိပြုလုပ်နေကျအလုပ်များကို လုပ်ကိုင်ပေးလေသည်။

တစ်ညသ၌ ညောင်ပင်ကြီးအောက်တွင် ဆီမီးတိုင်များ ထွန်းနေစဉ် တွေ့နေကျ အဘိုးကြီး ရောက်လာလေတော့သည်။

"မောင့်ကို ပြောစရာရှိလို့ လာခဲ့တာ"



www.burmeseclassic.com

www.bur,eseclassic.com



"ပြောပါ အဘ"

"မောင့်ကို အကူအညီပေးဖို့ ကျုပ် သက်ဆိုင်ရာပုဂ္ဂိုလ်တွေနဲ့ တွေ့ပြီး ပြောပြတဲ့အခါကျတော့ သူတို့က ဒီလိုပြောတယ်"

"ဘယ်လိုများပါလိမ့်"

"မောင်တို့ ဒီနေရာမှာ ဆက်နေလို့ကတော့ ကြီးပွားတိုးတက်ဖို့အကြောင်း မရှိနိုင်ဘူးတဲ့"

"ဟင်. . . ဒါဖြင့် ဘယ်လိုလုပ်ရမတဲ့လဲ အဘ"

"သူတို့ပြောပုံအရတော့ မောင်တို့ရဲ့သားလေး ပဋ္ဌာန်းဆက်ရှိတဲ့ အရပ်ဒေသကို ရွှေ့ပြောင်းနေထိုင်မှ အကျိုးရှိလိမ့်မယ်၊ ကြီးပွားချမ်းသာလာလိမ့်မယ်လို့ ပြောကြတယ်"

"ကျွန်တော်တို့က ဘယ်အရပ်ကို ပြောင်းနေရမှာလဲ အဘ"

"အောက်ပြည်အောက်ရွာကို ပြောင်းရမယ်၊ အဲဒီမှာ ကလေးနဲ့ ဘဝဟောင်းက တော်စပ်ခဲ့တဲ့ဆွေမျိုးတွေ ရှိသတဲ့၊ အဲဒီအရပ်ကို ပြောင်းရင် မောင်တို့ ကြံစည်စိတ်ကူးထားတာတွေ အားလုံးဖြစ်လာနိုင်လိမ့်မယ်၊ ဒီတော့ သူတို့ပြောတဲ့အတိုင်းသာ ဆောင်ရွက်ပေတော့ ငါ့မြေး"

"ဖြစ်နိုင်မယ် မထင်ပါဘူး အဘရယ်၊ အောက်ပြည်အောက်ရွာမှာ အသိအကျွမ်း မိတ်ဆွေကလည်း မရှိ၊ ဆွေမျိုးသားချင်းကလည်း တစ်ယောက်ကမှ မရှိတော့ ဘယ်သူ့အားကိုးနဲ့ ပြောင်းရပါ့မလဲ"

ကိုဘရှိန်က ညည်းညည်းညူညူ ပြောလိုက်လေသည်။





"ဒီအတွက် ဘာမှစိတ်မပူပါနဲ့၊ အချိန်တန်တော့ သူ့ဟာနဲ့သူ ဖြစ်လာလိမ့်မပေါ့၊ ဒါထက် မောင့်ကို တစ်ခုလောက် မေးပါရစေ"

"ဘာများပါလိမ့်"

"မောင်တို့ ဒီအရပ်မှာ နေကြတာ ကြာပြီဆိုတော့ ဆွေမျိုးသားချင်းတွေတော့ ရှိကြမှာပေါ့"

"ရှိပါတယ် အဘ၊ သူ့ဘက်ကရော ကိုယ့်ဘက်ကရော ရှိကြပါတယ်"

"ဒီလိုဖြင့် မောင်တို့ အခုလို ဆင်းရဲနေတာ လာရောက်ကြည့်ရှုတဲ့လူများရော ရှိကြရဲ့လား"

"မရှိကြပါဘူး အဘရယ်၊ ကျွန်တော်တို့က ဆင်းရဲလွန်းတော့ ချေးရနိုးနိုး ပေးရနိုးနိုးနဲ့ ဘယ်သူကမှ အခေါ်အပြောသိပ်မလုပ်ချင်ကြပါဘူး"

"ဒါက လူ့သဘာဝပဲကိုးကွယ့်၊ သူတို့ကိုလည်း အပြစ်မဆိုသာဘူးပေါ့၊ ပရလောကကျတော့ အဲဒီလို မဟုတ်ဘူး ငါ့မြေးရဲ့၊ ကိုယ့်ပဋ္ဌာန်းဆက် ရှိတဲ့လူကို ကူညီရတော့မယ်ဆိုရင် ဘယ်နေရာရောက်ရောက်၊ ဘယ်လိုဘဝ ရောက်ရောက် အကူအညီပေးကြရလေ့ရှိတယ်၊

ဒါကြောင့် ငါ့မြေးတို့ စိတ်ကူးမလွဲကြနဲ့၊ အကျိုးမရှိတဲ့နေရာမှာ ဆက်နေတာနဲ့စာရင် အကျိုးရှိမယ့်နေရာကိုသာ ပြောင်းဖို့ စိတ်ကူးကြပေတော့၊ ဒါမှ မင်းတို့သားလေးကို ရှင်ပြုလို့ရမယ်"



www.burmeseclassic.com

www.bur,eseclassic.com



"အခုလို လာပြောတာ ကျေးဇူးတင်ပါတယ် အဘရယ်"

"တကယ်လို့ မင်းတို့ရည်ရွယ်ချက်အတိုင်း သားကို ရှင်ပြုပေးရင်သာ အဘကို အမျှအတန်း ပေးဝေကြပါ"

ဟု ပြောဆိုကာ အမှောင်ရိပ်ထဲသို့ ပြန်သွားလေတော့သည်။ ကိုဘရှိန်တစ်ယောက်မှာသာ နေရာ၌ရပ်ကာ စဉ်းစားတွေးတောရင်း ကျန်ခဲ့တော့လေသည်။





# အခန်း(၃)

## ဘဝပေါင်းမှ အဆက်အနွယ်များ

တကယ်ဆိုမူ ကိုဘရှိန်အဖို့ ပရလောကသား တစ်ယောက်က ပြောသဖြင့် နေရာပြောင်းရွှေ့ရမည့်ကိစ္စမှာ လွယ်ကူသောအရာတော့ မဟုတ်ပေ။

သူတို့မှာ စီးပွားဥစ္စာကလည်း မပြည့်စုံ၊ အကူအညီပေးမည့်သူကလည်း မရှိသောကြောင့် တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းရန်ကိစ္စမှာ အိပ်မက်တစ်ခုလိုသာ ဖြစ်နေတော့သည်။

သို့သော်လည်း အောက်ပြည်အောက်ရွာသို့ ရွှေ့ပြောင်း



www.burmeseclassic.com

www.bur,eseclassic.com



ရန်အကြောင်းက ပေါ်လာလေတော့သည်။

ထိုနှစ်က စိုက်ပျိုးထားသော စပါးခင်းကို ပိုးကျသဖြင့် လယ်ထွက်စပါးကလည်း ဖြစ်လောက်အောင် မရသည့်အပြင် သားဖြစ်သူ နီမောင်မှာ အဖျားရောဂါဝင်ပြီး နာလန်မထူအောင် ဖြစ်လေတော့သည်။

ရွာထဲမှာ ရှိသော ဗိန္ဓောဆရာများနှင့် ကုသသော်လည်း သက်သာပျောက်ကင်းမှု မရပေ။

ရက်ရှည်လာသောအခါ တစ်ခါတစ်ရံ အပူကြီးပြီး ကယောင်ကတမ်းများ ပြောဆိုရေရွတ်တတ်လေသည်။

ထိုအခါ. . .

"ဟိုမှာ. . ဘီလူးကြီး လာခေါ်နေတယ်၊ ဘီလူးကြီး လာခေါ်နေတယ်"

ဟု ကယောင်ကတမ်း ရေရွတ်ပြောဆိုလေရာ ထိုစကားကြားရသောအခါ မိဘများမှာ စိတ်မချမ်းသာအောင် ဖြစ်ကြရလေသည်။

နီမောင်မှာ အသက်(၁၅)နှစ်အရွယ်ခန့်ရှိပြီး လူပျိုပေါက်အရွယ်သို့ပင် ရောက်နေပြီဖြစ်ရာ ကလေးတစ်ယောက်ကဲ့သို့ ကယောင်ကတမ်းနှင့် ရေရွတ်ပြောဆိုခြင်းတော့ မဟုတ်တန်ရာပေ။

"အဖေ. . . ဟိုမှာ ဘီလူးကြီးက ကျွန်တော့်ဆီကို ခဏခဏ လာနေတယ်ဗျ. . . လုပ်ပါဦး"

"အမေ. . . သူက ကျွန်တော့်နား လာထိုင်ပြီး စကား





တွေ လာပြောနေတယ်ဗျ"

ဟု ပြောဆိုလေသည်။

"သူက ဘာတွေ လာပြောနေလို့လဲ သားရယ်"

"သူရှိတဲ့နေရာကို လာနေရင် ဥစ္စာပစ္စည်းတွေ ပေးမယ်လို့ လာလာပြောနေတာဗျ"

ထိုစကားကြားသောအခါ ကိုဘရှိန်ရော၊ မကျင်မေတို့နှစ်ယောက်စလုံးမှာ အံ့ဩသွားကြလေသည်။

"သူ့ဆီ လာနေပါဆိုရအောင် သူက ဘယ်နေရာမှာ နေတာမို့လဲ"

ကိုဘရှိန်က အကဲစမ်းသည့်သဘောဖြင့် မေးလိုက်သည်။

"သူနေတဲ့နေရာတော့ ကျွန်တော်မသိဘူး၊ တောတန်းလေး အစပ်နားမှာ ငုတ်တုတ်ကြီး ထိုင်နေတာကိုပဲ မြင်နေရတယ်"

ထိုသို့ပြောဆိုနေရင်းမှပင် နီမောင်မှာ တစ်နေ့တခြား မသက်သာဘဲ ရှိနေရာ ကြာတော့ စိုးရိမ်ရသည့် အခြေအနေသို့ ရောက်လာလေတော့သည်။

ဤသို့ဖြင့် တစ်နေ့သောအခါ ရွာသားတစ်ယောက်က လာပြောလေသည်။

"ကိုဘရှိန် အခု ရွာထဲမှာ ဆေးဆရာကြီး တစ်ယောက် ရောက်နေတယ်၊ ခင်ဗျားသားရဲ့ရောဂါက မသက်သာလှဘူး၊ သူနဲ့ ခေါ်ပြီးပြကြည့်ပါလား"



www.burmeseclassic.com

www.bur,eseclassic.com



"သူက ဘယ်သူ့အိမ်မှာ တည်းတာတဲ့လဲ"

"သူကြီးဦးဘမှန်အိမ်မှာ တည်းတယ်လို့ ပြောသံကြားတယ်"

သို့ကြောင့်. . .

ကိုဘရှိန်လည်း ရွာထဲမှ သူကြီးအိမ်သို့ လာရာ အခန့်သင့်ပင် ဆေးဆရာကြီးနှင့် တွေ့ရလေသည်။

ဆေးဆရာကြီး၏အမည်မှာ ဦးဗန်ကောင်း ဖြစ်ပြီး အသက်ငါးဆယ်ကျော်အရွယ်ခန့် ရှိလေသည်။

ကိုဘရှိန်ကို မြင်သောအခါ. . .

"ဆေးဆရာ လာပင့်တယ် မှတ်တယ်"

ဟု ဆီးမေးလေသည်။

"ဟုတ်ပါတယ် ဆရာကြီး"

"ကိုင်း. . . ဒါဖြင့် ပြန်နှင့်ပေတော့၊ အိမ်ပြန်ရောက်တဲ့အခါ လက်ဖက်တစ်ပွဲ၊ ကြက်ကြော်တစ်ပွဲ၊ ထမင်းတစ်ပန်းကန်ကို ပြင်ထားပေးပါ၊ ခင်ဗျားသားအတွက် စိတ်မပူပါနဲ့"

"ဗျာ. . . ကျွန်တော့်သား နေမကောင်း ဖြစ်နေတာ ဆရာကြီးက သိတယ် ဟုတ်လား"

"ကျုပ်ကတော့ မသိပါဘူး၊ ခင်ဗျားနောက်က ပါလာတဲ့ အဖော်က အကြောင်းစုံ ပြောပြလို့ သိရတာပါ"

ထိုစကားကြောင့် ကိုဘရှိန်က မိမိနှင့်အတူပါလာသော ရွာသားကို တစ်ချက်လှမ်းကြည့်လိုက်သည်။

ထိုရွာသားကလည်း သူ ဘာမှ မပြောရသေးသော





ကြောင့် တအံ့တသြ ဖြစ်နေလေသည်။

သို့သော်လည်း ဘာမှ ထွေထွေထူးထူး ထပ်မမေးတော့ဘဲ အိမ်ကို ပြန်လာကာ ဆရာကြီး မှာလိုက်သည့်အတိုင်း လက်ဖက်ပွဲနှင့် ထမင်း၊ ကြက်ကြော်တို့ကို အဆင်သင့် ပြင်ဆင်ထားလိုက်လေသည်။

ညနေပိုင်းအချိန် ရောက်သောအခါ ဆရာကြီး ဦးဗန်ကောင်း ရောက်လာပြီး နီမောင်ကို စမ်းသပ်ကြည့်ရှုလေသည်။

"ဖျားတာကတော့ ရာသီဥတုကြောင့် ရိုးရိုးဖျားတာပါပဲ၊ ဒါပေမယ့် သူကယောင်ကတမ်းတွေများ ပြောသေးသလား"

ဟု မေးသည်။

"ပြော. . . ပြောပါတယ် ဆရာကြီး"

"ဘာတွေပြောသလဲ"

"ဘီလူးကြီးတစ်ကောင်က သူ့ကို လာခေါ်နေတယ်လို့ ပြောပါတယ်"

"အဲဒါက တခြားတော့ မဟုတ်ပါဘူး၊ သူနဲ့ ဘဝဆက် ပဋ္ဌာန်းဆက် ရှိတဲ့လူတွေက သူတို့ ရှိတဲ့နေရာကို လာဖို့ ပြောကြတာပါပဲ၊ တခြားရော ဘာတွေ အခြေအနေ ထူးသေးလဲ၊ ကျုပ်ကို ပြောပြပါ"

ဟု မေးသဖြင့် ကိုဘရှိန်က မိမိလယ်စပ်ရှိ ညောင်ပင်ကြီးအောက်၌ အဘိုးကြီးတစ်ယောက်နှင့် တွေ့ရပြီး ထိုအဘိုးကြီး ပြောပြသောအကြောင်းများကို ပြန်ပြောပြလိုက်သည်။

စကားဆုံးသောအခါ ဆရာကြီး ဦးဗန်ကောင်းက. . .



www.burmeseclassic.com

www.bur,eseclassic.com



"ဒီတော့ ခင်ဗျားတို့သဘောကရော ဘယ်လိုဆုံးဖြတ်ထားကြသလဲ"

"ကျွန်တော်တို့ကလည်း ဒီကိစ္စမျိုးတွေကို ဘာမှနားမလည်တော့ ဘယ်လိုလုပ်ရမှန်း မသိအောင်ပါပဲ ဆရာကြီးရယ်"

ထိုစကား ကြားသောအခါ ဆရာကြီး ဦးဗန်ကောင်းက ကြေးကွမ်းအစ်ကို ဖွင့်ကာ ကွမ်းတစ်ယာ ယာစားနေရင်း စဉ်းစားနေလေသည်။

အတန်ကြာတော့မှ. . .

"ဒီကိစ္စမျိုးတွေဆိုတာ အတော်ကလေး ဆန်းကြယ်တဲ့ကိစ္စတွေပဲဗျ၊ မြတ်စွာဘုရား ဒေသနာတော်တွေထဲမှာ ပါတဲ့အတိုင်း လူဖြစ်ဖြစ် တိရစ္ဆာန်ဖြစ်ဖြစ် သုံးဆယ့်တစ်ဘုံမှာ ကျင်လည်နေကြတဲ့ သတ္တဝါတွေမှန်သမျှ ဆွေမျိုးတော်စပ်ခဲ့တဲ့သူဆိုတာဟာ အများကြီး ရှိခဲ့ဖူးတယ်၊ သာမန်လူတွေက မသိနိုင်ပေမယ့် ကမ္မဇိဒ္ဓိ ရှိတဲ့ ပရလောကသားတွေကတော့ ဘဝဆက်က ဆွေမျိုးတွေကို မှတ်မိလေ့ရှိတယ်၊ သတိရလေ့ရှိကြတယ်၊ ဒါပေမယ့် သူတို့တစ်တွေက ဘဝခြားနေတဲ့အတွက် လူတွေနဲ့တွေ့ဖို့ဆိုတာ မလွယ်ကူတော့ဘူး"

"ဘာကြောင့် ဒီလိုဖြစ်ရတာလဲ ဆရာကြီး"

"ပြောရရင်တော့ ပရလောကကို ရောက်နေတဲ့သူတွေရဲ့ဗဟိဒ္ဓိ ပုံပန်းသဏ္ဌာန်တွေဟာ မတင့်တယ်လေတော့ လူတွေအနေနဲ့ တွေ့မြင်ဖို့ မတင့်တယ်တာတွေလည်း ရှိပါတယ်"

"ကျွန်တော်တို့ ကြားဖူးတာကတော့ ကျတ်တွေ ဥစ္စာ





စောင့်တွေဟာ ချောချောလှလှလေးတွေချည်းပဲလို့ ပြောကြတယ်၊ အဲဒါကရော ဘယ်လို ကွာခြားတာလဲ အဘ"

"ပရလောကသားဆိုရင် ဥစ္စာစောင့်လို ရုက္ခစိုးလို အတန်းအစား မပြောနဲ့၊ အနိမ့်ဆုံး အတန်းအစားမျိုးဖြစ်တဲ့ ဖုတ်၊ ပြိတ္တာ၊ မှင်စာ၊ သရဲ တစ္ဆေတွေမှာတောင် ဖန်ဆင်းနိုင်တဲ့ ကမ္မဇိဒ္ဓိစွမ်းအားတွေ ရှိကြတော့ ပုံသဏ္ဌာန်အမျိုးမျိုး၊ အသွင်သဏ္ဌာန်အမျိုးမျိုး ဖန်ဆင်းနိုင်ကြတာပါ"

ဦးဗန်ကောင်းက စကားပြောရင်း ပါးစပ်ထဲမှ ကွမ်းယာကို ထွေးထုတ်ကာ ရေနွေးကြမ်းဖြင့် အာလုတ်ကျင်းလိုက်လေသည်။

"ဒီလိုဆိုရင် ကျွန်တော့်သားလေးရဲ့အခြေအနေရော ဘယ်လိုရှိပါသလဲ ဆရာကြီးရယ်"

"ဒီကလေးက ဘဝဟောင်းက ပဋ္ဌာန်းဆက် ရှိသူတွေနဲ့ လိပ်ပြာချင်း ဆက်နေတယ်၊ ပြောရရင်တော့ သူ့ကို အကူအညီပေးချင်လို့ အခုလို လုပ်ကြတာပါ၊ ကျုပ်အထင်ပြောရရင်တော့ ဘဝဟောင်းမှာတုန်းက သူတို့ချင်းတွေ ကတိကဝတ် ပြုထားခဲ့ကြတာတွေ ရှိမယ်ထင်ပါတယ်၊ သူတို့ပြောတဲ့အတိုင်း လုပ်လိုက်ရင်တော့ အားလုံးအတွက် အဆင်ပြေမယ် ထင်တယ်"

ဟု ပြောလေသည်။

"ကျွန်တော်တို့က ဘာမှနားမလည်ကြလေတော့ ဆရာကြီးပဲ ကောင်းသလို စီစဉ်ပေးပါ၊ ကျွန်တော့်သားလေး အသက်ချမ်းသာရရင် ကျေနပ်ပါပြီ၊ ဆရာကြီးလက်ကို အပ်ပါတယ်"



www.burmeseclassic.com

www.bur,eseclassic.com



ထို့နောက်တွင် ဆရာကြီး ဦးဇန်ကောင်းက နီမောင်ကို ဆေးတိုက်ပြီး ညဦးပိုင်းအချိန် ရောက်သောအခါ ကိုဘရှိန်နှင့် အတူ လယ်ကွင်းစပ်ရှိ ညောင်ပင်ကြီးအောက်သို့ သွားကာ ဆီမီးနှံ့သာများ ထွန်းညှိပူဇော်၍ လက်ဖက်ပွဲ တင်သည်။

ပြီးလျှင် ကြက်ကြော်နှင့် ထမင်းပွဲကို ယူသွားပြီး လယ်ကွင်းစပ်တွင် ပန်းကန်နှင့် ချထားလေသည်။

ပြီးလျှင် တစ်စုံတစ်ခုကို တိုင်တည်ပြောဆိုနေသည်ကိုလည်း လှမ်းမြင်နေရလေသည်။

ကိုဘရှိန်ကတော့ မလှမ်းမကမ်းနေရာမှသာ ရင်တမမဖြင့် လှမ်းကြည့်နေလေသည်။

ခဏကြာတော့ လရောင်မှုန်ပျပျအောက်မှာ လယ်ကွင်းဘက်မှ လူတစ်ယောက် လျှောက်လာနေသည်ကိုလည်း လှမ်းမြင်ရသည်။

ထိုလူမှာ အသက်သုံးဆယ်ကျော်အရွယ်ခန့်ရှိပြီး အရပ်ထောင်ထောင်မောင်းမောင်းနှင့် သျှောင်တစောင်း ထုံးထားကာ ဖျင်ကြမ်းရင်ဖုံးအင်္ကျီကို ဝတ်ထားလေသည်။

သူသည် ဦးဇန်ကောင်းနှင့် အတန်ကြာအောင် ရပ်၍ စကားပြောနေပြီးနောက် ဦးဇန်ကောင်းက ကြက်ကြော်နှင့် ထမင်းပန်းကန်ကို လှမ်းပေးလိုက်သောအခါ မြိန်ရေယှက်ရေ စားသောက်နေလေသည်။

အတန်ကြာသောအခါ နေရာမှထကာ လာလမ်းအတိုင်း ပြန်သွားလေတော့သည်။





ကိုဘရှိန်မှာ ထိုမြင်ကွင်းကို ကြည့်ကာ တအံ့တသြ ဖြစ်သွားလေသည်။

အတန်ကြာတော့ ဦးဇန်ကောင်းက သူရှိသောနေရာသို့ ပြန်လျှောက်လာသည်။

"ကဲ. . . ကိစ္စတော့ ပြီးသွားပြီ၊ သိချင်တာတွေလည်း သိခဲ့ရပြီ"

ဟု ပြောသည်။

"အခုန ထမင်းလာစားသွားတာ ဘယ်သူလဲ ဆရာကြီး"

"စောစောက လာသွားတာ ခင်ဗျားတို့သားနဲ့ အဆက်အသွယ်ရှိတဲ့ လူတစ်ယောက်ဆိုပါတော့"

"ဟင်. . . စောစောက လာတဲ့လူက ကျွန်တော့်သား နီမောင်နဲ့ အဆက်အသွယ်ရှိတဲ့လူ. . . ဟုတ်လား ဆရာကြီး"

ကိုဘရှိန်က တအံ့တသြ အမူအရာဖြင့် မေးသည်။

ဦးဇန်ကောင်းက ခေါင်းညိတ်ပြသည်။

"သူက ဘယ်ရွာကလဲ၊ သူ့ကို ကျွန်တော်တို့ တစ်ခါမှ မမြင်ဖူးပါလား"

"ခင်ဗျားတို့ကသာ သူ့ကို မသိကြပေမယ့် သူကတော့ ခင်ဗျားသား နီမောင်နဲ့ ပတ်သက်ပြီးတော့ ခင်ဗျားတို့ကို သိနေတယ်ဆိုပါတော့"

"ဟင်. . . သူက ကျွန်တော်တို့ကို သိတယ်"

"ဟုတ်တယ်. . . ခင်ဗျားသား နီမောင် အိပ်မက်ထဲမှာ မကြာခဏ တွေ့နေရတဲ့သူဟာ အဲဒီလူပဲ"



www.burmeseclassic.com

www.bur,eseclassic.com



ထိုစကားကြောင့် ကိုဘရှိန်မှာ မျက်လုံးပြူးကာ အထိတ်တလန့် ဖြစ်သွားလေသည်။

"ဗျာ. . . ဒါဖြင့် စောစောက လာတဲ့လူဟာ. . ဘီ. . ဘီလူးပေါ့. . . ဟုတ်လား"

"ပရလောကဆိုတာ သူတို့လိုချင်တဲ့ ပုံသဏ္ဍာန်အမျိုးမျိုး လုပ်ယူလို့ရတာပဲ၊ ဒါတွေက မဆန်းပါဘူး၊ ကဲ. . . ကဲ. . . အိမ်ထဲ သွားကြရအောင်၊ အိမ်ထဲကျမှ ဒီထက်ဆန်းကြယ်တဲ့ အကြောင်းတွေကို ပြောပြပါ့မယ်"

ဟု ပြောဆိုကာ နှစ်ယောက်သား အိမ်ထဲသို့ ပြန်ဝင်လာကြလေသည်။

အိမ်ထဲရောက်သောအခါ ဦးဗန်ကောင်းက အကြောင်းစုံ ပြောပြလေသည်။

"ခင်ဗျားသား နီမောင်ဟာ လူဝင်စားတစ်ယောက်ပဲ၊ သူ့မှာ ဘဝဟောင်းက ဆွေဆက်မျိုးဆက်တွေ ကျန်နေခဲ့တယ်၊ သူတို့က နီမောင့်ကို စောင့်ရှောက်အကူအညီပေးချင်ကြတယ်၊ ဒါပေမယ့် နယ်မြေခြားနေတော့ ဘယ်လိုမှ အကူအညီ မပေးနိုင်ကြဘူး ဖြစ်နေကြတယ်၊ ဒါကြောင့် သူတို့က နီမောင့်ကို သူတို့ ပိုင်နက်နယ်မြေကို လာစေချင်ကြတယ်"

"သူတို့က တန်ခိုးသိဒ္ဓိ ရှိတာပဲ၊ ဘယ်နေရာမဆို သွားလို့လာလို့ မရဘူးလား"

ဒေါ်ကျင်မေက ဝင်မေးလိုက်ခြင်း ဖြစ်သည်။

"ပရလောကသားတွေမှာ ပိုင်နက်ရှိတယ်၊ စည်းရှိတယ်၊





သူ့ပိုင်နက် ကိုယ့်ပိုင်နက် ကျော်လို့မရကြဘူး၊ တကယ်လို့ ကျော်ချင်ရင်လည်း ပိုင်ရှင်တွေကို ခွင့်တောင်းကြရတယ်၊ ပစ္စည်းဥစ္စာပေးချင်တယ်ဆိုရင်တောင် ပိုင်နက်ကျော်လို့ မရကြဘူး"

"ဒါ. . . ဒါဖြင့် ကျွန်မတို့က ဘယ်. . . ဘယ်နေရာကို ပြောင်းရမှာလဲ ဆရာကြီး"

"အောက်နယ်က အရပ်တစ်ခုပါပဲ၊ အဲဒီနယ်မှာ လူတွေလုပ်လို့မရတဲ့ လယ်ကြီးတစ်ကွက် ရှိတယ်၊ အဲဒီလယ်ကြီးကို လုပ်မိသူတိုင်း ဒုက္ခအမျိုးမျိုးနဲ့ တွေ့ပြီးသေကြရတယ်"

ထိုစကား ကြားသောအခါ ကိုဘရှိန်ရော မကျင်မေပါ နှစ်ယောက်စလုံး ကြောက်ရွံ့သွားကြလေသည်။

"အဲဒီလောက် ဆိုးတဲ့နေရာကြီးကို ကျွန်မတို့ သွားလုပ်တော့ရော အဆင်ပြေပါ့မလား ဆရာကြီးရယ်"

"ဒီအတွက် စိတ်မပူကြပါနဲ့၊ တခြားလူတွေအတွက် အဆင်မပြေပေမယ့် သူတို့နဲ့ အဆက်ရှိတာ တကယ်မှန်တယ်ဆိုရင်တော့ အဆင်ပြေမှာပါ၊ နောက်ပြီး အဲဒီနယ်က ကျုပ်တို့နေတဲ့နယ်ဆိုတော့ တတ်နိုင်သမျှ အကူအညီပေးလို့ရပါတယ်"

ဟု ပြောလေသည်။

ထိုစကားကြားသောအခါ ကိုဘရှိန်ရော မကျင်မေတို့မှာ အဆိုးထဲမှ အကောင်းဆိုသလို အနည်းငယ် စိတ်သက်သာရာ ရကြလေသည်။

"တကယ်လို့ မပြောင်းဘူးဆိုရင် ဘယ်လိုဖြစ်မလဲ ဆရာကြီး"



www.burmeseclassic.com

www.bur,eseclassic.com



မကျောင်မေက အကဲစမ်းသည့်အနေဖြင့် မေးလိုက်လေသည်။

"မပြောင်းဘူးဆိုရင်ကော့ ကလေးရဲ့ကျန်းမာရေးအခြေအနေက သိပ်ကောင်းဖို့ လမ်းမမြင်ဘူး၊ ကြာရင် အသက်အန္တရာယ်ပါ စိုးရိမ်ရတဲ့ အခြေအနေ ရှိတယ်"

"ကျွန်မသားလေး ရှင်တောင် မပြုရသေးတာ ဒီလိုတော့ အဖြစ်မခံနိုင်ပါဘူး ဆရာကြီးရယ်၊ ဒီမှာ နေရတာလည်း ဆင်းရဲတာပါပဲ၊ နောက်တစ်နေရာ ပြောင်းရင်လည်း ဒီထက်တော့ ပိုပြီးဒုက္ခရောက်မယ် မထင်တော့ပါဘူး၊ ဒီတော့ ကျွန်မတို့ ဆရာကြီး ပြောတဲ့အတိုင်း အောက်ပြည်အောက်ရွာကို ပြောင်းကြပါတော့မယ်"

မကျောင်မေက စိတ်နှလုံး ဒုန်းဒုန်းချလိုက်ဟန်ဖြင့် ပြောလိုက်လေသည်။

"ဟုတ်ပါတယ် ဆရာကြီးရယ်၊ ကျုပ်တို့သားလေးရဲ့ အသက်ကိုတော့ ထိခိုက်မခံပါဘူး၊ ဒီမှာ စီစဉ်စရာတွေ စီစဉ်ပြီးရင် အပြီးပြောင်းပါတော့မယ်၊ ဒါပေမယ့် . . ကျွန်တော်တို့မှာ အောက်ပြည်အောက်ရွာမှာ အသိအကျွမ်းကလည်း မရှိ၊ တစ်ခေါက် တစ်ခါမှလည်း မရောက်ဖူးတော့ တကယ်လို့ ဟိုရောက်ရင် ဆရာကြီးအနေနဲ့ ကျွန်တော်တို့ မိသားစုအပေါ် တတ်နိုင်သမျှ အကူအညီပေးပါလို့ မေတ္တာရပ်ခံပါရစေ"

"ဒီအတွက် ဘာမှစိတ်မပူကြပါနဲ့၊ ကျုပ်တို့အရပ်ဒေသရောက်တဲ့အခါ လိုအပ်သမျှ အကူအညီကို တတ်နိုင်သမျှ ပေးပ့





မယ်လို့ ကျုပ်ကတိပေးပါတယ်"

"ဒီစကားကြားရတာ ဝမ်းသာပါတယ် ဆရာကြီးရယ်"

"ဒီလိုလုပ်ကြပါလား . . ကျုပ်လည်း လောလောဆယ် ပြန်မှာ မဟုတ်သေးတော့ တကယ်လို့ ကျုပ်ပြန်မယ့်ရက်နဲ့ အဆင်ပြေရင် တစ်ခါတည်းသာ လိုက်ခဲ့ကြပေတော့ မကောင်းဘူးလား"

"ကောင်းပါတယ် ဆရာကြီး"

ထိုသို့ပြောဆိုတိုင်ပင်ပြီးနောက် ဆရာကြီးဦးဇန်ကောင်းလည်း သူတို့ကိုနှုတ်ဆက်ကာ ပြန်သွားလေတော့သည်။



www.burmeseclassic.com

www.bur,eseclassic.com





# အခန်း(၄)

## ကျုံ့ပျော်ရွာသို့ ရောက်ကြခြင်း

ကျုံ့ပျော်ရွာ. . .

ဇင်းရွာမှာ ဧရာဝတီတိုင်း ဖျာပုံခရိုင် ဒိစကြိတ်ထဲမှာ ရှိပြီး ဂုံညှင်းတန်း မြစ်ကမ်းအနီး၌ ရှိလေသည်။

ရှေးနှစ်ပေါင်းတစ်ရာကျော်လောက်က မွန်တိုင်းရင်းသားများ နေထိုင်ခဲ့ကြရာ နောက်ပိုင်းမှာတော့ မြန်မာလူမျိုးအများအပြား ဝင်ရောက်နေထိုင်ခဲ့ကြရာမှာ တစ်စတစ်စ စည်ကားလာသော ရွာကြီးတစ်ရွာ ဖြစ်သည်။ မြေဆီမြေနှစ် ကောင်းသော ကမ်းရိုးတန်းတစ်လျှောက်၌ ရွာတည်ထားသဖြင့် တင်ရွာ



www.burmeseclassic.com

www.bur,eseclassic.com



လုံး အုန်းပင်၊ ကွမ်းသီးပင်တို့ များစွာဖြစ်ထွန်းလေသည်။

ရွာ၌ နေထိုင်ကြသူ အများအပြားမှာ လယ်ယာလုပ်ငန်းကို အဓိက,ထား လုပ်ကိုင်ကြလေသည်။

သားငါးရှာဖွေ၍ အသက်မွေးသူအချို့ ရှိသော်လည်း မဖြစ်ထွန်းလှပေ။

မြစ်ဝကျွန်းပေါ် ဒီရေတက်ရာအရပ်ဖြစ်သောကြောင့် ရေမြေက ကောင်းလှပေရာ လယ်ယာလုပ်သူ၊ အုန်းခြံ၊ ကွမ်းသီးခြံများ စိုက်ပျိုးသူ၊ ရေဝင်ရာ ကမ်းရိုးတန်းတစ်လျှောက်တွင် ဓနိခြံစိုက်သူများမှာ အဆင်ပြေကြလေသည်။

ရွာမှာ အိမ်ခြေသုံးရာကျော်လောက် ရှိပြီး ရွာတန်းရှည်ကြီး ဖြစ်သည်။

ကမ်းခြေတစ်လျှောက်နှင့် ချောင်းရိုးမြောင်းရိုးများ တစ်လျှောက်တွင် ဓနိတော၊ ဓနိခြံများ ရှိပြီး ရွာစဉ်တစ်လျှောက်မှာတော့ အုန်းတော၊ ကွမ်းသီးပင်တောများ ရှိလေသည်။

ရွာပြင်မှာတော့ မျက်စိတစ်ဆုံး တစ်မျှော်တစ်ခေါ် ရှိနေသော စပါးစိုက်သည့်လယ်ကွင်းများ ရှိပေသည်။

ရွာစဉ်တစ်လျှောက်မှာ စိုက်ပျိုးထားသော အုန်းခြံ၊ ကွမ်းသီးပင်ခြံများမှာ တစ်ခြံနှင့်တစ်ခြံ ဆက်နေသောကြောင့် အဝေးမှ ကြည့်လျှင် ဖယောင်းတိုင်များ စိုက်ထောင်ထားသကဲ့သို့ တညီတညာတည်း ရှိကြလေသည်။

အချို့က ကွမ်းသီးခြံ၊ အုန်းခြံများထဲမှာပင် ကွမ်းပင်၊ ငရုတ်ကောင်းပင်များကိုလည်း စိုက်ပျိုးထားကြသေးသည်။





ကိုဘရှိန်၊ မကျင်မေနှင့် နီမောင်တို့ မိသားစုသုံးယောက်မှာ နီမောင် နေထိုင်ကောင်းလာသည်နှင့် မိမိတို့ ပိုင်ဆိုင်သော ပစ္စည်းလေးများကို ထုပ်ခွဲရောင်းချပြီးနောက် ဆေးဆရာကြီး ဦးဇန်ကောင်း ခေါ်ရာနောက်သို့ အရဲစွန့်ကာ လိုက်လာကြလေသည်။

ဦးဇန်ကောင်းမှာ ထိုနယ်တစ်ဝိုက်၌ ကျော်ကြားပြီး ရွာသူရွာသားများက အားကိုးလေးစားသော ဆရာကြီးတစ်ဦးဖြစ်လေသည်။

ထိုရွာသို့ ရောက်သောအခါ ဆရာကြီးဦးဇန်ကောင်းက ကိုဘရှိန်တို့ မိသားစုသုံးယောက်ကို ကျုံပျော်ရွာသူကြီး ဦးဘိုးမောင်အိမ်သို့ ခေါ်သွားလေသည်။

ဦးဇန်ကောင်းကို မြင်လေလျှင် သူကြီးဦးဘိုးမောင်က ပျာပျာသလဲ ဆီးကြိုနှုတ်ဆက်လေသည်။

"အား. . . ဆရာကြီး ခရီးထွက်ရာက ပြန်လာပါပကောလား၊ ဧည့်သည်တွေလည်း ပါလာတယ် ထင်ပဲ့၊ ကိုင်း. . . အိမ်ထဲ လာကြပါဗျာ"

ဟု ပြောဆိုနှုတ်ဆက်ကာ အိမ်ထဲ ရောက်သောအခါ အိမ်ရှင်တို့ ဝတ္တရားမပျက် ကွမ်း၊ ဆေး၊ လက်ဖက်၊ အခါးရည်တို့ဖြင့် ဧည့်ခံလေသည်။

"ကျုပ် အခုလာတာ သူကြီးဆီမှာ အကူအညီတောင်းချင်လို့ လာခဲ့တာဆိုပါတော့"

"ဆရာကြီးကလည်း. . . ကျုပ်တို့မိသားစုတွေက ဆရာကြီးရဲ့ကျေးဇူးနဲ့ ကင်းကြတာမှ မဟုတ်တာ၊ ဒီလိုခွင့်တောင်းနေ



www.burmeseclassic.com

www.bur,eseclassic.com



စရာမှ မလိုတာ၊ အကူအညီလိုရင် အားမနာတမ်းသာ ပြောပါ၊ ကျုပ်တတ်နိုင်တဲ့ကိစ္စဆိုရင် ဘာမဆို အကူအညီ ပေးပါ့မယ်"

သူကြီးဦးဘိုးမောင်မှာ မူလကလည်း သဘောမနော ကောင်းသည့်အပြင် ဆရာကြီး ဦးဗန်ကောင်းအပေါ်မှာလည်း ရှိသေလေးစားသူ ဖြစ်သောကြောင့် ထိုကဲ့သို့ ပြောဆိုခြင်းဖြစ် လေသည်။

"တခြားတော့ မဟုတ်ပါဘူး ဦးဘိုးမောင်ရယ်၊ သူတို့က ကျုပ်နဲ့ သားချင်း သိပ်မကင်းကြဘူး၊ အရင်ကတော့ အညာဘက် မှာနေကြရာက အဲဒီဘက်မှာ လုပ်ကိုင်စားသောက်ရတာ အဆင် မပြေလို့ ကျုပ်က ဒီအရပ်ကို ခေါ်လာခဲ့တာပဲ"

"သြော်. . ."

ဦးဘိုးမောင်က ကိုဘရှိန်တို့မိသားစုကို တစ်ချက်ဝေ့ ကြည့်လေသည်။

"အဲဒါ ဒီမှာ လုပ်ကိုင်စားသောက်ဖို့ လယ်မြေကလေး များ အငှားချထားဖို့ ရှိရင် ငှားပေးဖို့ လာပြောတာပါ"

ထိုစကားကြားသောအခါ ဦးဘိုးမောင်က. . .

"အားနာစရာတော့ ဖြစ်နေပြီ ဆရာကြီးရယ်၊ မိုးကျကာ နီးပြီဆိုတော့ ကျုပ်ပိုင်ဆိုင်တဲ့လယ်မြေတွေကလည်း အားလုံး အငှားတွေလက်ထဲ ချပေးလိုက်ပြီးပြီဆိုတော့ အခက်ပဲ"

"ဒါထက် ခင်ဗျားပိုင်တဲ့ ဟိုဧကနှစ်ဆယ်ရှိတဲ့ လယ် ကွက်ကြီးကရော အငှားချလိုက်ပြီလား"

ဆရာကြီး ဦးဗန်ကောင်း မေးသည့်လယ်ကွက်ကြီးမှာ





ထိုနယ်တစ်ဝိုက်ရှိ လယ်သမားများ ဘယ်သူမှ မလုပ်ဝံ့ကြသော မလုပ်ကောင်းသည့် လယ်ကွက်ကြီးပင် ဖြစ်လေသည်။

ထိုလယ်ကွက်ကြီးမှာ ဧကနှစ်ဆယ်ခန့်ရှိပြီး ရွာနှင့် မနီး သော ကုန်းတန်းစောင်းဘက်မှာ ရှိပေသည်။

ထိုလယ်ကွက်ကြီးထဲတွင် ငါးအလွန်ပေါသည့် တမံ တစ်ခုလည်း ရှိလေသည်။

လယ်ကွက်များထဲမှာ ရေခန်းသွားသောအချိန် ရောက် လျှင် ထိုတမံထဲမှာ လယ်ငါးများ ဖြစ်ကြသည့် ငါးရံ့၊ ငါးခူ၊ ငါး ကျည်း၊ ငါးပြေမ၊ ငါးပနော်၊ ငါးခေါင်းတို စသည်တို့ ပေါများလှ သော်လည်း ဆင်းမဖမ်းဝံ့ကြပေ။ အကယ်၍ မသိ၍ ဆင်းဖမ်းမိ လျှင်လည်း အန္တရာယ်တစ်စုံတစ်ခုနှင့် တွေ့ကာ အချို့ဆိုလျှင် အသက်အန္တရာယ် ဖြစ်ကြလေသည်။

ထိုမလုပ်ကောင်းသောလယ်ကြီးမှာ လယ်လုပ်သူ မမြဲ လှဘဲ တစ်နှစ်တစ်ခါ ပြောင်းရလေသည်။

ထိုလယ်ကြီးအကြောင်းကို သိကြသော ရွာခံနယ်ခံများ တော့ အခကြေးငွေ ဘယ်လောက်ပေးပေး၊ စပါးတင်း ဘယ် လောက်ပဲပေးပေး မလုပ်ဝံ့ကြဘဲ တစ်နယ်တစ်ကျေးမှ မသိကြ သည့်လူများကသာ လာရောက်လုပ်ကိုင်ကြသည်က များလေ သည်။ သို့သော်လည်း. . တစ်နှစ်တစ်ဝါထက် ပို၍မလုပ်နိုင်ကြ ပေ။

အချို့ဆိုလျှင် စပါးရိတ်သိမ်းချိန် ရောက်အောင်ပင် မ လုပ်နိုင်ကြဘဲ တစ်ဝက်နှင့်ပင် ထွက်ပြေးကြရသည်ကများသည်။



www.burmeseclassic.com

www.bur,eseclassic.com



လာရောက်လုပ်ကိုင်ကြသူများမှာ အကောင်းကနေ တစ်ယောက်ပြီးတစ်ယောက် နေထိုင်မကောင်းဖြစ်ကာ သေဆုံးကြလေသည်။

အချို့ကတော့ ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာမြင်ကွင်းများကို တွေ့မြင်ကာ အိုးပစ်အိမ်ပစ် ထွက်ပြေးသွားကြရလေသည်။ တမံထဲမှာ ငါးဖမ်းသူများမှာလည်း ပိုးထိခံရသည်ကများပြီး အသက်ဆုံးရှုံးကြလေသည်။

အချို့မှာလည်း နေ့ခင်းကြောင်တောင်အချိန်မှာပင် ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာများ တွေ့မြင်ရသောကြောင့် ထွက်ပြေးကြရသည်။

တမံထဲရှိ ဗေဒါနှင့် ဒိုက်နှဖောင်များကို ဆွဲဖယ်လိုက်သည်နှင့် အဆိပ်ပြင်းသော မြွေပွေး၊ မြွေဟောက်များကို အထွေးလိုက် တွေ့ရခြင်း၊

လူအရိုးစုများသာ ရှိသည့် ခေါင်းတလားကြီးများ ပေါ်လာခြင်း၊ ငါးများကို ဖမ်းမိထားပြီးမှ ပြန်ကြည့်သောအခါ တစ်ကောင်မှ မတွေ့ရတော့ခြင်း၊ တမံနှင့် မလှမ်းမကမ်းရှိ တောစပ်မှ ကြောက်လန့်ဖွယ်ရာ မြင်ကွင်းများကို မြင်တွေ့ရခြင်းများ ဖြစ်သည်။

သို့ကြောင့်လည်း. . .

ထိုလယ်ကွက်ကြီးကို 'မလုပ်ကောင်းသည့် လယ်ကွက်ကြီး' ဟု ခေါ်ဝေါ်အမည်ပေးထားကြခြင်းဖြစ်၏။

လယ်ပိုင်ရှင်ဖြစ်သော သူကြီးဦးဘိုးမောင်မှာလည်း ထို





လယ်ကြီးနှင့် ပတ်သက်၍ တစ်နှစ်မှ လယ်ငှားခ ပြည့်ဝအောင် မရရှိခဲ့ပေ။

"ထုံးစံအတိုင်းပေါ့ ဆရာကြီးရယ်၊ အောက်နယ်ဘက်က လာကြတဲ့လူတွေက တစ်နှစ်တစ်ဝါလောက်တော့ လုပ်ချင်လှချည်ဆိုလို့ အငှားချလိုက်ပြီးပြီ၊ ဘာသံကြားရဦးမလဲ မသိဘူး"

ဟု ဦးဘိုးမောင်က စိတ်မကောင်းစွာ ပြောလေသည်။

"အေးဗျာ. . လွန်သွားတော့လည်း ဘာတတ်နိုင်မှာလဲ၊ သူတို့ကလည်း ကျုပ်အားကိုးတစ်ခုနဲ့ လိုက်လာကြတာ ဆိုတော့ သူကြီးအနေနဲ့ တခြားအကြံကောင်းဉာဏ်ကောင်းလေးများရှိရင် ပေးပါဦး"

ထိုစကားကြားသောအခါ မလှမ်းမကမ်းမှာ ထိုင်နေသည့် သူကြီးကတော် ဒေါ်နန်းရွှေက ဝင်ပြောလေသည်။

"ကိုဘိုးမောင်. . . ကုန်းတန်းဘက်မှာ ဘယ်သူမှ မလုပ်တဲ့ လယ်ရိုင်းတစ်ကွက် ရှိတယ်မဟုတ်လား"

"ဟို. . . သချိုင်းနားက လယ်ရိုင်းကွက်ကို ပြောတာလား"

"ဟုတ်တယ်လေ. . ဟိုဘီလူးရုပ်ကြီး ရှိတဲ့ လယ်ကွက်ကို ပြောတာ"

"ဖြစ်ပါ့မလား မနန်းရွှေရဲ့"

"အို. . ဘာမှမလုပ်ရဘဲ ဒီအတိုင်း နေတာနဲ့စာရင် တစ်ခုခု လုပ်နေရတော့ ဝမ်းစာလေးဘာလေးလောက်တော့ ရချင်ရမှာပေါ့တော်"



www.burmeseclassic.com

www.bur,eseclassic.com



ဟု အကြံပေးသဖြင့် ဦးဘိုးမောင်က. . .

"ဒီလိုတော့ရှိတယ် ဆရာကြီး၊ သင်္ချိုင်းကုန်းရဲ့အနောက်ဘက်မှာ ဘယ်သူမှ မလုပ်တဲ့ လယ်ရိုင်းတစ်ကွက်တော့ ရှိတယ်၊ အရင်ကတော့ လယ်ယာမြေပါပဲ၊ အခု ဘယ်သူမှ မလုပ်တာ အတော်ကြာပြီဆိုတော့ လယ်ရိုင်းဖြစ်နေတဲ့ လယ်တစ်ကွက်တော့ဖြင့် ရှိပါတယ်၊ အဲဒီမြေကွက်ကို သူတို့ကို ချပေးလိုက်ရင်တော့ အဆင်ပြေမယ် ထင်ပါတယ်"

ဟု ပြောသည်။

"ဟို. . . သိုက်ကုန်းလယ်ကွက်ကို ပြောတာလား"

"ဟုတ်တယ်. . . ဟုတ်တယ်"

"အဲဒီမြေကွက်က ဘယ်သူပိုင်တာလဲ"

"အရင်တုန်းကတော့ ပိုင်ရှင်တွေ ရှိခဲ့ဖူးတယ် ထင်ပါတယ်၊ အခုတော့လည်း ဘယ်သူမှ မရှိတော့ပါဘူး၊ ကျုပ်က ဘယ်သူမှ အသုံးမပြုကြလို့ တစ်နှစ်နှစ်နှစ်အတွင်းလောက်မှာ သင်္ချိုင်းမြေအဖြစ် သတ်မှတ်ဖို့တောင် စဉ်းစားနေတာပါ"

ထိုစကားကြားသောအခါ ဦးဗန်ကောင်းက ကိုဘရှိန်နှင့် မကျင်မေတို့ဘက်သို့ လှည့်ကာ. . .

"တဲ. . . ကြားကြတဲ့အတိုင်းပဲ၊ ဘယ်လိုသဘောရကြသလဲ၊ ဒီနှစ်အဖို့ကတော့ တခြားလယ်တွေက သူ့လူနဲ့သူ ပြည့်နေပြီဆိုတော့ အလွတ်မရှိသလောက်ပဲ၊ ကျုပ်သဘောကတော့ တခြားဘာမှမလုပ်ဘဲ ဒီအတိုင်းနေတာနဲ့စာရင် တစ်ခုခု လုပ်နေတာက ပိုကောင်းမယ် ထင်တယ်"





ဟု ပြောလေသည်။

"ဆရာကြီးရယ်. . . ကျွန်တော်တို့မိသားစုက ဆရာကြီးကို အားကိုးပြီး လိုက်လာကြတာ၊ ဆရာကြီးက ကောင်းမယ်ထင်လို့ စီစဉ်တဲ့အတိုင်း လုပ်ပါ့မယ်"

ကိုဘရှိန်စကား ကြားသောအခါ ဦးဘိုးမောင်က. . .

"ဒီလိုဆိုရင်လည်း ရွာဖျားဘက်မှာ ကျုပ်ရဲ့အုန်းခြံ တစ်ခြံရှိတယ်၊ အဲဒီခြံထဲမှာ အရင်က ခြံစောင့်ထားတဲ့လူတွေ နေတဲ့ တဲတစ်လုံးရှိတယ်၊ လောလောဆယ်တော့ အဲဒီမှာနေမယ်ဆိုရင် ကျုပ်က ခွင့်ပြုပါတယ်"

"ကျေးဇူးတင်ပါတယ် သူကြီးမင်းရယ်"

ဤသို့ဖြင့်. . .

ဆေးဆရာကြီး ဦးဗန်ကောင်း၏တိုက်တွန်းခေါ်ဆောင်လာမှုကြောင့် ကျုံပျော်ရွာသို့ ရောက်လာသော ကိုဘရှိန်တို့မိသားစုတစ်တွေမှာ သူကြီးဦးဘိုးမောင် ကောင်းမှုကြောင့် နေစရာ ရရုံမက လုပ်ကိုင်စားသောက်စရာ မြေရိုင်းတစ်ကွက်ကိုပါ ရရှိခဲ့လေသည်။ သို့သော်လည်း. . .

ဂင်းတို့မိသားစုအတွက် ထူးဆန်းသောအကြောင်းများက ဆီးကြိုလျက်ရှိနေသည်ကိုတော့ သူတို့အနေနှင့် ကြိုတင်၍ မသိနိုင်ခဲ့ကြပေ။



www.burmeseclassic.com

www.bur,eseclassic.com





## အခန်း(၃)

## ထမင်းလခ ပေးစားသော ဘီလူးရုပ်

နီမောင်တို့သားအဖနှစ်ယောက် သွားရောက်လုပ်ကိုင်ရသော လယ်ရိုင်းမှာ ရွာနှင့် အတော်ကလေး ဝေးလှပေသည်။ ရွာမှ မိုးမလင်းခင်သွားလျှင် မိုးစင်စင်လင်းသောအခါမှ ထိုမြေကွက်သို့ ရောက်လေသည်။

နီမောင်နှင့် ဖခင်ဖြစ်သူ ကိုဘရှိန်တို့မှာ မနက်မိုးမလင်းခင်ထ၍ မကျင်မေ စီစဉ်ပေးသော ထမင်းထုပ်တစ်ထုပ်စီနှင့်ဓား၊ ပေါက်တူး စသည်တို့ကိုယူပြီး မြေရိုင်းကွက်သို့ သွားကာ ဓား၊ ပေါက်တူးများဖြင့် ခုတ်ထွင်ရှင်းလင်းကြလေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.bur,eseclassic.com



ထိုမြေကွက်မှာ သချိုင်းနှင့် နီးသောကြောင့် လုပ်ဝံ့မည့်သူ မရှိဘဲ တောရိုင်း၊ ချုံရိုင်းများက ထူထပ်စွာ ပေါက်ရောက်လျက်ရှိသည်။

သို့သော် . . . သစ်ပင်ကြီးငယ်များ မရှိဘဲ အုန်းနှဲပင်၊ ကိုင်းပင်၊ မြက် တောများလောက်သာ ရှိပေသည်။

သူတို့သားအဖနှစ်ယောက်မှာ အကြောက်အလန့် မရှိကြဘဲ လယ်ရိုင်းကွက်ကို ကြိုးစား၍ ရှင်းလင်းကြလေသည်။

မိုးမကျမီ ရှင်းလင်းပြီးပါမှ အချိန်မီ စပါးစိုက်ပျိုးနိုင်မည်ဖြစ်လေသည်။

သူတို့သည် လယ်ကွက်သို့ ရောက်သည်နှင့် အိမ်မှ ယူဆောင်လာသော ရေဘူး၊ ထမင်းဘူးတို့ကို တစ်နေရာမှာ ထား၍ ကိုင်းတော၊ မြက်တောများကို ခုတ်ထွင်ရှင်းလင်းကြရာ ရက်အတန်ကြာသောအခါ လယ်ကွက်မှာ အတော်ကျယ်ဝန်း၍ ပေါ်လာလေသည်။

နီမောင်နှင့် ကိုဘရှိန်တို့မှာ တစ်နေရာတည်းမှာ နှစ်ယောက်အတူတူ ရှင်းကြသည်မဟုတ်ဘဲ ကျောခိုင်းကာ တစ်ယောက် တစ်နေရာစီ ခုတ်ထွင်ရှင်းလင်းကြခြင်း ဖြစ်လေသည်။

နီမောင်မှာ အသက်(၁၅)နှစ် ကျော်၍ (၁၆)နှစ်ထဲရောက်လာပြီဖြစ်သဖြင့် အရပ်အမောင်း မြင့်လာရုံမက လူလုံးလူဖန်ကလည်း ကြံ့ခိုင်ဖွံ့ဖြိုးလာလေသည်။

ကြည့်လျှင် တကယ့်ကို လူပျိုကြီးဖားဖား ဖြစ်နေချေသည်။ သူသည် မိဘအားကိုးလောက်အောင် လုပ်နိုင်ကိုင်နိုင်





သောအရွယ်သို့ ရောက်နေချေပြီ။

သူသည် မြက်ခုတ်ဓားတစ်လက်နှင့် ကိုင်းပင်၊ မြက်ပင်များကို ဘယ်ပြန်ညာပြန် မနားတမ်း ခုတ်လေရာ ရက်ပိုင်းအတွင်းမှာပင် မြက်ရိုင်းတောများ ဖုံးလွှမ်းလျက် ရှိနေသောမြေကွက်မှာ လယ်မြေကွက်ပမာ ပေါ်လွင်လာလေသည်။

တစ်နေ့သော် ကုန်းတန်းယောင်ယောင် ဖြစ်နေသောနေရာဘက်မှ ဖုံးအုပ်လျက်ရှိသော ကိုင်းတောများကို ခုတ်ထွင်ရှင်းလင်းနေရာမှ မာကျောသောအရာတစ်ခုကို ဓားဖြင့် ထိမိလိုက်သော 'ချွင်' ခနဲ အသံကြားသဖြင့် ကိုင်းပင်များကို ဓားဦးဖြင့် ဖယ်၍ကြည့်လိုက်ရာ ကိုင်းတောထဲမှ အရာကို မြင်လိုက်ရသောအခါ အမှတ်မဲ့မို့ နောက်ဘက်သို့ လန့်၍ဆုတ်လိုက်လေသည်။ အခြေအနေကို စောင့်ကြည့်သော်လည်း ငြိမ်သက်မြဲ ငြိမ်သက်နေသောကြောင့် ရှေ့သို့ ပြန်တိုးသွားကာ နောက်တစ်ကြိမ် ဓားဦးဖြင့် ဖယ်ကြည့်လိုက်ပြန်သည်။

ထိုတစ်ကြိမ်တွင်မှ ကိုင်းတောထဲမှ အရာကို သေချာစွာတွေ့ရလေသည်။ ထိုအရာမှာ အခြားမဟုတ်ပေ။

ဒူးတစ်ဖက်ထောင်၊ တစ်ဖက်လှဲ အနေအထားဖြင့် ပခုံးပေါ်မှာ တင်းပုတ်ကို ထမ်းထားသော ဘီလူးကျောက်ရုပ်ပင်ဖြစ်လေသည်။

ထိုဘီလူးရုပ်မှာ ကိုင်းတောထဲတွင် အချိန်မည်မျှကြာအောင် ရှိနေသည်မသိ။

ရေညှိများ အထပ်ထပ် တက်နေသောကြောင့် အရောင်



www.burmeseclassic.com

www.bur,eseclassic.com



အဆင်းပင် မပေါ်တော့ပေ။

သို့သော်လည်း ထုလုပ်ပုံမှာ အသက်ဝင်လှသောကြောင့် မျက်နှာသွင်ပြင်အမူအရာမှာ ကြောက်မက်ဖွယ်ကောင်းလှပေသည်။

အထူးသဖြင့် မျက်လုံးမှာ လူကို မျက်ခြည်မပြတ် လိုက်ကြည့်နေသကဲ့သို့ ရှိလေသည်။

"ဒီကိုင်းတောထဲမှာ ဘီလူးရုပ်ကြီးပါလား၊ ဒီအရုပ်က လယ်ကွင်းစပ်မှာ ရှိတာဆိုတော့ ကိုင်းပင် မြက်ပင်တွေ မရှင်းဘဲ ထားလိုက်ရင်လည်း ရတာပဲ၊ ဒါပေမယ့် မကောင်းပါဘူးလေ၊ သူလည်း ကိုင်းတောမြက်တောထဲမှာ ဘယ်နေချင်ပါ့မလဲ၊ တစ်လက်စတည်းနဲ့ ရှင်းပေးလိုက်တာပဲ ကောင်းပါတယ်"

ဟု တွေးတောကာ ထိုနားတစ်ဝိုက်မှာ ရှိသည့် ကိုင်းပင်၊ မြက်ပင်များကို ရှင်းလင်းလိုက်သောအခါ ဘီလူးရုပ်မှာ ရှင်းရှင်းလင်းလင်းကြီး ပေါ်လာလေတော့သည်။

ဘီလူးရုပ်မှာ တောင်ကုန်းတစ်ခုပေါ်မှာ ဒူးတစ်ဖက်ထောင်၊ တစ်ဖက်လှဲ့ အနေအထားဖြင့် ထိုင်နေခြင်း ဖြစ်သည်။

ကျောက်တင်းပုတ်ကို ပခုံးပေါ် ထမ်းထားသည်မှာ မာန်ပါလှသည်။

တကယ်တော့ ဘီလူးရုပ် ရှိနေသောနေရာမှာ ကုန်းတန်းစောင်းနေရာမှာ ရှိနေသောကြောင့် စပါးစိုက်ပျိုးမည့် လယ်ကွက်နှင့် မဆိုင်လှသော်လည်း နီမောင်က စေတနာဖြင့် အပင်ပန်းခံကာ ရှင်းလင်းပေးလိုက်ခြင်းဖြစ်သည်။





နေ့လယ်ဘက် ထမင်းစား နားချိန်၌ သားအဖနှစ်ယောက် ဆုံသောအခါ နီမောင်က ထိုအကြောင်းကို ပြောပြလိုက်လေသည်။

"သား . . . ဒီအရပ်ဒေသတွေက တို့တစ်တွေအရပ်နဲ့ မတူဘူး၊ နယ်မြေကြမ်းတဲ့နေရာတွေ ရှိတယ်လို့ ပြောသံကြားတယ်၊ မတော်တရော်တွေတော့ လျှောက်မလုပ်နဲ့နော်"

"မလုပ်ပါဘူး အဖေရဲ့၊ ကျွန်တော်က အနားမှာ ရှိတဲ့ ကိုင်းတော မြက်တောတွေတောင် ရှင်းလင်းပေးလိုက်ပါသေးတယ်"

"အေး . . . အေး . ကိုယ်က စေတနာကောင်းနဲ့ လုပ်တာဆိုတော့ လူပဲဖြစ်ဖြစ် ပရလောကသားတွေပဲဖြစ်ဖြစ် ကိုယ့်ကို အကြောင်းမဲ့တော့ အန္တရာယ်မပေးကြပါဘူး၊ အလုပ်လုပ်ရင်းနဲ့ ဒီပတ်ဝန်းကျင်မှာရှိတဲ့ မြင်အပ်မမြင်အပ်တဲ့ ပုဂ္ဂိုလ်တွေကို မေတ္တာပို့ပြီးတော့ လုပ်ပေါ့ကွယ်"

ဟု မှာကြားလေသည်။

ထမင်းစားသောက်ပြီးသောအခါ သားအဖနှစ်ယောက် အရိပ်ကောင်းသော သစ်ပင်ရိပ်အောက်၌ တရေးတမော အိပ်ကာ အနားယူကြလေသည်။

ထိုအချိန်မှာပင် နီမောင်မှာ ထူးခြားသောအိပ်မက်တစ်ခုကို မြင်မက်လေသည်။

အိပ်မက်ထဲတွင် သူနှင့် မတိမ်းမယိမ်းအရွယ်လောက်ရှိသည့် လူရွယ်တစ်ယောက် ရောက်လာလေသည်။



www.burmeseclassic.com

www.bur,eseclassic.com



ထိုလူ၅ယ်က. . .

"မင်းရောက်လာမှပဲ ငါ့မှာ အလင်းရောင် ရတော့တယ်ကွာ၊ အခုလို လုပ်ပေးတာ ကျေးဇူးတင်ပါတယ်"

ဟု ပြောလေသည်။

နီမောင်က ကြည့်လိုက်တော့ သာမန်လူတစ်ယောက်ဖြစ်သော်လည်း ကြမ်းတမ်းခက်ထန်သည့် သွင်ပြင်လက္ခဏာရုပ်ရည်မျိုး ဖြစ်လေသည်။

"မင်းက ဘယ်သူလဲ"

"ငါက မင်းရဲ့မိတ်ဆွေတစ်ယောက်ပဲပေါ့"

"မင်းက ဘယ်မှာနေတာလဲ"

"ငါက ဒီနေရာတစ်ဝိုက်မှာ နေတယ်"

"ဒီလိုဆိုရင်လည်း ကောင်းတာပေါ့ကွာ၊ တို့က ဒီအရပ်ကို ပြောင်းလာတာ မကြာသေးတော့ အသိမိတ်ဆွေ မရှိသေးဘူး"

"မင်းက ငါ့ကို မိတ်ဆွေလို ဆက်ဆံရင်တော့ ငါကလည်း အကူအညီပေးပါ့မယ်"

ဟု ပြောကာ ပျောက်သွားလေသည်။

နောက်တစ်ရက် ရောက်လာသောအခါ နီမောင်သည် အမေထုပ်ပေးလိုက်သော ထမင်းထုပ်ကို ဘီလူးရုပ်၏တင်းပုတ်ထိပ်ဖျား၌ ချိတ်ကာ အလုပ်လုပ်လေသည်။

ထမင်းစားချိန်ရောက်၍ ထမင်းထုပ်ကို ဖြုတ်ယူလိုက်သောအခါ ပေါ့ပေါ့လေး ဖြစ်နေသောကြောင့် မသင်္ကာ၍ ဖြေ





ကြည့်လိုက်သောအခါ ထမင်းထုပ်ထဲ၌ ထမင်းရောဟင်းပါ တစ်စေ့မှ မရှိတော့ပေ။

ထမင်းထုပ်ကို ကြည့်ပြီး နီမောင်စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်သွားလေသည်။

"ငါ့ထမင်းထုပ်ထဲက ထမင်းနဲ့ဟင်းတွေ ဘယ်ရောက်သွားပြီလဲ၊ မနက်က အမေများ မေ့ပြီး မထည့်လိုက်မိတာများလား၊ အမေကတော့ ဒီလိုမေ့မယ် မထင်ပါဘူး၊

ဒါဖြင့် ထမင်းထုပ်လည်း ခြေရာလက်ရာ မပျက်ဘဲနဲ့ ဒီအထုပ်ထဲက ထမင်းတွေ ဘယ်ရောက်သွားတာလဲ. . ထူးဆန်းလိုက်တာ"

ဟု တစ်ယောက်တည်း ဇဝေဇဝါ ဖြစ်နေမိလေသည်။

ထို့နောက်. . .

ထမင်းမရှိသော ထမင်းထုပ်ကို ကိုင်ပြီး အဖေရှိရာသို့ သွားကာ အကျိုးအကြောင်း ပြောပြလိုက်ရာ ကိုဘရှိန်ကလည်း အံ့ဩနေလေသည်။

"မင်းအမေကတော့ မေ့မေ့လျော့လျော့နဲ့ ဒီလိုလုပ်မယ် မထင်ဘူး၊ မင်းအလုပ်လုပ်နေတုန်း တစ်ယောက်ယောက်က နှိုက်စားပြီးတော့ အထုပ်ကို ပြန်ထုပ်ထားတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

ဟု ပြောကာ ထမင်းထုပ်တစ်ထုပ်ကို သားအဖနှစ်ယောက် ခွဲဝေစားသောက်၍ တရေးတမော အနားယူကြပြီးနောက် အလုပ်ဆက်လုပ်ကြလေသည်။



www.burmeseclassic.com

www.bur,eseclassic.com



သို့သော်လည်း ထမင်းဝအောင် မစားရသောကြောင့် အချိန်ကုန်သည်အထိ အလုပ်မလုပ်နိုင်ကြဘဲ စောစောအလုပ်သိမ်းကာ ပြန်ကြလေသည်။

အိမ်ပြန်ရောက်၍ ထိုအကြောင်းကို မကျင်မေအား ပြန်ပြောပြသောအခါ အံ့သြနေလေသည်။

"မဟုတ်ပါဘူးတော်. . . ထမင်းထုပ်ထဲမှာ ထမင်းဟင်း မပါဘဲနဲ့ အထုပ်ကို ဒီအတိုင်း ထုပ်ပေးလိုက်ရအောင်ထိ ကျုပ်သတိမမေ့တတ်သေးပါဘူး၊ တစ်ယောက်ယောက်က ယူစားလို့ဖြစ်မှာပါ၊ မနက်ဖြန်တော့ ရှင့်မျက်စိရှေ့မှာတင် ကျုပ် သေသေချာချာ ထည့်ပေးလိုက်ပါ့မယ်"

ဟု ပြောဆိုကာ နောက်တစ်နေ့တွင် ကိုဘရှိန် မျက်စိရှေ့မှာတင် ထမင်းထုပ်နှစ်ထုပ်ကို အသေအချာ ထည့်၍ထုပ်ကာ ပေးလိုက်လေသည်။

လယ်ကွက်သို့ ရောက်သောအခါ ထုံးစံအတိုင်းပင် နီမောင်သည် ပါလာသော ထမင်းထုပ်ကို ဘီလူးရုပ်၏တင်းပုတ်ထိပ်၌ ချိတ်ထားကာ အလုပ်လုပ်လေရာ မနေ့က ထမင်းပျောက်သောအကြောင်းကို မေ့သွားလေသည်။

ထမင်းစားချိန်ရောက်၍ ထမင်းထုပ်ကို ယူပြီးကြည့်လိုက်သောအခါ ထမင်းထုပ်ထဲမှာ ထမင်းနှင့်ဟင်းများ မရှိတော့ပေ။

နီမောင်သည် အနီးပတ်ဝန်းကျင်တစ်ဝိုက်သို့ လိုက်လံကြည့်ရှုသော်လည်း အနီးပတ်ဝန်းကျင်တစ်ဝိုက်မှာ အခြား





မသင်္ကာစရာ တစ်ဦးတစ်ယောက်မှ မတွေ့ရဘဲ သူနှင့် ဘီလူးရုပ်တုကြီးသာ ရှိလေသည်။

နီမောင်က ဘီလူးရုပ်တုကြီးကို မော့ကြည့်တော့ ဘီလူးရုပ်တုကြီးကလည်း သူ့ကို ပြန်ကြည့်နေဟန်ရှိသည်။

နီမောင်စိတ်ထဲမှာ. . .

"ဒီကျောက်ရုပ်ကို ကြည့်ရတာ အသက်ဝင်နေသလိုပဲ၊ ငါ့ထမင်းထုပ်ကို စားပစ်တာ သူပဲဖြစ်ရမယ်"

ဟု တွေးကာ ကျောက်ရုပ်ကို မားဖြင့် ခုတ်ရန် ဟန်ပြင်လိုက်သည်နှင့် သူ့မျက်စိထဲမှာ ဘီလူးရုပ်က တစ်ချက်ရယ်လိုက်ပြီး သူ့ကို တင်းပုတ်ဖြင့် ထုရန် ဟန်ပြင်နေသည်ကို မြင်နေရသည်။

တကယ်ဆိုမူ တင်းပုတ်ထမ်းထားသော ဘီလူးရုပ်ကြီးက ယခင်အတိုင်း ထိုင်မြဲထိုင်နေသော်လည်း နီမောင့်မျက်စိထဲမှာ ထိုကဲ့သို့ မြင်နေရခြင်းဖြစ်ပေသည်။

"ခင်ဗျား ကျုပ်ထမင်းတွေကို ခိုးစားနေတာ မဟုတ်လား"

ထိုအခါ ဘီလူးရုပ်က ခေါင်းညိတ်ပြသည်။

"ဒါ ကောင်းသလား၊ ကျုပ်တို့မိသားစုဟာ ဆင်းရဲလွန်းလို့ တစ်နယ်တစ်ကျေးကနေ ဒီကိုလာပြီး အလုပ်လုပ်နေကြရတယ်၊ ဒီရောက်ပြန်တော့လည်း သူများလို လယ်လုပ်စရာ မရှိလို့ မြေရိုင်းကွက်တွေကို ပင်ပင်ပန်းပန်း လုပ်နေရတယ်၊ ဒီကြားထဲ ခင်ဗျားက ပါလာသမျှ ထမင်းတွေကို ခိုးစားပစ်နေတော့ ဘယ်



www.burmeseclassic.com

www.bur,eseclassic.com



လိုလုပ်ရမလဲ"

"စိတ်မဆိုးပါနဲ့ သူငယ်ချင်းရယ်၊ ငါ့ဆာလွန်းလို့ မင်းရဲ့ ထမင်းတွေကို ခိုးစားမိပါတယ်၊ မင်းကို ထမင်းဖိုး ပြန်ပေးပါ့မယ်"

ဟု ပြောဆိုကာ သူ့ပေါင်အောက်မှ ငွေတစ်ကျပ်ကို ထုတ်ပေးလေသည်။

"အခုအချိန်မှာ မင်းပေးတဲ့ ငွေတစ်ကျပ်ထက် ထမင်းက ပိုပြီးအရေးကြီးတယ်၊ ထမင်းမစားရရင် အလုပ်လုပ်နိုင်မှာ မဟုတ်ဘူး၊ ငွေတစ်ကျပ်က ကိုက်စားလို့မရဘူး၊ နောက်တစ်ခါ ယူစားရင်တော့ မင်းနဲ့ငါ အတွေ့ပဲ"

ဟု နီမောင်က ဗိုက်ဆာနေသဖြင့် ဒေါသထွက်နေသော ကြောင့် ကြိမ်းမောင်းပြောဆိုလိုက်သည်။

"စိတ်မဆိုးပါနဲ့ သူငယ်ချင်းရယ်၊ နောက်ကို မင်းရဲ့ ထမင်းကိုလည်း ယူမစားတော့ပါဘူး၊ ငါပေးတဲ့ငွေတစ်ကျပ် နည်းရင် ငွေနှစ်ကျပ် ပေးပါ့မယ်"

ဟု ပြောဆိုကာ ပေါင်အောက်မှ နောက်ထပ် ငွေတစ်ကျပ် ထုတ်ပေးပြန်လေသည်။ တကယ်ဆိုမူ. . .

နှစ်ကျပ်ဆိုသောငွေမှာ နည်းသောငွေ မဟုတ်ပေ။ ဆန်တစ်ပြည် တစ်ကျပ်၊ သား,ငါး,ကြက်,ဝက် တစ်ပိဿာမှ ငါးမူး သုံးမတ်၊ ဆီတစ်ဆယ်သား ပြားသုံးဆယ်၊ ရေတုတ် ကြက်သွန်တို့မှာ ငါးပြားဖိုး ဆယ်ပြားဖိုးဆိုလျှင် တစ်ခါချက် နှစ်ခါချက် ရလေရာ ဆင်းရဲသူများအဖို့ ငွေတစ်ကျပ် နှစ်ကျပ်ဆိုတာ နည်းသော ငွေကြေးမဟုတ်ပေ။





ထို့ပြင် ကျေးလက်တောရွာများမှာ မြို့ကြီးများလို နေ့စဉ် ငွေမြင်နေရသည် မဟုတ်ဘဲ တစ်လကိုးသီတင်း ကြာမှ တစ်ခါ တစ်ရံ ငွေမြင်ကြရလေသည်။

ဘီလူးက ဆက်ပြောသည်။

"ဒီလိုလုပ်ကွာ သူငယ်ချင်း၊ နောက်ကို မင်းထမင်းထုပ် ကိုလည်း ယူမစားတော့ပါဘူး၊ ငါ့အတွက် ထမင်းချက်ယူလာပေး ပါ"

"တို့မှာ ဒီလောက်ဆင်းရဲနေတာ၊ မင်းအတွက် ဘယ်လို လုပ်ပြီး ထမင်းပိုချက်နိုင်မှာလဲ"

"ဒီအတွက် မပူပါနဲ့၊ ငါ့အတွက် တစ်နေ့ ထမင်းဖိုး နှစ်ကျပ်နှစ်ကျပ် ပေးပါ့မယ်၊ ဆန်တစ်ပြည်၊ အသားငါး တစ် ပိဿာချက်နဲ့ အရက်တစ်ခွက်ကို နေ့တိုင်းယူလာပေးပါ၊ ဒီ ရောက်တော့ တို့နှစ်ယောက် ထမင်းအတူတူ စားကြတာပေါ့. . မကောင်းဘူးလား"

"ဒီလိုပေးမယ်ဆိုရင်တော့ ချက်ပေးရတာ ဝန်မလေးလှ ပါဘူး၊ ငွေမပေးရင်တော့ ဘယ်လိုမှ ချက်ပို့ပေးနိုင်မှာ မဟုတ် ဘူး"

"ဒီအတွက် စိတ်မပူပါနဲ့၊ ငါ့မှာ ရွှေတွေငွေတွေ အများ ကြီး ရှိပါတယ်၊ ငါက မင်းတို့ဆီမှာ ထမင်းလခ ပေးစားတဲ့ သဘောပေါ့. . . မကောင်းဘူးလား"

"ကောင်းပါတယ်. . . လုပ်ပေးပါ့မယ်"

"ဒါပေမယ့် မင်း ငါ့ကို တစ်ခုတော့ ကတိပေးပါ"



www.burmeseclassic.com

www.bur,eseclassic.com



"ဘယ်လိုကတိမျိုးလဲ"

"တခြားတော့ မဟုတ်ပါဘူး၊ ဒီအကြောင်းတွေကို မင်းတို့ မိသားစုသုံးယောက်ကလွဲလို့ တခြားလူတွေ ဘယ်သူမှ မသိပါစေနဲ့၊ အဲဒါကိုတော့ ကတိပေးပါ"

"စိတ်ချပါ. . . ဘယ်သူမှ မသိစေရပါဘူး"

"လူလေး နီမောင်. . . ဘီလူးရုပ်ကြီးနားမှာ ထမင်းထုပ်ကြီး ကိုင်ပြီး တစ်ယောက်တည်း ဘယ်သူနဲ့ စကားပြောနေတာလဲ"

ဖခင် ကိုဘရှိန် အနားရောက်လာပြီး ပခုံးကို ပုတ်ပြီး သတိပေးလိုက်တော့မှ နီမောင်မှာ အိပ်မက်မှ လန့်နိုးလာသူပမာ သတိပြန်ရလာတော့သည်။

"ထမင်းစားချိန် ရောက်လာတာတောင် မင်းရောက်မလာလို့ စိတ်မချတာနဲ့ လိုက်လာတာ၊ ဟိုနားရောက်တော့ စကားပြောသံတွေ ကြားလို့ ကြည့်လိုက်တော့လည်း မင်းတစ်ယောက်တည်းပဲ တွေ့ရတယ်၊ စောစောက မင်း ဘယ်သူနဲ့ စကားပြောနေတာလဲ"

ကိုဘရှိန်က ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ရင်း မေးလိုက်လေသည်။

"ဟို. . . ဟို. . ."

နီမောင်မှာ ထိုအခါမှ စောစောက ဘီလူးရုပ်နှင့် စကားပြောနေပုံကို သတိရသဖြင့် မိမိလက်ထဲကို ကြည့်လိုက်တော့ ငွေနှစ်ကျပ်ကို တွေ့ရလေသည်။

☺ အောင်မြင်စာပေ ☺



"ဟင်. . ."

ထိုငွေနှစ်ကျပ်ကို မြင်တော့ နှစ်ယောက်စလုံး အံ့သြသွားလေသည်။

"ငွေနှစ်ကျပ်ပါလား. . . မင်း ဘယ်က ရတာလဲဟင်"

"သူ. . သူပေးတာ"

"ဟင်. . . ဒီဘီလူးရုပ်က မင်းကို ဒီငွေနှစ်ကျပ် ပေးတယ် ဟုတ်လား"

"ဟုတ်တယ် အဖေ၊ သူက ကျွန်တော့်ရဲ့ထမင်းထုပ်ထဲက ထမင်းတွေကို ယူစားလို့ ထမင်းဖိုး ပေးတာလို့ ပြောတယ်"

"ဖြစ်. . . ဖြစ်ပုံမလား သားရယ်၊ တော်ကြာ ဒုက္ခတွေ့နေပါဦးမယ်"

"ဘာမှကြောက်စရာ မလိုပါဘူး အဖေရဲ့၊ သူက ကျွန်တော့်ရဲ့ထမင်းကို ယူစားလို့ ထမင်းဖိုး ပြန်ပေးရတာပဲ၊ ကျွန်တော်တို့က မတရားလုပ်တာမှ မဟုတ်တာ၊ ကြောက်စရာ မလိုပါဘူး၊ နောက်ပြီး သူက ပြောသေးတယ်"

"ဘာတဲ့လဲ"

နီမောင်က ဘီလူးရုပ်နှင့်သူနှင့် ကတိကဝတ် ထားခဲ့ကြပုံများကို ပြန်ပြောလိုက်သောအခါ ကိုဘရှိန်မှာ အံ့သြလွန်းသဖြင့် ပါးစပ်အဟောင်းသားနှင့် ဖြစ်နေလေတော့သည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.bur,eseclassic.com





## အခန်း(၆)

# ပဟေဠိဆန်သော မိသားစု

နောက်ပိုင်းရက်များမှာတော့ ဘီလူးရုပ်က မှာသည့်အတိုင်း ဆန်တစ်ပြည်၊ ကြက်တစ်ကောင်ချက်၊ အရက်တစ်ခွက်ကို နေ့တိုင်းယူသွားလေသည်။

ဘီလူးရုပ်ကလည်း သူ့ကို တစ်နေ့လျှင် ငွေနှစ်ကျပ် ပေးလေသည်။

လယ်တောရောက်သောအခါ ထမင်းထုပ်၊ ဟင်းထုပ်များကို ဘီလူးရုပ်၏ထမ်းပိုးမှာ ချိတ်ဆွဲထားပြီး မိမိတို့အလုပ်များကို လုပ်ကြကာ ထမင်းစားချိန် ရောက်သောအခါ ဘီလူးရုပ်ရှိ



www.burmeseclassic.com

www.bur,eseclassic.com



မှာ ထမင်း၊ ဟင်းနှင့် အရက်ခွက်များကို ချပေးထားပြီး သူတို့သားအဖနှစ်ယောက်ကတော့ စားနေကျ သစ်ပင်အောက်မှာ သွားရောက်စားသောက်ကြလေသည်။

အချိန်တန်၍ ပြန်လာလျှင် အရက်နှင့် ထမင်းရေဟင်းပါ မကျန်တော့သည်ကို တွေ့ရလေသည်။

ကိုဘရှိန်ကမှာ ပထမတော့ ကြောက်ရွံ့နေရပြီး ရက်အနည်းငယ် ကြာလာသောအခါ မိမိတို့အား အနှောင့်အယှက်မပေးမှန်း သိလာရသောအခါမှ အနည်းငယ် စိတ်သက်သာရာရလေသည်။

နီမောင်ကတော့ အလုပ်လုပ်စရာရှိလျှင် ဆင်းလုပ်ပြီးနေ့ခင်းနေ့လယ် နေပူသောအချိန်၌ ခဏတစ်ဖြုတ် နားသောအချိန်တွင် ဘီလူးက ရောက်လာလေ့ရှိသည်။

သူလာသောအချိန်တွင် ဘီလူးအသွင်မျိုးဖြင့် ရောက်လာခြင်းမျိုးမဟုတ်ဘဲ တစ်ခါက အိပ်မက်ထဲမှ လူရွယ်ပုံသဏ္ဍာန်မျိုးဖြင့် ရောက်လာခြင်းဖြစ်သည်။

သူလာသောအခါ တောထဲမှ ထွက်လာလေ့ရှိသည်။ သူက လာသောအခါ စိတ်ဝင်စားစရာအကြောင်းများကို ပြောပြလေသည်။

"ငါက တခြားမဟုတ်ဘူး သူငယ်ချင်းရဲ့၊ ကျောက်ဘီလူးသိုက်ကို စောင့်ရတဲ့ ကျောက်ဘီလူး ငတေပဲ၊ ငါထိုင်နေတဲ့အောက်မှာ ဉစ္စာသိုက် ရှိတယ်"

"ဒါဖြင့် မင်း ထမင်းဖိုး ယူပေးနေတဲ့ ပိုက်ဆံတွေက





အဲဒီအထဲက ယူပေးနေတာပေါ့. . . ဟုတ်လား"

"အေး. . . ဟုတ်တယ်၊ ငါလည်း မင်းရောက်လာမှပဲ ထမင်းဝအောင် စားရတော့တယ်ကွာ၊ ဒီအတွက် မင်းတို့ကို ကျေးဇူးတင်ပါတယ်"

"အရင်က ဒီနေရာကို လူတွေ မလာကြဘူးလား"

"လာတော့ လာကြပါတယ်၊ ဒါပေမယ့် သူတို့က စိတ်ထားမကောင်းကြတော့ ကြာရှည်နေလို့ မရကြဘူး၊ ငါ့ကို မြင်တာနဲ့ တစ်ခါတည်း လန့်ပြေးကြတာပဲ"

"မင်းက ကြောက်အောင်လန့်အောင် လုပ်လို့လား"

"မဟုတ်ပါဘူးကွာ. . . ငါ့ခြောက်လို့ ပြေးတာမဟုတ်ပါဘူး၊ သူတို့လိပ်ပြာ သူတို့လန့်ပြီး ပြေးကြတာပါ၊ တကယ်ဆိုရင် ဒီလယ်ကွက်က လယ်ရိုင်းမဟုတ်ပါဘူး၊ မြေဆီမြေနှစ် အင်မတန် ကောင်းတဲ့လယ်ကွက်ပဲ၊ ငါပြောတာ မယုံရင် စောင့်ကြည့်၊ နွေရောက်တော့ စပါးတွေ အများကြီးရလိမ့်မယ်"

"ဒါဖြင့် တခြားလူတွေက ဘာကြောင့် လာမလုပ်ကြတာလဲ"

"ဒီနေရာက သိုက်ကုန်းတွေနဲ့ နီးတော့ တော်ရုံလူတွေ လုပ်လို့မရကြဘူး၊ ဟိုးဘက်မှာလည်း လယ်ကြီးတစ်ကွက် ရှိသေးတယ်၊ မလုပ်ကောင်းတဲ့လယ်ကြီးလို့ နာမည်ထွက်နေတဲ့လယ်ပေါ့၊ လာလုပ်တဲ့လူတိုင်း သေလို့ ဘယ်သူမှ ရေရှည်လုပ်လို့ မရကြသေးဘူး"

"အဲဒါ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.bur,eseclassic.com



"အဲဒီလယ်ကြီးထဲက တမံချောင်းအောက်မှာ ဥစ္စာသိုက် ရှိတယ်၊ သိုက်စောင့်တွေက အဲဒီလယ်မှာ လူတွေ မလုပ်နိုင် အောင် သတ်ပစ်နေတော့ ဘယ်သူလုပ်ဝံ့ကြမလဲ၊ အခုလည်း လုပ်နေကြပြန်ပြီ၊ တော်ကြာ နှစ်မကုန်တဲ့ ပြောင်းပြေးကြရလိမ့် ဦးမယ်၊ နားသာ ထောင်ထားပေတော့"

ထိုစကားကြားသောအခါ နီမောင့်စိတ်ထဲမှာ အနည်း ငယ်တော့ အံ့သြသွားလေသည်။

"အဲဒီလို အနှောင့်အယှက်ပေးနေတဲ့ မကောင်းဆိုးဝါး တွေကို ပရိတ်တော်တွေ၊ တရားတော်တွေ ရွတ်ပြီး နှင်ထုတ်ပစ် ရင် မရဘူးလား"

"ပရိတ်တော်၊ တရားတော်တွေကို အဆင့်နိမ့်တဲ့ ပရ လောကသားတွေ ဖြစ်တဲ့ ဖုတ်၊ ပြိတ္တာ၊ တစ္ဆေ၊ သရဲ၊ မှင်စာက ကြောက်ကြပေမယ့် အချို့ပရလောကသားတွေကျတော့ အဲဒါ တွေကို မကြောက်တဲ့အပြင် နာယူချင်ကြတဲ့ပုဂ္ဂိုလ်တွေလည်း ရှိတယ်ကွ၊ ပရလောကသားတိုင်း ပရိတ်တော်၊ တရားတော်တွေ ကို မကြောက်ကြဘူး"

"ဒါဖြင့် အဲဒီလယ်ကို လုပ်လို့ရအောင် ဘယ်လိုလုပ်ရ မလဲ"

"သူတို့နဲ့ မိတ်ဆွေဖြစ်အောင် လုပ်ရင် ရတာပေါ့ကွ၊ ပရိတ်တော် တရားတော်တွေ ရွတ်ရင် သူတို့နဲ့ ရန်သူဖြစ်သွားမှာ ပေါ့၊ အခု မင်းနဲ့ငါနဲ့လို မိတ်ဆွေဖြစ်အောင် လုပ်ရင် ရတာပေါ့"

ဟု ဘီလူးက ပြောပြလေသည်။





နောက်ပိုင်းရက်ကြာလာသောအခါ နီမောင်နှင့် ဘီလူး တို့သည် ရင်းနှီးသော မိတ်ဆွေသူငယ်ချင်းများအဖြစ်သို့ ရောက် ရှိလာကာ တစ်ယောက်အကြောင်းရှိလျှင် တစ်ဦးက အကူအညီ ပေးကြလေသည်။

"သူငယ်ချင်း. . ငါ့ကို ကြက်တစ်ကောင်လောက် ကြော် ယူလာခဲ့ပါ၊ ငါ မင်းကို လယ်ကွက်ကူရှင်းပေးပါ့မယ်"

ဟု မှာကြားလေရာ နီမောင်က မှာကြားသည့်အတိုင်း ကြက်ကြော်တစ်ကောင် ယူလာလေသည်။

ထိုအခါ ဘီလူးက. . .

"သူငယ်ချင်း. . . မင်း နေ့လယ်ဘက် တရေးတမော အိပ်ရင် မင်းကိုင်တဲ့ မြက်ခုတ်ဓားကို ငါ့ရဲ့ရှေ့မှာ ထောင်ထားပေး ပါ"

ဟု ပြောသဖြင့် နီမောင်က ပြောသည့်အတိုင်း ဓားကို ထောင်ထားပေးလိုက်သည်။

ထိုအခါ သူအိပ်နေစဉ်၌ နားထဲမှာ လူတစ်ယောက် တောခုတ်နေသောအသံများကို ကြားနေရသည်။

ဇဝေဇဝါဖြင့် မျက်လုံးဖွင့်ကြည့်တော့လည်း ဘာမှ မတွေ့ရပေ။

သို့သော် အိပ်ပျော်ရာမှ နိုးလာ၍ ကြည့်လိုက်သော အခါ မြက်ရိုင်းတော အတော်များများမှာ ခုတ်ထွင်ရှင်းလင်းပြီး နေသည်ကို တွေ့ရလေသည်။

နောက်ရက်များမှာလည်း ဘီလူးက. . .

www.burmeseclassic.com

www.bur,eseclassic.com



"သူငယ်ချင်း. . ဘယ်နေရာက သစ်ပင်ကိုတော့ လုံးဝ မခုတ်နဲ့၊ အဲဒီနေရာမှာ ဘယ်သူရှိတယ်၊ ဘယ်နားက မြေကို တော့ လုံးဝမတူးနဲ့၊ မြေဘုတ်ဘီလူး ရှိတယ်"

ဟု ပြောပြရုံမက. . .

"မင်းတို့ရွာက သေသွားတဲ့ ဘယ်သူက ဘယ်သစ်ပင် မှာ သရဲဘဝနဲ့ နေရတယ်၊ ဘယ်သူကတော့ ဘယ်လိုကုသိုလ် ကောင်းမှုအကျိုးကြောင့် ဘယ်လိုဘုံဘဝကို ရောက်သွားပြီ"

စသောအကြောင်းများကို ပြောပြလေသည်။

တစ်ခါတစ်ရံ ဘီလူးက နီမောင် ပြန်သွားသောအခါ ဓားကို ယူထားလိုက်ပြီး ကိုင်းတော၊ မြက်တောများကို ရှင်းလင်း ပေးတတ်လေသည်။

ညဘက်၌ ရုပ်တုရှေ့၌ ဓားထောင်ထားခဲ့ရပြီးနောက် တစ်နေ့ သူတို့ ရောက်သွားသောအခါ မြေကွက်အချို့ ရှင်းလင်း ပြီးနေသည်ကို တွေ့ရလေသည်။

ထိုအခါ စောစောက သားအတွက် စိုးရိမ်နေသော အ ဖေဖြစ်သူကပင်. . .

"နီမောင်. . . မင်းသူငယ်ချင်းက တယ်ဟုတ်ပါလားဟ၊ ဒီအတိုင်းသာ သူ ကူရှင်းပေးရင် မိုးကျတဲ့အခါ တို့လယ်ကွက် အတော်များများ လုပ်နိုင်မှာ သေချာတယ်ဟေ့"

ဟု ဝမ်းသာသော အမူအရာဖြင့် ပြောလေသည်။

မည်သို့ပင်ဖြစ်စေ. . .

နီမောင်တို့ မိသားစုတစ်တွေမှာ ကျုံပျော်ရွာသို့ ရောက်





ခဲ့ကြပြီးနောက်ပိုင်းတွင် အတန်အသင့် ချောင်လည်မှု ရရှိခဲ့လေ သည်။

ရက်ပိုင်းလပိုင်းအတွင်းမှာ စီးပွားရေး ချောင်လည်လာ သော သူတို့ကို ကြည့်ပြီး အားလုံးက အံ့ဩနေကြလေသည်။ သူကြီးက ဘီလူးရုပ်တု ရှိသော မြေရိုင်းကွက်ကို လယ်လုပ်ဖို့ ချပေးလိုက်စဉ်က အချို့က. . .

"သူကြီးကတော့ တစ်နယ်တစ်ကျေးက ဘုမသိဘမသိ နဲ့ ရောက်လာကြတဲ့လူတွေကို ဒုက္ခပေးပြန်ပြီနဲ့ တူတယ်၊ ဒီမြေ ရိုင်းကွက်က ဘယ်တုန်းကမှ လုပ်လို့မရတာ သူအသိသားနဲ့ကွာ"

ဟု ပြောသည်။ အချို့ကလည်း. . .

"ဟုတ်ပါ့ဗျာ. . . တော်ကြာ ဘယ်နေ့ ဘာသံကြားရမ လဲ မသိဘူး၊ သူတို့လည်း ရှေ့ကလူတွေအတိုင်း ဘယ်နေ့ ထွက် ပြေးရမလဲဆိုတာ စောင့်သာကြည့်ပေါ့ဗျာ"

"အညာသားတွေတော့ အောက်ပြည်အောက်ရွာ အ ကြောင်း မသိကြဘဲနဲ့ ဒုက္ခတွေ့ကြတော့မှာပဲ"

ဟု အမျိုးမျိုး မှတ်ချက်ပေးကြလေသည်။

သို့သော်လည်း သူတို့ထင်သလို ဖြစ်မလာဘဲ နီမောင်တို့ မိသားစုမှာ တစ်နေ့တစ်ခြား အဆင်ပြေလာသည်ကို မြင်သော အခါ အံ့ဩနေကြလေသည်။

ဤသို့ဖြင့် မိုးဦးကျ ရောက်သောအခါ နွားတစ်ရှဉ်း ငှား၍ ထွန်ယက်ကာ စပါးစိုက်ပျိုးနိုင်ကြလေသည်။ စပါးပင်များ စိုက်ပျိုးထားပြီးသောအခါ လယ်ထဲမှာ သွားမနေနိုင်ကြသော



www.burmeseclassic.com

www.bur,eseclassic.com



ကြောင့် သည်အတိုင်းပင် ထားရလေသည်။

ထိုအခါ နီမောင်က သူ့မိတ်ဆွေကို ပြောရသည်။

"သူငယ်ချင်း. . . ငါတို့က ဒီမှာနေစရာတဲလည်း မရှိသေးတော့ လာမနေနိုင်ကြသေးဘူး၊ ဒီတော့ စပါးခင်းတွေ မပျက်စီးရအောင် မင်းက နည်းနည်းကြည့်ပေးကွာ"

"အေး. . . ကြည့်ပေးပါ့မယ်၊ ဒါထက် မင်းက လယ်ထဲကို မလာတော့ဘူးလား"

"လာတော့ လာရမှာပေါ့၊ မင်းကို ထမင်းလာပို့ပေးရဦးမှာ မဟုတ်လား"

"ကျေးဇူးပါပဲ သူငယ်ချင်းရယ်၊ ငါ့ကို ထမင်းနဲ့ဟင်းတော့ လာပို့ပေးပါ"

"စိတ်ချ. . . စိတ်ချ၊ ငါ နေ့တိုင်း လာပို့ပေးမယ်"

ဟု ကတိကဝတ် ပြုကြလေသည်။

ဤသို့ဖြင့် လယ်ကွက်ထဲတွင် နီမောင်တို့ မရှိသောအချိန်တွင် စပါးခင်းကို ဝင်ရောက်ဖျက်ဆီးရန် ရောက်လာကြသော ကျွဲနွားများကို တင်းပုတ်ထမ်းထားသော လူတစ်ယောက်က လိုက်လံခြောက်လှန့် မောင်းနှင်ပစ်လေသည်။

နီမောင်ကလည်း နေ့စဉ် ထမင်းနှင့်ဟင်းကို မှန်မှန်သွားပို့ပေးလေသည်။

သူတို့မိသားစုသုံးယောက်မှာလည်း ကျောက်ဘီလူး ပေးသော ငွေနှစ်ကျပ်နှင့်ပင် တစ်နေ့တစ်နေ့ စားလောက်နေလေရာ တစ်နေ့တစ်ခြား အဆင်ပြေလာလေသည်။ သို့သော်. . .





ကြက်၊ ဝက်၊ အမဲ၊ သား၊ ငါးများကို နေ့စဉ် တစ်ပိဿာခန့် အမြဲဝယ်ယူနေသည်ကို မြင်သောအခါ အိမ်နီးချင်း၊ ခြံနီးချင်းများက တီးတိုးပြောဆိုကြလေသည်။

"ဟဲ့. . . အညာဘက်က အခုမှ ပြောင်းလာကြတဲ့ လူသစ်တွေက ဝက်တွေ၊ ကြက်တွေ၊ ဘဲတွေကို နေ့တိုင်းဝယ်လှချည်လားဟဲ့"

"ဟုတ်တယ် အရီးမြရဲ့၊ ဝယ်လိုက်ရင်လည်း နည်းနည်း မဟုတ်ဘူး၊ ပိဿာလိုက်ချည်းပဲ၊ ရိုးမှရိုးကြရဲ့လား မသိဘူး"

"ကြားရတာတော့ သူတို့တစ်တွေ ဆင်းရဲလွန်းလို့ ဒီဘက်ကို ဆင်းလာကြတယ်လို့ ပြောသံကြားတာပဲ၊ ဒါကြောင့် သူကြီး ဦးဘိုးမောင်က ဘယ်သူမှ မလုပ်ဝံ့တဲ့ လယ်ရိုင်းကို အခမဲ့ ချပေးထားတာပဲ၊ တခြားလူတွေသာ လုပ်လို့ အဆင်မပြေကြတာ၊ သူတို့ လုပ်တော့လည်း ဘာသံမှ မကြားရပါလား"

"ဟုတ်တယ် အရီးမြရဲ့၊ တစ်နွေလုံး လုပ်နေတာ ဘာမှ မဖြစ်ကြလို့ အခု ကောက်စိုက်ချိန်ရောက်လို့ ကောက်တောင် စိုက်ထားပြီးပါပကောလား"

"အင်း. . . အဲဒါကတော့ နည်းနည်းဆန်းသလိုပဲ၊ တစ်ခုခုတော့ တစ်ခုခုပဲ"

ရွာသူရွာသားများမှာ သည်လောက်သာ ပြောနိုင်သော်လည်း ထိုထက်တော့ ဘယ်သူမှ ပိုမသိကြပေ။

တစ်နေ့ နီမောင်တစ်ယောက်တည်း ဓားတစ်လက်နှင့် ထမင်းထုပ် ဆွဲကာ ရွာထဲမှ ထွက်လာစဉ် သူတို့နှင့် ခြံနီးချင်း



www.burmeseclassic.com

www.bur,eseclassic.com



ဖြစ်သော 'တိုးမောင်' ဆိုသော လူရွယ်တစ်ယောက်နှင့် လယ်စပ်၌ ဆုံကြလေသည်။

သူတို့သည် ရွယ်တူချင်းလည်းဖြစ်၊ ခြံနီးချင်းလည်း ဖြစ်သောကြောင့် တစ်ယောက်နှင့်တစ်ယောက် သိကျွမ်းနေလေသည်။

"မင်းဘယ်သွားမလို့လဲ နီမောင်"

"လယ်ထဲ သွားမလို့ကွ"

"မင်းတို့လယ်ကွက်က စပါးစိုက်ပြီးပြီ မဟုတ်လား"

"ဟုတ်တယ်လေ"

"လယ်စိုက်ပြီးနေတာတောင် ဘာသွားလုပ်မှာလဲ"

တိုးမောင် မေးသောလေသံမှာ သင်္ကာမကင်း ရှိသောလေသံမျိုးဖြစ်လေသည်။

"လယ်စိုက်ပြီးလည်း ကျွဲနွားတွေ ဝင်မှာစိုးလို့ ဒီလိုပဲ သွားကြည့်ရတာပေါ့ကွာ"

"မင်းတို့လယ်ကွက်ထဲမှာ အစောင့်ရှိတယ် မဟုတ်လား"

ထိုစကားကြောင့် နီမောင်မှာ အံ့သြသွားလေသည်။

"ဘာဖြစ်လို့လဲ"

"မင်းတို့ မရောက်ခင်က အဲဒီနေရာက ကျွဲနွားတွေရဲ့ စားကျက်ကွ၊ ဒါကြောင့် ကျွဲတွေ နွားတွေက လွှတ်လိုက်တာနဲ့ အဲဒီနေရာဘက်ကိုပဲ သွားကြတယ်၊ ဒါပေမယ့် အဲဒီလယ်ဘက် ရောက်တာနဲ့ တင်းပုတ်ကိုင်ထားတဲ့ လူတစ်ယောက် ထွက်ထွက်လိုက်တာနဲ့ ထွက်ပြေးကြရတယ်လို့ ပြောသံကြားရတယ်"





"ငါတို့ကတော့ ဘယ်သူ့ကိုမှ အစောင့်မထားပါဘူး၊ ပတ်ဝန်းကျင်က လူတွေက စောင့်ရှောက်ပေးတာ ဖြစ်မှာပေါ့"

ဟု စကားကို ထိန်း၍ပြောလိုက်သည်။

တိုးမောင်အနေကတော့ ထိုစကားကို အယုံအကြည် သိပ်မရှိလှပေ။ အဘယ်ကြောင့်ဆိုသော် . . .

ထိုနေရာတစ်ဝိုက်တွင် လူနေသော တဲမရှိဘဲ မလှမ်းမကမ်းမှာ သင်္ချိုင်းကုန်းနှင့် ဇရပ်ဟောင်းတစ်ဆောင်သာ ရှိသောကြောင့်ဖြစ်သည်။

"ဒါထက် မင်းလက်ထဲက ဘာထုပ်ကြီးလဲ"

"ထမင်းထုပ်လေ"

"မင်းတစ်ယောက်တည်း စားမယ့် ထမင်းထုပ်ကလည်း ကြီးလှများလှချည်လား"

"များများယူသွားတော့ ပတ်ဝန်းကျင်မှာ ရှိတဲ့လူတွေကို ကျွေးရတာပေါ့ကွာ၊ ကဲ . . နေမမြင့်ခင် ငါသွားလိုက်ဦးမယ် ဟေ့"

ဟု ပြောကာ နီမောင်က မြက်ခုတ်ဓားက တစ်ဖက်၊ ထမင်းထုပ် လျှိုထားသော ထမ်းပိုးကို ထမ်းကာ တစိုက်စိုက်နှင့် ထွက်သွားရာ နောက်မှာ ကျန်ခဲ့သော တိုးမောင်မှာ နားမလည်သော အမူအရာဖြင့် လှမ်းကြည့်နေလေသည်။

www.burmeseclassic.com

www.bur,eseclassic.com





## အခန်း(၇)

# ဦးဗန်ကောင်းနှင့် ပရလောကအကြောင်း

တစ်နေ့တွင် အဖေရော အမေပါ ရွာထဲသို့ သွားနေသဖြင့် နီမောင်တစ်ယောက်တည်း အုန်းခြံထဲမှာ ရှိနေစဉ် သူနှင့်ရွယ်တူခန့် ရှိသော မိန်းကလေးတစ်ယောက် ရောက်လာလေသည်။

ထိုမိန်းကလေးကို မြင်သည်နှင့် သူတို့မိသားစု၏ကျေးဇူးရှင် သူကြီးဦးဘိုးမောင်၏သမီး မြသီတာမှန်း သိလိုက်သဖြင့် တဲအတွင်းမှ အပြင်သို့ ထွက်သွားလေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.bur,eseclassic.com



"ကျွန်တော် ဘာလုပ်ပေးရမလဲ အစ်မလေး"

သူနှင့် ရွယ်တူလောက် ရှိသော ယောကျ်ားလေးတစ်ယောက်က သူ့ကို 'အစ်မလေး' ဟု ခေါ်သဖြင့် မြသီတာ နည်းနည်း ရယ်ချင်သွားသည်။

"အိမ်မှာ ဧည့်သည်တွေ ရောက်နေလို့ အဖေက အုန်းသီး လေးငါးလုံးလောက် ခူးခိုင်းလိုက်တယ်၊ ရှင်ခူးပေးနိုင်မလား"

ထိုစကားကြောင့် နီမောင်က အတောင်နှစ်ဆယ် သုံးဆယ်မြင့်သော အုန်းပင်များကို မော့ကြည့်လိုက်သည်။

တကယ်တော့ သူ အုန်းပင်မတက်တတ်ပေ။

အညာမှာ နေစဉ်က မန်ကျည်းပင်လောက်သာ တက်ဖူးလေရာ ယခုလို အကိုင်းအခက် မရှိသော အုန်းပင်ကို တက်လို့ ရပါ့မလားဟု တွေးနေမိသည်။

"ရှင် အုန်းပင်မတက်တတ်ဘူးလား"

"တစ်ခါမှတော့ မတက်ဖူးဘူး"

"အုန်းပင်တက်တာ လွယ်ပါတယ်၊ ပုဆိုးကွင်း လုပ်ရင်လုပ်၊ ဒါမှမဟုတ် ကွမ်းသီးဖက်နဲ့ ခြေကွင်းလုပ်ရင်လည်း ရတယ်၊ ပြီးရင် လက်တစ်ဖက်က အုန်းပင်ကို ဖက်ထား၊ ကျန်တဲ့လက်တစ်ဖက်က ရင်ဘတ်နဲ့ မထိအောင် တွန်းထားပေးပြီး ကန်တက်သွားရင် ရတယ်"

"ကျွန်တော်တက်ကြည့်ပါ့မယ်"

"ဖြစ်ပါ့မလား. . . တော်ကြာ ပြုတ်ကျနေဦးမယ်"

"ရအောင်တက်ပါ့မယ်"





နီမောင်က ပုဆိုးကို နှစ်ခေါက်ကျော့၍ကွင်းလုပ်သည်။

ထို့နောက် ဓားတစ်လက်ကို ခါးကြားထိုး၍ မြသီတာ ပြောသည့်အတိုင်း စ,တက်သည်။

ပထမတော့ အဆင်မပြေလှ။

သူက အုန်းပင်လုံးကို လက်နှစ်ဖက်ဖြင့် တအားဖက်ထားသောကြောင့် ရင်ဘတ်တွေ ပွန်းကုန်ပြီး အပေါ်သို့ မရောက်ပေ။

"အဲဒီလို တက်နေရင် ရင်ဘတ်တွေ ပွန်းကုန်ပြီး အပေါ်ကို တော်တော်နဲ့ ဘယ်ရောက်မှာလဲ၊ လက်တစ်ဖက်က အုန်းပင်ကို ဖက်ထားပြီး ကျန်တဲ့လက်တစ်ဖက်က အုန်းပင်နဲ့ရင်ဘတ် မထိအောင် တွန်းထားပြီး ကန်တက်မှ အပေါ်ရောက်မှာပေါ့"

အလေ့အကျင့် မရှိသောကြောင့် ဒီလိုတော့လည်း သူ မတက်ဝံ့ပေ။

ဒါကို ရိပ်မိသော မြသီတာက. . .

"အဲဒီလို မတက်ဝံ့ရင် အောက်ကို ပြန်ဆင်းလာပြီး ကွမ်းသီးဖက်နဲ့ လက်ကိုင်ကွင်းလုပ်ပြီး တက်ရင် ရတယ်၊ သူက အချိန်တော့ နည်းနည်းကြာတယ်၊ ဒါပေမယ့် လူသက်သာတယ်"

နီမောင် အောက်သို့ ပြန်ဆင်းလာပြီး မြသီတာ ပြောသည့်အတိုင်း ကွမ်းသီးဖက်ဖြင့် လက်ကိုင်ကွင်း လုပ်ကာ နောက်တစ်ကြိမ် တက်သောအခါ လျင်လျင်မြန်မြန် မဟုတ်သော်မှ အဆင်ပြေစွာဖြင့် အပေါ်ရောက်အောင် တက်နိုင်လေသည်။ အပေါ်သို့ ရောက်သောအခါ ရင့်နေသည့် အုန်းခိုင်တစ်ခိုင်ကို



www.burmeseclassic.com

www.bur,eseclassic.com



မားဖြင့် ခုတ်ချပြီးနောက် ချောချောမောမော အောက်သို့ ပြန်ဆင်းလာနိုင်သည်။

အောက်သို့ ပြန်ရောက်လာသောအခါ ရင်ဘတ်တစ်ခုလုံး နီရဲနေကာ စပ်ဖျဉ်းဖျဉ်း ဖြစ်နေသော်လည်း သူ့ရင်ထဲမှာ ကျေနပ်နေလေသည်။

အဘယ်ကြောင့်ဆိုသော် . . .

သူ မသိသေးသော အတွေ့အကြုံတစ်ခုကို ရလိုက်သောကြောင့် ဖြစ်လေသည်။

"ရှင် အရင်က အုန်းပင် တစ်ခါမှ မတက်ဖူးဘူးလား"

နီမောင်က မျက်နှာပေါ်မှ ချွေးများကို ပုဆိုးစဖြင့် သုတ်ရင်း ခေါင်းခါပြလိုက်သည်။

"ဒါဖြင့် ရှင်ဘယ်ဆိုးလို့လဲ၊ ဒီရွာမှာမွေး ဒီရွာမှာ ကြီးတဲ့လူတွေတောင် အုန်းပင်မတက်တတ်တဲ့လူတွေ အများကြီး ရှိကြတယ်"

"မတတ်လို့ မလုပ်ဘဲနေရင် ဘယ်တော့မှ တတ်မှာမဟုတ်ဘူး၊ ဘယ်အလုပ်မဆို အရင်းအနှီးတော့ စိုက်ရတာပေါ့၊ တချို့က ဒဏ်ရာဒဏ်ချက်တွေနဲ့ ရင်းရတယ်၊ တချို့ဆိုရင် အသက်နဲ့တောင် ရင်းကြရတာပဲ၊ အတတ်ပညာပဲဖြစ်ဖြစ်၊ အရာဝတ္ထုတစ်ခုခုပဲဖြစ်ဖြစ် ကိုယ့်ဘက်က တစ်စုံတစ်ခု ပြန်မပေးဘဲနဲ့ ဘယ်တော့မှ မရနိုင်ပါဘူး"

ထိုစကားကြားတော့ မြသီတာက သဘောကျစွာ ပြုံးလိုက်သည်။





"ရှင့်ရဲ့ဖွဲ့သတ္တိကတော့ ယောကျ်ားတစ်ယောက်မှာရှိသင့်ရှိထိုက်တဲ့ ဖွဲ့သတ္တိမျိုးပါပဲ၊ ဒီလိုစိတ်ထားမျိုး ရှိတဲ့လူတွေဟာ ဘယ်တော့မှ မဆင်းရဲဘူးလို့ ကျွန်မကြားဖူးတယ်၊ ဒါထက် ရှင့်နာမည် ဘယ်လိုခေါ်သလဲ"

"နီမောင်ပါ"

"ကျွန်မနာမည် မြသီတာလို့ ခေါ်တယ်၊ ရှင် ကျွန်မတို့ခြံထဲမှာ နေတဲ့အခိုက် လိုတဲ့အကူအညီ ရှိရင် လာပြောပေါ့"

"ကျေးဇူးတင်ပါတယ် အစ်မလေး"

"ကျွန်မကို အစ်မလေးလို့ မခေါ်ပါနဲ့၊ အားလုံးကတော့ 'မြလေး' လို့ ခေါ်ကြတယ်၊ ရှင်လည်း သူများတွေလိုပဲ ခေါ်ပေါ့"

"ဟုတ်ကဲ့ မမြလေး"

"မမြလေး မလုပ်ပါနဲ့ရှင်၊ ကျွန်မက ရှင်နဲ့ ရွယ်တူလောက်ပဲ ရှိတာ၊ မြလေးလို့ပဲ ခေါ်ပါ"

"ဟုတ် . . . ဟုတ်ကဲ့"

"ဒါထက် ရှင်နဲ့ တွေ့တုန်း မေးရဦးမယ်၊ အခုလုပ်တဲ့လယ်ကွက်မှာ ရှင်တို့ ဘယ်လိုအနှောင့်အယှက်မှ မတွေ့ရဘူးလားဟင်"

"မတွေ့ရပါဘူး . . . ဘာဖြစ်လို့လဲ"

"အဲဒီနေရာက ကြမ်းတယ်ဆိုလား ဘာဆိုလား မသိပါဘူး၊ တစ်ယောက်မှ နှစ်ပေါက်အောင် မလုပ်နိုင်ကြဘူး၊ ထွက်ပြေးကြရတာချည်းပဲ"

"အဲဒါ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.bur,eseclassic.com



"ကျွန်မလည်း သိပ်တော့ မသိပါဘူး၊ လူကြီးတွေ ပြောသံကြားရတာကတော့ သိုက်ကုန်းရှိတယ်ဆိုလား ဘာဆိုလားပဲ"

"ကျွန်တော်တို့က သူတို့ကို ဖျက်စီးအောင် လုပ်နေတာမှ မဟုတ်ဘဲ၊ ကိုယ့်ဝမ်းစာအတွက် ကိုယ်လုပ်တာပဲ၊ အနှောင့်အယှက် ပေးစရာမလိုပါဘူး"

"ဟင်း . . . နည်းနည်းတော့ ထူးဆန်းသလိုပဲ၊ ဒါပေမယ့် ရှင်တို့လည်း သူများတွေလို တစ်နှစ်မှ ကုန်အောင် လုပ်နိုင်ပါ့မလားဆိုတာ စောင့်ကြည့်ရဦးမယ်"

ဟု ပြောကာ မြသီတာက ပြန်ရန် ဟန်ပြင်သောအခါ နီမောင်က အုန်းခိုင်ထမ်းကာ လိုက်ပို့ပေးလေသည်။

လယ်ယာအလုပ်တစ်ခုတည်းကို လုပ်ကိုင်ကြသူများ အဖို့ စပါးစိုက်ပျိုးပြီး၍ ထွန်တုံးပိတ်ရာသီရောက်လျှင် အခြားအလုပ်များကို လုပ်ကိုင်ကြရလေသည်။

နီမောင်တို့မှာတော့ ကျောက်ဘီလူးက တစ်နေ့လျှင် နှစ်ကျပ်ပေး၍ ထမင်းလခ ပေးစားနေလေရာ ပိုပိုလျှံလျှံ မရှိသော်လည်း ထမင်းစားဖို့တော့ မပူကြရပေ။ လယ်ယာလုပ်ငန်း မရှိသောရက်တွင် နီမောင်သည် သူကြီး ဦးဘိုးမောင်တို့အိမ်မှ ဝေယျာဝစ္စအလုပ်များနှင့် ဆေးဆရာကြီး ဦးဗန်ကောင်းအိမ်မှ အလုပ်များကို သွားရောက်လုပ်ကိုင်ပေးလေသည်။

ဆေးဆရာကြီး ဦးဗန်ကောင်းက. . .

"နီမောင်. . . မင်းနဲ့ မတွေ့ရတာလည်း အတော်ကြာပြီ၊ ကျောက်ဘီလူးရုပ် ရှိတဲ့ မြေကွက်မှာ အလုပ်လုပ်ရတာ အဆင်





ပြေရဲ့ မဟုတ်လား"

ဟု မေးသည်။

"အဆင်ပြေပါတယ် အဘ"

"ဘာတွေ တွေ့ရကြုံရသလဲဆိုတာ ငါ့ကိုလည်း ပြောပြပါဦး"

နီမောင်က ကျောက်ဘီလူးရုပ်နှင့် တွေ့ရပုံအကြောင်းများကို ပြန်ပြောပြလိုက်သည်။

သူပြောသမျှကို ဆရာကြီး ဦးဗန်ကောင်းက ကွမ်းတမြုံ့မြုံ့ ဝါးရင်း နားထောင်နေသည်။

စကားဆုံးသောအခါမှ. . .

"ဒီနေရာက မင်းရဲ့ဘဝဆက် ရှိတယ်ဆိုတာကတော့ သေချာပါတယ်၊ အဲဒီနေရာက ကျောက်ဘီလူးသိုက် ရှိတယ်၊ နယ်မြေကြမ်းလွန်းလို့ ဘယ်သူမှ လုပ်မရတာလည်း အမှန်ပဲ၊ ဒီလိုနေရာမျိုးတွေ သူတို့နဲ့ အဆက်အသွယ်ရှိတဲ့လူတွေသာ လက်ခံကြတာ၊ အခု မင်းကို လက်ခံပြီဆိုတော့ မင်းရဲ့ဘဝဆက် ရှိတယ်ဆိုတာ သေချာပြီပေါ့"

"ကျောက်ဘီလူးသိုက်ဆိုတာ ဘယ်လိုသိုက်မျိုးလဲ အဘ"

"ရှေးအခါက ဒီနေရာတွေတဝိုက်မှာ မွန်လူမျိုးတွေ နေတဲ့ရွာတွေ ရှိခဲ့ကြတယ်၊ အဲဒီရွာတွေမှာ ကြွယ်ဝချမ်းသာသူတွေလည်း ရှိခဲ့ကြတယ်၊ နောက်တော့ မြန်မာဘုရင်နဲ့ စစ်ပွဲတွေ ဖြစ်ခဲ့ကြတဲ့နောက် စစ်ရှုံးပြီး ပြေးကြရတယ်"



www.burmeseclassic.com

www.bur,eseclassic.com



"ဟုတ်ကဲ့ အဘ"

"ရှေးအခါက မွန်လူမျိုးတွေ နေတဲ့ မုတ္တမနယ်ဘက်တွေမှာ ဘီလူးနဲ့ တူတဲ့ စမင်လူမျိုးတွေ ရှိခဲ့ကြတယ်၊ တကယ်တော့ စမင်လူမျိုးတွေဟာ ရေဘီလူးလို့ ခေါ်ရလောက်အောင် အရုပ်ဆိုးတဲ့လူတွေပဲ"

"ဟုတ်ကဲ့"

"နောက်တော့ မွန်လူမျိုးမင်းသားတစ်ပါးကို အကြောင်းပြုပြီးတော့ သဟဇာတ ဖြစ်သွားကြတယ်လို့ ရာဇဝင်ရှိတယ်၊ ဒါကြောင့် မွန်လူမျိုးတွေ နေထိုင်တဲ့နေရာအတော်များများမှာ ဘီလူးရုပ်တွေ တွေ့ရလေ့ရှိတယ်၊ အများအားဖြင့် အောက်ပိုင်းအရပ်ဒေသတွေမှာ နေကြတဲ့လူတွေဟာ ရန်ကို ကာကွယ်စောင့်ရှောက်တဲ့အနေနဲ့ ဘီလူးရုပ်တုတွေ ထားလေ့ရှိကြတယ်"

"ဟုတ်ကဲ့ အဘ"

"ရှေးက ဒီအရပ်ဒေသသတွေမှာ နေထိုင်ကြတဲ့လူတွေထဲမှာ ကြွယ်ဝချမ်းသာတဲ့လူတွေ ရှိခဲ့ကြတယ်၊ သူတို့တစ်တွေ ကွယ်လွန်တဲ့အခါကျတော့ သူတို့ ပိုင်ဆိုင်တဲ့ ရတနာပစ္စည်းတွေကို မြေအောက်မှာ မြှုပ်နှံထားခဲ့ကြတယ်၊ အစီအရင်တွေ ပြုလုပ်ပြီးတော့ အစောင့်အရှောက်တွေကိုလည်း ထားခဲ့ကြတယ်"

"အစီအရင် လုပ်တယ်ဆိုတာ ဘယ်လိုဟာမျိုးလဲ အဘ"

"ရှေးကလူတွေက ဂမ္ဘီရလို့ ခေါ်တဲ့အစီအရင်ပညာတွေ တတ်ကျွမ်းကြတယ်၊ ဥပမာ လူမရှိတဲ့ အုန်းခြံ၊ ကွမ်းသီးခြံ၊ တညင်းခြံ၊ ဒူးရင်းခြံတွေထဲကို လူမဝင်နိုင်အောင် အစီအရင်တွေ





လုပ်ထားလေ့ ရှိတယ်၊ အဲဒီခြံတွေထဲကို သစ်သီးဝင်ခိုးတဲ့လူဟာ အန္တရာယ်တစ်ခုခုနဲ့ သေကြတာများတယ်"

"အဲဒါ ဘယ်လိုအစီအရင်မျိုးတွေလဲ အဘ"

"ဒါက တန်ပြန်စီရင်နည်းတွေပဲလေ၊ ဥပမာ ခြံထဲမှာ စပါးလင်ပင်ကို သွေးခံစိုက်ထားပြီး သွေးရည်လောင်းပေးလို့ သုံးနှစ်ပြည့်ရင် အဲဒီစပါးလင်ပင်ဟာ မိစ္ဆာဓါတ် ဝင်လာလေ့ ရှိတယ်၊ အဲဒီအပင်ကို ပြန်တူးကြည့်တဲ့အခါ စပါးလင်ခေါင်းထဲမှာ သရဲရုပ်၊ ဒါမှမဟုတ် ဘီလူးခေါင်းရုပ် ပေါ်နေတတ်တယ်"

"ဟင်. . . ကြောက်စရာပါလား၊ အဲဒီလို ပေါ်လာတော့ ဘယ်လိုဖြစ်သလဲ အဘ"

"အဲဒီလို ပေါ်လာတဲ့အခါ ခြံထဲကို လူစိမ်းဝင်လို့ မရတော့ဘူး၊ ဝင်ပြီး မဟုတ်တာ လုပ်တာနဲ့ သေမှာပဲ၊ ဒါပေမယ့် တစ်ခုတော့ ရှိတယ်၊ အဲဒီလို မိစ္ဆာဓါတ် ဝင်လာတဲ့အပင်တွေကိုလည်း အသားစိမ်း၊ ငါးစိမ်းနဲ့ သွေးရည်တွေ မပြတ်လောင်းပေးရတယ်၊ မိစ္ဆာဓါတ် ကြီးလာလေလေ ကျွေးရတဲ့ အရေအတွက်ကလည်း များလာလေလေပဲ"

"အဲဒီလို မကျွေးရင် ဘယ်လိုဖြစ်သလဲ အဘ"

"မကျွေးရင် ပိုင်ရှင်ကို ဒုက္ခပြန်ပေးလေ့ရှိတယ်"

"ဟင်. . . ကြောက်စရာပါလား"

"မိစ္ဆာဆိုတာ ဒီလိုပါပဲ၊ လူကို ကောင်းကျိုးပြုတာ နည်းပါတယ်၊ ပရလောကသားဆိုတာ အဆင့်နိမ့်သည်ဖြစ်စေ၊ အဆင့်မြင့်သည်ဖြစ်စေ သူတို့မှာ ကမ္မဇိဒ္ဓိ ရှိလေတော့ ဖန်ဆင်း



www.burmeseclassic.com

www.bur,eseclassic.com



နိုင်တဲ့စွမ်းအား ရှိတယ်၊ ဒါကြောင့် လူတစ်ယောက် ကံနိမ့်လာပြီဆိုရင် ဒုက္ခပေးနိုင်တယ်"

"ဒါဖြင့် ပရလောကသားတိုင်း လူတွေကို ဒုက္ခပေးလေ့ရှိသလား အဘ"

"ဒီလိုတော့လည်း မဟုတ်ပါဘူး၊ မိစ္ဆာမဟုတ်တဲ့ အချို့ပရလောကသားတွေက လူတွေကို အကူအညီပေးတာလည်းရှိပါတယ်၊ အခု ကျောက်ဘီလူး ငတေက မင်းကို အကူအညီပေးနေတာမျိုးပေါ့၊ အချို့တစ္ဆေသရဲတွေဆိုရင် သူတို့ မှီခိုနေထိုင်တဲ့ရွာတွေကို ဓားပြလာတိုက်တာကိုတောင် ရွာက လူတွေကိုအသိပေးပြီး ဓားပြတွေကို ခြောက်လှန့်ပစ်ခဲ့တဲ့ သာဓကတွေရှိတယ်"

"ဒါဖြင့် ဥစ္စာစောင့်ဆိုတာရော ဘယ်လိုဟာမျိုးလဲအဘ"

ဦးဇန်ကောင်းက ကွမ်းအစ်ထဲမှ ကွမ်းတစ်ယာကို ယာစားပြီးမှ စကားဆက်ပြောလေသည်။

"ဥစ္စာစောင့်ဆိုတာ ပစ္စည်းဥစ္စာတွေကို စောင့်ရှောက်ရတဲ့ ပရလောကသားတွေပဲ၊ အချို့က ကိုယ်ပိုင်ပစ္စည်းဥစ္စာတွေကိုစွဲပြီး ဥစ္စာစောင့် ဖြစ်ရတယ်၊ အမေရိကားက သူဌေးကြီးတစ်ယောက်ရဲ့ဥစ္စာသိုက်ဆိုရင် လူ့ဘဝကလိုပဲ တိုက်တာအိုးအိမ်အဆောင်အယောင်နဲ့ နေပြီး သူတို့ တွေ့ချင်တဲ့လူဆိုရင် တိုက်ထဲအထိ ဝင်ခွင့်ပေးကြတယ်၊ နောက်တော့ သူ့သမီးကို လူတစ်ယောက်နဲ့ ပေးစားဖို့ စီစဉ်ပြီးမှ အဲဒီလူက ရိပ်မိသွားတာကြောင့်





တစ်နယ်တစ်ကျေးကို ထွက်ပြေးသွားရတယ်"

"ဥစ္စာစောင့်နဲ့လူနဲ့ အဲဒီလို ပေါင်းသင်းလို့ရော ရသလားအဘ"

"ရှိတာပေါ့ကွယ်. . . မင်းစိတ်ဝင်စားရင် ဥစ္စာစောင့်နဲ့လူ ရလို့ သားသမီးတောင် ရခဲ့တဲ့အကြောင်းကို အဘ ပြောပြပါ့မယ်"

ဟု အစချီကာ အောက်ပါဖြစ်ရပ်မှန်တစ်ခုကို ပြောပြလေသည်။



www.burmeseclassic.com



www.bur,eseclassic.com



# အခန်း(၈)

# ကျွဲဂူထဲမှ ပြဇာတ်ရပ်ဆန်း

သထုံခရိုင် ဘားအံမြို့အပိုင် ကော့ကွန်းရွာ၏အနီးတွင် 'ကော့ကွန်း' ဟု အမည်ရှိသော ဂူကြီးတစ်ဂူ ရှိလေသည်။

ထိုဂူကြီးထဲ၌ သီလ သမာဓိ သိက္ခာနှင့် ပြည့်စုံသော ဦးသောမဆိုသော ဘုန်းတော်ကြီးတစ်ပါး သီတင်းသီလ ဆောက်တည်လျက် နေလေသည်။

၎င်းဘုန်းကြီးထံ၌ မောင်ရင်မောင်ဆိုသော လူရွယ်တစ်ယောက်သည် ရေပူရေချမ်း ကမ်းလှမ်းကာ ဘုန်းကြီး၏ဝေယျာ



www.burmeseclassic.com

www.bur,eseclassic.com



ဝစ္စကို ဆောင်ရွက်ပေးနေလေသည်။ မောင်ရင်မောင်သည် အသက်(၁၈)နှစ် (၁၉)နှစ်အရွယ် လူပျိုပေါက် ဖြစ်နေသော် လည်း အခြားကာလသားများကဲ့သို့ အပျော်အပါး မရှိဘဲ ဘုန်း ကြီးထံ၌ နေရင်း ငါးပါးသီလ၊ ရှစ်ပါးသီလ စောင့်ထိန်းကာ ဥပုသ် သီတင်း ဆောက်တည်နေထိုင်လျက် ရှိပေသည်။

တစ်နေ့သောအခါ မောင်ရင်မောင်သည် ဘုရားဝတ်ပြု ပြီး ဂူအတွင်းအပြင်ရှိ အမှိုက်သရိုက်များ ရှင်းလင်းသုတ်သင်နေ စဉ် အမှိုက်ပုံထဲမှ ရွှေလက်စွပ်တစ်ကွင်းကို ကောက်ရလေသည်။

"ဟင်. . . ရွှေလက်စွပ်တစ်ကွင်းပါလား၊ ဂူထဲကို ဘုရား ဖူး လာတဲ့ဧည့်သည်တွေ ကျန်ခဲ့တာ ဖြစ်မယ်ထင်တယ်၊ ဘယ်သူ့ လက်စွပ်လဲ မသိဘူး"

ဟု စဉ်းစားကာ လက်စွပ်ကို အသေအချာ ကြည့်သော အခါ ရွှေလက်စွပ်ပေါ်မှာ ရေးထားသည့်စာများကို တွေ့ရလေ သည်။

ရေးထားသောစာမှာ. . .

'ချစ်သူ့အတွက် မောင့်နှမ'

ဟူ၍ဖြစ်သည်။

မောင်ရင်မောင်သည် လက်စွပ်ပေါ်မှ စာကို ဖတ်ပြီး အတန်ကြာအောင် ငိုင်၍စဉ်းစားနေစဉ် တစ်နေရာမှ အသံတစ် သံ ကြားလိုက်ရသည်။

"ကိုကို. . . နှမလက်စွပ်ကို ပြန်ပေးပါ"

"ဟင်. . ."





အသံကြားရာသို့ ကြည့်လိုက်သောအခါ မလှမ်းမကမ်း နေရာမှာ ရပ်နေသော မိန်းကလေးတစ်ဦးကို တွေ့ရလေသည်။ ထိုမိန်းကလေးက အမှောင်ရိပ်မှ အပြင်ဘက်သို့ ထွက်လာရာ သူမ၏မျက်နှာကို မြင်သောအခါ မောင်ရင်မောင် စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်သွားလေသည်။ ထိုမျက်နှာမျိုးကို တစ်နေရာမှာ တွေ့ဖူးမြင်ဖူးနေသည်ဟု မှတ်ထင်နေမိသည်။

"ကိုကို ကျွန်မကို မှတ်မိသေးရဲ့လား"

"စိတ်တော့ မရှိပါနဲ့၊ တစ်နေရာမှာတော့ မြင်ဖူးတွေ့ဖူး တယ်လို့တော့ စိတ်ထဲက ထင်နေပါတယ်၊ ဒါပေမယ့် ဘယ်နေ ရာမှာ တွေ့ဖူးတယ်ဆိုတာကိုတော့ မမှတ်မိအောင် ဖြစ်နေပါ တယ်"

မောင်ရင်မောင်က အမှန်အတိုင်းပြောလိုက်လေသည်။

"လွန်ခဲ့တဲ့ တစ်နှစ်နှစ်နှစ်လောက်က ကိုကို့ဖခင် သစ် အလုပ်တာဝန်နဲ့ ကမားရွာကို လာတုန်းက ကိုကို ပါလာခဲ့တယ် မဟုတ်လား"

"ဟုတ်တယ်. . . ပါလာခဲ့တယ်"

"ကမားရွာ ရောက်တော့ ဘယ်သူ့အိမ်မှာ တည်းကြတာ ရော အမှတ်ရရဲ့လား"

"မှတ်မိပါတယ်. . . အဲဒီတုန်းက ကမားရွာက သူကြီး ဦးသာလှအိမ်မှာ တည်းခိုခဲ့ကြတာကို မှတ်မိပါတယ်"

"အဲဒီတုန်းက ကိုကိုတို့သားအဖကို ထမင်းဟင်းတွေ ချက်ပြုတ်ကျွေးမွေးခဲ့တဲ့ မိန်းကလေးကိုရော သတိမရတော့ဘူး



www.burmeseclassic.com

www.bur,eseclassic.com



လား"

"ဪ. . . မှတ်မိပြီ. . . မှတ်မိပြီ၊ အဲဒီတုန်းက သူကြီးသမီး မရွှေမိက ညှော်ဝတ်ကျေအောင် ချက်ပြုတ်ကျွေးမွေးခဲ့တာကို အမှတ်ရပါပြီ၊ ဟင်. . . အခုမှ သတိရတယ်၊ သူကြီးသမီး မရွှေမိရဲ့ရုပ်ရည်က မင်းရဲ့မျက်နှာနဲ့ အတော်ကလေး တူတယ်"

"တူမှာပေါ့ ကိုကိုရဲ့၊ ကျွန်မက မရွှေမိပဲလေ"

"ဟင်. . ."

ထိုစကားကြောင့် မောင်ရင်မောင်မှာ ခေါင်းနားပန်းကြီးသွားလေသည်။

ကမားရွာမှ သူကြီးသမီး မရွှေမိတစ်ယောက် လွန်ခဲ့သော တစ်နှစ်ခန့်က သေဆုံးသွားသဖြင့် သူ့ဖခင်တို့ ထိုအသုဘကိစ္စအတွက် သွားရောက်ခဲ့ကြပုံကို သတိရသဖြင့် ထိတ်လန့်သွားမိခြင်းဖြစ်ပေသည်။

သို့သော်လည်း စိတ်ကို တင်းလျက်. . .

"မင်းနဲ့ငါက ဘဝခြားသွားပြီ၊ အခု မင်း ဘာအတွက်လာတာလဲ"

ဟု မေးလိုက်လေသည်။

"ကျွန်မ အမှန်အတိုင်း ပြောရရင် ကိုကို ကမားရွာကို ရောက်ပြီး ကျွန်မတို့အိမ်မှာ လာတည်းကြလို့ ကိုကို့ကို စပြီးတွေ့စကတည်းက ရှေးဘဝက ရေစက်ကြောင့် မြင်မြင်ချင်းပဲ ကိုကို့အပေါ်မှာ နှစ်သက်စွဲလမ်းမှု ဖြစ်ခဲ့ရပါတယ်"

"ဟင်. . ."





"နောက်ပိုင်း ကိုကို ပြန်သွားပြီးနောက်ပိုင်းမှာလည်း ကျွန်မမှာ စားလည်း ဒီစိတ်၊ သွားလည်း ဒီစိတ်နဲ့ ကိုကို့အပေါ်မှာ စွဲလမ်းစိတ် ဖြစ်မိခဲ့ရတယ်၊ နောက်တော့ အဖေတို့က ကျွန်မကို ယောကျ်ားပေးစားမယ် လုပ်ကြတော့ ကျွန်မစိတ်ထဲမှာ ကိုကိုက လွဲပြီး ဘယ်သူ့ကိုမှ လက်မခံနိုင်အောင် ဖြစ်ရတယ်၊ ဒါကြောင့် ဒီဘဝမှာ မပေါင်းရလည်း နောက်တစ်ဘဝမှာ ပေါင်းရပါစေလို့ ဆုတောင်းပြီး ကျွန်မ ကိုယ့်ကိုယ်ကို သတ်သေခဲ့တာပါပဲ"

"ဖြစ်ရလေ နှမရယ်၊ ဒီအကြောင်းတွေကို ကိုကိုလည်း ဘာမှမသိခဲ့ရပါလား"

ထိုစကားကြားသောအခါ မောင်ရင်မောင် ရင်ထဲမှာ အခုပင် ဖြစ်ပျက်နေသကဲ့သို့ ခံစားနေရလေသည်။

"ကိုကိုကတော့ ရွာပြန်သွားပြီးနောက် ကျွန်မဆီကို တစ်ခေါက်မှ ပြန်ရောက်မလာတော့ ဒီအကြောင်းတွေကို ဘယ်သိနိုင်တော့မလဲ၊ ကျွန်မမှာသာ အဲဒီစွဲလမ်းစိတ်နဲ့ သေသွားပြီး နောက်တစ်ဘဝ ရောက်တဲ့တိုင်အောင် ကိုကို့ကို လိုက်ရှာနေခဲ့တာ အခုမှ ပြန်တွေ့ရတော့တာပါ"

ဟု သနားစဖွယ် ပြောပြလေသည်။

"မဖြစ်နိုင်တော့ပါဘူး နှမရယ်၊ မင်းနဲ့ကိုယ်နဲ့က ဘဝခြားနေပါပြီ၊ ဘယ်လိုမှ မနီးစပ်နိုင်ပါဘူးကွယ်"

ထိုကဲ့သို့သာ စိတ်တင်း၍ပြောရသော်လည်း မောင်ရင်မောင် စိတ်ထဲမှာ မကောင်းလှပေ။

"နီးစပ်နိုင်ပါတယ် ကိုကိုရဲ့၊ ကျွန်မ ကိုကိုနဲ့ ပေါင်းချင်း



www.burmeseclassic.com

www.bur,eseclassic.com



နိုင်ဖို့အတွက် ဘဝတစ်ခုကိုတောင် အစားပေးခဲ့ရပါတယ်"

"ဘယ်လိုပေးခဲ့ရတာလဲ"

"ကျွန်မက လူတစ်ယောက်နဲ့ ပေါင်းသင်းနေနိုင်ဖို့ အတွက် ဒီဘဝမှာ နောက်ထပ် ဘယ်လောက်ဆက်နေပေးပါ့မယ် ဆိုတဲ့ ဘဝချင်း လဲခဲ့ရတဲ့အထိပဲ"

ထိုစကားကြားသောအခါ မောင်ရင်မောင်မှာ စိတ်မကောင်း ဖြစ်သွားလေသည်။

"ဖြစ်မှဖြစ်ရလေ နှမရယ်"

"ဒါတွေကို တွေးပြီး စိတ်မကောင်း ဖြစ်မနေပါနဲ့တော့ ကိုကိုရယ်၊ နောက်ဘဝတွေမှာ ဘာပဲဖြစ်ဖြစ် လောလောဆယ် ကိုကိုနဲ့ ပေါင်းရဖို့သာ အရေးကြီးပါတယ်"

ဟု ဇွတ်ပြောလေရာ မောင်ရင်မောင်အနေနှင့်လည်း မိမိအပေါ်မှာ သံယောဇဉ်ကြီးလွန်းသော ချစ်သူ၏မေတ္တာကို ဥပေက္ခာ မပြုရက်တော့ဘဲ ချစ်သူဘဝသို့ ရောက်ကြလေတော့သည်။

ထိုအချိန်မှစ၍ မောင်ရင်မောင်သည် နေ့စဉ်လိုလို နေဝင်ကာနီးအချိန် ရောက်လျှင် ဂူထဲမှ ပျောက်သွားလေတော့သည်။

ပထမတော့ ဆရာဘုန်းကြီးက သတိမမူမိပေ။

နောက်ပိုင်း ရက်မှလ၊ လမှနှစ်သို့ ရောက်သောအခါ မောင်ရင်မောင်တစ်ယောက် နေဝင်ချိန် ရောက်သည်နှင့် ဂူထဲမှ ပျောက်ပျောက်သွားသည်ကို သတိပြုမိသဖြင့် မေးလေတော့





သည်။

"ဟဲ့. . . ရင်မောင်၊ ညနေဘက်အချိန်ရောက်လျှင် နင့်ကို ခိုင်းစရာရှိလို့ ရှာရင် မတွေ့ရဘူး၊ ဘယ်တွေ လျှောက်သွားနေတာလဲဟဲ့"

"တပည့်တော် ဂူအတွင်းပိုင်းထဲ ဝင်ပြီး တရားထိုင်နေတာပါ ဘုရား"

ထိုစကားကြားသောအခါ ဂူထဲမှာ နေ့စဉ် တရားအားထုတ်နေသော ဘုန်းတော်ကြီးက မယုံကြည်ပေ။

အဘယ်ကြောင့်ဆိုသော်. . .

သူက အမြဲတမ်း တရားထိုင်နေလေရာ တပည့်ဖြစ်သူ မောင်ရင်မောင်ကို အကဲခတ်ကြည့်သောအခါ နေ့စဉ် တရားအားထုတ်သော လက္ခဏာမျိုး လုံးဝမတွေ့ရသောကြောင့် ဖြစ်လေသည်။

တစ်နေ့ ညနေပိုင်းအချိန်တွင် မောင်ရင်မောင် မရှိခိုက် ၎င်းနေသောအခန်းထဲသို့ ဝင်ရောက်ကြည့်ရှုလေရာ မောင်ရင်မောင်၏အကျီအိတ်တစ်ခုထဲမှ ရွှေလက်စွပ်တစ်ကွင်းကို တွေ့ရလေသည်။

ဆရာဘုန်းကြီး လက်စွပ်ကို မြင်သောအခါ အသေအချာ ကြည့်လေရာ လက်စွပ်ပေါ်မှာ ရေးထားသော 'ချစ်သူအတွက် မောင့်နှမ' ဟူသောစာကို မြင်သောအခါမှ သဘောပေါက်သွားလေတော့သည်။

"လက်စသတ်တော့ သူတို့က ဒီလိုကိုး"



www.burmeseclassic.com

www.bur,eseclassic.com



ဟု တွေးကာ ထိုလက်စွပ်ကို ကိုင်၍ ဂူထဲသို့ ဝင်လိုက်သွားသောအခါ ၎င်းတို့ နေသောဂူနှင့် မနီးမဝေး၌ ရှိသော ကျွဲဂူထဲ၌ မောင်ရင်မောင်မှာ မိန်းကလေးတစ်ယောက်နှင့် စကားလက်ဆုံကျနေသည်ကို တွေ့ရလေသည်။

ထိုအခါ ဆရာဘုန်းကြီးစိတ်ထဲ၌. . .

"ဒီလိုအချိန်မျိုးတွင် သာမန်မိန်းကလေးတစ်ယောက်ကတော့ အရဲစွန့်၍ လာဝံ့မည် မဟုတ်ပေ၊ ယခုလိုအချိန်မျိုး၌ ကျွဲဂူထဲမှာ တွေ့ရသော မိန်းကလေးမှာ သာမန်လူတော့ ဘယ်နည်းနှင့်မှ မဖြစ်နိုင်ပေ ကျတ်၊ ဥစ္စာစောင့် စသော ပရလောကသားတို့ ဖန်ဆင်းထားခြင်းသာ ဖြစ်ရမည်"

ဟု တွေးတောမိသဖြင့် ချောင်းဟန့်သံ ပေးလိုက်သောအခါ မောင်ရင်မောင်အနီး၌ ထိုင်နေသော မိန်းကလေးလည်း ပျောက်၊ ဘုန်းကြီးလက်ထဲ၌ ကိုင်ထားသည့် ရွှေလက်စွပ်လည်း ပျောက်ကွယ်သွားလေတော့သည်။

ထိုအခါမှ မလှုပ်မယှက် ကျန်ရစ်ခဲ့သည့်မောင်ရင်မောင်အနီးသို့ သွားသောအခါ စကားမေးမရတော့ပေ။

သို့ကြောင့် ကျောင်းရောက်အောင် တွဲခေါ်လာရသည်။

ထို့နောက်. . .

ရွာမှ ၎င်း၏မိဘများကို မှာ၍ အကျိုးအကြောင်း ပြောပြကာ ရွာသို့ ပြန်ထည့်လိုက်သည်။

ရွာသို့ ပြန်ရောက်သောအခါ ၎င်း၏မိဘများက ဆရာအမျိုးမျိုးနှင့် ကုသကြသော်လည်း မပျောက်ကင်းဘဲ လူလစ်





သည်နှင့် အိမ်မှ ပျောက်,ပျောက်သွားတတ်လေသည်။

လိုက်ရှာလျှင် ကျွဲဂူထဲ၌သာ ပြန်တွေ့ကြရသည်။

ထိုအခါ မိဘဆွေမျိုးများသာမက ရွာသူရွာသားများကပါ စိတ်ပူကြရလေသည်။

ဤသို့ဖြင့် လေးငါးလ ကြာသောအခါ ရွာသို့ ရှမ်းဆရာကြီးတစ်ယောက် ရောက်လာလေတော့သည်။

မိဘများက ထိုရှမ်းဆရာကြီးနှင့် အပ်နှံကုသစေရာ တစ်ညတွင် အိမ်သားတစ်ယောက်ကို ဝင်ရောက်ပူးကပ်၍ အကြောင်းစုံ ပြောပြလေသည်။

"ကျွန်မတို့ရဲ့ချစ်ခြင်းကို မခွဲပါနဲ့ ဆရာကြီးရယ်၊ ကျွန်မတို့မှာ သားတစ်ယောက်ပင် ရနေပါပြီ"

"နင် ဘာကြောင့် သူများသားသမီးကို နှောင့်ယှက်နေရတာလဲ၊ နောက်ကို နှောင့်ယှက်ခြင်း မပြုလေနဲ့"

ဟု ပြောသောအခါ ငိုကြွေးလျက်. . .

"ကျွန်မက နှောင့်ယှက်လို၍ မဟုတ်ပါဘူး၊ ကျွန်မတို့နှစ်ယောက်အကြောင်းကို သိချင်ပါလျှင် ကိုရင်မောင်ကိုသာ မေးကြည့်ပါတော့"

ဟု ပြောလေသည်။

သို့ကြောင့်. . .

မောင်ရင်မောင်အား အကျိုးအကြောင်း မေးကြည့်ကြသောအခါ သူနှင့် မရွှေမိတို့အကြောင်းကို ပြောပြလေသည်။

ထိုစကား ကြားရပြန်တော့လည်း အားလုံးမှာ စိတ်မ



www.burmeseclassic.com

www.bur,eseclassic.com



ကောင်း ဖြစ်ကြရလေသည်။

ထိုအကြောင်းကို သိရသောအခါ ဆရာကြီးက ဆက်မေးပြန်လေသည်။

"နင်က ဘယ်လိုအဆက်နဲ့ ကျွဲဂူထဲကို ရောက်နေရတာလဲ"

"ကျွန်မ လူ့ဘဝက ကျွဲဂူထဲကို ဘုရားဖူး တစ်ခေါက် ရောက်ခဲ့ပါတယ်၊ အဲဒီအချိန်မှာ ဉစ္စာစောင့် ဘိုးဘိုးနဲ့ တွေ့ပြီး သူနဲ့အတူ လာနေဖို့ ခေါ်ပါတယ်၊ ကျွန်မက လာနေပါ့မယ်လို့ ကတိပေးလိုက်မိတာနဲ့ အခုလို ရောက်ခဲ့ရတာပါပဲရှင်"

"အခု မင်းတစ်ယောက်တည်း ရှိနေတာလား"

"ဟုတ်ပါတယ်. . . ဘိုးဘိုးက ကိစ္စတစ်ခုရှိလို့ ခရီးထွက်သွားတာ ကြာပါပြီ၊ ဂူထဲမှာ ကျွန်မနဲ့သားပဲ ကျန်ပါတယ်"

"ကောင်းပြီ. . . နောက် ဒီသူငယ်ကို အနှောင့်အယှက် မလုပ်ပါနဲ့၊ မင်းတို့က ဘဝချင်းက မတူကြတော့ဘူး၊ သူတစ်ပါးသားသမီးကို အနှောင့်အယှက်ပေးရင် ဒီဘဝမှာလည်း မကောင်းဘူး၊ နောင်ဘဝမှာလည်း ဝဋ်ခံရတတ်တယ်၊ ကဲ. . . မင်းသွားလိုရာ သွားပေတော့"

"ကောင်းပါပြီ. . . ကျွန်မ ပြောတဲ့အတိုင်း ကျွဲဂူထဲကိုတော့ တစ်ခေါက်လောက် လာကြည့်ကြပါရှင်၊ ကိုရင်မောင်. . . ကျွန်မ သွားတော့မယ်နော်"

ဟု မျက်ရည်စက်လက်ဖြင့် မောင်ရင်မောင်အား ကန်တော့ပြီးနောက် ထွက်သွားလေတော့သည်။





BURMESE CLASSIC .com

မှတ်ချက်။ ။ ဉစ္စာစောင့်မနှင့် ရှမ်းဆရာကြီးတို့ အပြန်အလှန် ပြောကြသောစကားမှာ ရှမ်းဘာသာစကားဖြစ်သောကြောင့် အခြားလူများက နားမလည်ကြချေ။

နောက်ပိုင်းရက်များတွင် ရှမ်းဆရာကြီး ကုသပေးမှုကြောင့် မောင်ရင်မောင် ရောဂါမှာ သက်သာပျောက်ကင်းမှု ရလာသည်ဆိုစေကာမူ မောင်ရင်မောင့် စိတ်ထဲမှာ မရွှေမိကိုသာ လွမ်းဆွတ်တမ်းတ,လျက် ရှိနေတော့သည်။ သူ့မျက်စိထဲမှာလည်း. . .

မရွှေမိတစ်ယောက် ကလေးကို ချီလျက် သူရှိရာသို့ ပြန်လာရန် ခေါ်နေသည်ကိုသော်လည်းကောင်း၊ မျက်ရည်နှင့် မျက်ခွက် ငိုကြွေးနေသည်ကိုသာ မြင်တွေ့နေရလေသည်။

သို့သော်. . .

ရှမ်းဆရာကြီး စီရင်ပေးခဲ့သော လက်ဖွဲ့ကြိုးကြောင့် မရွှေမိမှာ ခါတိုင်းကဲ့သို့ သူ့အနားသို့ ကပ်ခွင့်မရတော့ဘဲ အဝေးမှသာ အမူအရာဖြင့် ပြသရလေသည်။ မိဘများကတော့ 'မင်း စိတ်ထဲမှာ စွဲလမ်းနေလို့ပါ သားရယ်၊ ဒီအကြောင်းတွေကို ခေါင်းထဲက ဖျောက်လိုက်ပါတော့' ဟု ဖျောင်းဖျပြောဆိုကြလေသည်။

ထိုကဲ့သို့ ရှိနေရာမှ နောက်သုံးလေးလမျှ ကြာသောအခါ မောင်ရင်မောင်တစ်ယောက် ကျောင်းသို့ ဥပုသ်သီတင်းဆောက်တည်ရန်သွားရင်း ဇရပ်ပေါ်၌ လဲလျောင်းနေစဉ် အချိန်တန်၍ နေရာမှ ထ,မလာသဖြင့် သွားကြည့်ကြသောအခါ



www.burmeseclassic.com

www.bur,eseclassic.com



ခွေခွေကလေး အသက်ပျောက်နေသည်ကို တွေ့ကြရလေတော့သည်။

မောင်ရင်မောင် သေဆုံးသွားပြီးနောက်တွင် လူကြီးများက ဥစ္စာစောင့်မ မှာကြားသွားသည့်အတိုင်း ကျွဲဂူသို့ သွားရောက်ကြည့်ရှုကြသောအခါ ဂူအတွင်း တစ်နေရာ၌ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ၊ ဥစ္စာထားရာ ကျောက်ခွက်များ၊ ကျောက်သေတ္တာအလွတ်များကို တွေ့ကြရလေသည်။

ထို့ပြင် ၎င်းနေရာတွင် ကျောက်ရေကန်တစ်ကန်ကိုပါ တွေ့ကြရသည်။ ထိုကျောက်ရေကန်ကို ဘယ်အချိန်က ဘယ်သူတူးခဲ့သည်ကို မည်သူမှ အတပ်မပြောနိုင်ကြပေ။

နောက်ပိုင်းမှာတော့ မောင်ရင်မောင်သည် သူငယ်ချင်းဖြစ်သူ မောင်ဘမော်ကို ကိုယ်ထင်ပြကာ ၎င်း၏အကြောင်းများကို ဖြစ်ကြောင်းကုန်စင် ပြောပြခဲ့လေသည်။

ထို့ပြင်. . .

ဆရာဘုန်းကြီးရှိသော ဂူထဲကိုလည်း သွားရောက်ကာ လူ့ဘဝကကဲ့သို့ပင် ဝေယျာဝစ္စများကို သွားရောက်လုပ်ကိုင်ပေးလေသည်။

နောက်ပိုင်း ထိုဘုန်းကြီး မရှိတော့သောအခါ မောင်ရင်မောင်တို့ကိုလည်း မတွေ့ရတော့ပေ။

(၁၂၇၆)ခုနှစ် ရောက်သောအခါ သစ်ခေါင်း ဦးရွှေသာက ကြီးမှူး၍ နှစ်စဉ် နေ့ပွဲ၊ ညပွဲများ ကျင်းပလာခဲ့ရာ (၁၂၈၇) ခုနှစ်ရောက်သောအခါ မီးခုတ်မှု ဖြစ်သောကြောင့် အစိုးရမင်းများ





က ညပွဲကျင်းပခြင်းကို ပိတ်၍ နေ့ပွဲကိုသာ ကျင်းပခွင့် ပြုလေသည်။

ထိုပွဲများကျင်းပနေစဉ် ကျွဲဂူထဲရှိ ကျောက်ရေကန်အတွင်းသို့ မိန်းမများ ဆင်းလျှင်သော်လည်းကောင်း၊ အညစ်အကြေးများ ဆေးကြောလျှင်သော်လည်းကောင်း ကန်အတွင်းမှ ရေများ ခန်းသွားတတ်လေသည်။

တကယ်ဆိုမူ. . .

လွန်ခဲ့သော နှစ်ပေါင်းတစ်ရာဝန်းကျင်က ကျွဲဂူတစ်ဝိုက်မှာ ဖြစ်ပျက်ခဲ့သော မောင်ရင်မောင်နှင့် ဥစ္စာစောင့် မရွှေမိတို့ ညားခဲ့ကြသော အဖြစ်အပျက်ကား ထိုနယ်တစ်ကြောတွင် ဟိုးလေးတကျော်ကျော် ဖြစ်ခဲ့လေသည်။

BURMESE CLASSIC .com



www.burmeseclassic.com

www.bur,eseclassic.com





# အခန်း(၉)

# ဘီလူးငတေ ပေးသော အလှူငွေ

BURMESE CLASSIC .com

"ဥစ္စာစောင့်နဲ့ လူ့ဘဝက ဘဝခြားနေတာပဲ၊ ဒီလိုပေါင်းသင်းဆက်ဆံလို့ သားသမီးရတယ်ဆိုတာရော ဖြစ်နိုင်ပါ့မလား အဘ"

ဦးဗန်ကောင်းစကားဆုံးသောအခါ နီမောင်က မေးလိုက်လေသည်။

ဆရာကြီး ဦးဗန်ကောင်းက စကားကို ရှည်လျားစွာ ပြောလိုက်ရသဖြင့် အာခြောက်သွားဟန်ဖြင့် လက်ဖက်ရည်တစ်



www.burmeseclassic.com

www.bur,eseclassic.com



ပန်းကန်ကို ငုံ့ကာ သောက်နေလေသည်။

ပြီးတော့မှ. . .

"ဖြစ်နိုင်တာပေါ့ကွ. . . ဒီအဖြစ်အပျက်တွေဟာ အခုမှ ရှိတာမှ မဟုတ်ဘဲ၊ ရှေးကတည်းက အများကြီး ရှိခဲ့တာပဲ၊ ပရလောက,က ဥစ္စာစောင့်နဲ့လူနဲ့ ညားပြီး ကလေးတစ်ယောက် ရပြီးကာမှ မိဘတွေက ခွဲတာကို ဥစ္စာစောင့်မက မကျေနပ်လို့ ဘုရင့်ဆီမှာ ငိုယိုတိုင်ကြားခဲ့တဲ့အမှုမျိုးတောင် ရှိခဲ့တာပဲ၊ ဒါ ဘာဆန်းသလဲ"

"ဟင်. . . တကယ်ရှိခဲ့တာလား အဘ"

"ရှိခဲ့တာပေါ့ကွ. . . လူ့ပြည်၊ နတ်ပြည်ခြောက်ထပ်နဲ့ အပါယ်လေးဘုံတို့ဟာ ကာမဘုံ(၁၁)ဘုံနဲ့ မလွတ်သေးတော့ ကာမဂုဏ်နဲ့ ပတ်သက်လာရင် မရှောင်နိုင်ကြတာ ဘာများဆန်းသလဲ၊ ပုဂံရာဇဝင်မှာ သူရဲကောင်းဗျတ္တနဲ့ ပန်းစားဘီလူးမ မယ်ဝဏ္ဏနဲ့ အကြောင်းပါလို့ ရွှေဖျဉ်းကြီး ရွှေဖျဉ်းလေး သားနှစ်ယောက် ထွန်းကားခဲ့တာ အထင်အရှား ရှိခဲ့တယ် မဟုတ်လား၊ မယ်ဝဏ္ဏဟာ ပရလောကသား မဟုတ်ပေဘူးလား"

"ဟုတ်ပါတယ် အဘ"

"အဲဒီလိုပဲ စူဠာသမ္ဘဝ၊ မဟာသမ္ဘဝ ညီနောင်တို့ဟာ နဂါးငွေ့သင့်လို့ မျက်စိကွယ်ခဲ့ရတာကို စန္ဒမုခီ ဘီလူးမက ကုပေးလို့ ပျောက်ခဲ့ရာက စူဠာသမ္ဘဝ မင်းသားနဲ့ စန္ဒမုခီ ဘီလူးမ,တို့ အကြောင်းပါလို့ ပီသနိုးပြည့်ရှင် ပန်ထွာဖြစ်ခဲ့တာ ရာဇဝင်မှာ အထင်အရှား ရှိတာပဲ"





"အဘပြောသလိုဆိုရင် ပရလောကသားတွေထဲမှာ တောင် ဘီလူးနဲ့ ဥစ္စာစောင့်ဟာ လူတွေနဲ့ အတော်နီးစပ်ကြတာ ပဲ"

"ဟုတ်တယ်. . . ရှေးရာဇဝင်တွေထဲမှာ ဘီလူးနဲ့လူနဲ့ အကြောင်းပါခဲ့ကြတဲ့ ဇာတ်လမ်းတွေ အများကြီး ရှိသလို ဥစ္စာစောင့်နဲ့လူနဲ့ ညားခဲ့တာတွေလည်း အများကြီး ရှိခဲ့တာပဲ"

"ကျွန်တော်တို့ ကြားဖူးတာက ဘီလူးဆိုတာ မျက်လုံးပြူးပြူး အစွယ်ငေါငေါနဲ့ ကြောက်စရာကောင်းတဲ့ ပုံသဏ္ဌာန်မျိုး ရှိတယ်လို့ ထင်နေတာ"

"ဘီလူးဆိုတာ ဖန်ဆင်းနိုင်တဲ့ ကမ္မဇိဒ္ဓိ ရှိလေတော့ ရုပ်ဆင်းသွင်ပြင်ကို ကြိုက်သလို ဖန်ဆင်းယူလို့ ရနိုင်တာပဲ၊ နောက် ဘီလူးဆိုပေမယ့် အတန်းအစား မတူတာတွေကလည်း ရှိသေးတာကိုး၊ တန်ခိုးရှိတဲ့ နတ်ဘီလူးတွေ ရှိသလို အသားစား ဘီလူး၊ ခြောက်လှန့်တတ်တဲ့ဘီလူး၊ အထူးထူးအပြားပြား ဖန်ဆင်းနိုင်သော ဘီလူး၊ တစ္ဆေဘီလူး၊ မြေဘုတ်ဘီလူး၊ သိုက်စောင့် ဘီလူးဆိုပြီး အမျိုးအစား အများကြီး ရှိတာပဲ၊ မင်းကို အကူအညီ ပေးနေတဲ့ ဘီလူးငတေက သိုက်စောင့်ဘီလူး ဖြစ်မှာပေါ့"

"အဘပြောမှပဲ သိရတော့တယ်. .၊ ကျွန်တော်တို့က ဘီလူးဆိုရင် အားလုံးအတူတူပဲ ထင်နေတာဗျ"

"ဒါပေမယ့် တစ်ခုတော့ ရှိတယ်၊ မင်း ဘီလူးငတေနဲ့ ခင်မင်နေတဲ့အကြောင်းကို ရွာထဲကလူတွေ မသိစေနဲ့"

"ဘာကြောင့်လဲ အဘ"



www.burmeseclassic.com

www.bur,eseclassic.com



"သူက သိုက်စောင့်ဘီလူးဆိုတော့ သိုက်ဆရာတွေနဲ့ တွေ့ရင် သူ့အတွက် အန္တရာယ်ရှိတာပေါ့"

"ဒီအတွက်တော့ စိတ်ချပါ အဘ၊ ကျွန်တော်တို့မိသားစု အပြင် ဘယ်သူမှ မသိစေရပါဘူး"

ဟု ပြောဆိုကာ နီမောင် ပြန်လာလေသည်။

နောက်ပိုင်းရက်များမှာလည်း လယ်ထဲမှာ အလုပ်မရှိ သော်လည်း ကျောက်ဘီလူးငတေအတွက် ထမင်းထုပ် သွားပို့ ပေးရသည့်အလုပ်ကိုတော့ မှန်မှန်လုပ်ပေးရလေသည်။

ရွာထဲမှ လူများက လယ်ထဲမှာ အလုပ်မရှိဘဲ ထမင်း ထုပ်တစ်ထုပ်နှင့် လယ်ထဲသို့ နေ့စဉ်သွားနေသော နီမောင်ကို မြင်သောအခါ မသင်္ကာသဖြင့် စပ်စုသည့်သဘောဖြင့် မေးကြ မြန်းကြသည်။

"ဟဲ့ . . . နီမောင်၊ ထမင်းထုပ်တစ်ထုပ်နဲ့ ဘယ်သွားမှာ လဲဟဲ့"

"လယ်ထဲကို သွားမလို့ပါ"

"သီတင်းတောင် ကျွတ်တော့မယ်၊ နင်တို့လယ်က အခု ထက်ထိ လက်စမသတ်သေးဘူးလားဟဲ့"

"စပါးစိုက်လို့တော့ ပြီးပါပြီ၊ ရေစီးရေလာ ကောင်း အောင် ကန်သင်းလေးဘာလေး ဖော်ဖို့သွားမှာပါ"

"တစ်ယောက်တည်း သွားတာများ နင့်ထမင်းထုပ်က လည်း ကြီးလှချည်လားဟဲ့"

"ဟိုရောက်တော့ အဖော်တွေ ကျွေးရတာပေါ့"





နီမောင်က ဒါပဲပြောပြီး ထွက်လာခဲ့လေသည်။

ဤသို့ဖြင့် သီတင်းကျွတ် လ,ကုန်၍ တန်ဆောင်မုန်းလ သို့ ရောက်သောအခါ နီမောင်တို့ လယ်ကွက်မှ စပါးခင်းများမှာ လည်း အခြားလယ်များမှ စပါးခင်းများထက်ပင် ပိုမိုဖြစ်ထွန်းကာ စပါးများပင် ဖုံးစ,ပြုနေလေသည်။

လယ်ရိုင်းဖြစ်သော်လည်း အခြားလယ်ချောများထက် ပင် ပိုမိုကောင်းမွန်နေသောကြောင့် အံ့သြနေကြလေသည်။

တန်ဆောင်မုန်းလဆန်းရက် ရောက်သောအခါ သူကြီး ဦးဘိုးမောင်က ဦးဆောင်၍ ရွာဦးကျောင်း၌ ကထိန်ခင်းရန် စီစဉ်ဆောင်ရွက်ကြလေသည်။

ရွာမှ ကထိန်ပွဲမှာ တစ်နှစ်တစ်ခါ ကျင်းပသောကြောင့် ဆိုင်းပွဲ၊ အငြိမ့်ပွဲများဖြင့် စည်စည်ကားကား ကျင်းပကြလေ သည်။

ဆင်းရဲချမ်းသာမရွေး တစ်အိမ်လျှင် ငွေကြေး၊ ဆန်၊ ငါးခြောက် စသည့် အလှူပစ္စည်းများကို ထည့်ဝင်လှူဒါန်းကြ သည်။

နီမောင်တို့အိမ်မှလည်း ဘီလူးငတေ ပေးသော ငွေနှစ် ကျပ်ထဲမှ ပိုငွေကလေးများကို အလှူငွေ ထည့်လိုက်လေသည်။

"အမေ . . . ငတေ ပေးထားတဲ့ပိုက်ဆံတွေကို ဘာဖြစ် လို့ လှူလိုက်တာလဲဟင်"

"အဲဒီလို လှူပေးလိုက်တော့ မင်းသူငယ်ချင်း ကုသိုလ်ရ တာပေါ့ သားရဲ့"



www.burmeseclassic.com

www.bur,eseclassic.com



"အဲဒီလို လျှုရင် သူ ကုသိုလ်ရသလားဟင်"

"ရတာပေါ့ကွယ်. . . အဲဒီလို ကုသိုလ်ကောင်းမှုတွေ များလာရင် သူ အခုရောက်နေတဲ့ဘဝက ကျွတ်ပြီး လူ့ဘဝကို ရောက်နိုင်တာပေါ့"

"ဟင်. . . ဒီလိုဆိုရင် ဟန်ကျတာပဲ"

ဟု တွေးကာ နောက်တစ်နေ့ ထမင်းထုပ် သွားပို့သော အခါ နီမောင်က ပြောသည်။

"ငတေ. . . အခု တို့ရွာမှာ ကထိန်ပွဲ ကျင်းပတော့မယ်၊ အဲဒီအလှူပွဲထဲကို မင်း အလှူငွေ ထည့်ပါလား သူငယ်ချင်း၊ အမေက ပြောတယ်၊ မင်း များများလှူပေးလို့ရှိရင် ဒီဘဝက ကျွတ်ပြီး နောက်ဘဝကို ရောက်နိုင်တယ်တဲ့ကွ"

"ငါ အလှူတော့ လှူချင်ပါတယ်၊ ဘယ်လောက်လှူရမလဲဟင်"

"မြန်မြန်ဝဋ်ကျွတ်အောင် များများလှူပေါ့ကွာ"

နီမောင်က အားတက်သရော ပြောလေသည်။

ထိုအခါ ငတေဆီမှ သက်ပြင်းချသံကို ကြားရလေသည်။

"ငါက ဥစ္စာပစ္စည်းတွေကို စောင့်ရှောက်ရတဲ့တာဝန်ပဲ ရှိတယ်၊ ကိုယ်ထင်သလို အများကြီး ယူသုံးလို့ မရဘူးကွ"

"ဟင်. . . ဒါဖြင့် ထမင်းဖိုး ပေးနေတဲ့ ငွေနှစ်ဂျပ်က ရော ဘယ်က ရသလဲ"

"အဲဒါက သိုက်ချုပ်ဘိုးဘိုးက ငါ့အတွက် ခွင့်ပြုတဲ့ငွေကို





ပေးတာကွ"

"ဒါဖြင့် ဘယ်လိုလုပ်ရင် ကောင်းမလဲ၊ ကထိန်ဆိုတာက လည်း တစ်နှစ်တစ်ခါ ကျင်းပတာဆိုတော့ နောက်ဆိုရင် လှူချင် တယ်ဆိုရင်တောင်မှ မလွယ်ဘူး"

စိတ်ပျက်လက်ပျက် ဖြစ်သွားသော နီမောင်ကို ကြည့်ပြီး ငတေက ပြောသည်။

"ဒီလိုလုပ်ကွာ. . . ငါ ထမင်းဖိုး စုထားတဲ့ငွေထဲက ငွေ တစ်ဆယ် ပေးလိုက်မယ်၊ မင်း ငါ့ကို ထမင်းထုပ် ငါးရက်လာမပို့ နဲ့တော့"

"ဟင်. . ."

ထိုစကားကြားသောအခါ နီမောင့်စိတ်ထဲမှာ စိတ်မ ကောင်း ဖြစ်သွားမိလေသည်။

ဘီလူးငတေမှာ ကံမကောင်း အကြောင်းမလှသော ကြောင့် ဘဝဆိုးသို့ ရောက်နေရသော်လည်း ထိုကဲ့သို့သော စေတနာမျိုး ရှိပါလားဟု တွေးမိသောအခါ ငတေအတွက် များ စွာစိတ်မကောင်း ဖြစ်မိလေသည်။

"ငါတို့ဟာ အရင်ကလို ဆင်းရဲကျပ်တည်းတဲ့ဘဝမဟုတ် တော့ပါဘူး၊ မင်းကူညီခဲ့လို့ အတန်အသင့် ချောင်လည်တဲ့ဘဝ မျိုးကို ရောက်နေပါပြီ၊ မင်း ပိုက်ဆံမပေးနိုင်လည်း ထမင်းထုပ်ကို တော့ မှန်မှန်ပို့ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် သူငယ်ချင်းရယ်"

ဟု ပြောဆိုကာ ဘီလူးငတေက ရင်းပေါင်အောက်မှ



www.burmeseclassic.com

www.bur,eseclassic.com



ငွေတစ်ဆယ် ထုတ်ပေးလေသည်။

"ဒါထက် ကထိန်ပွဲရက်နေ့ ရောက်ရင် မင်းပါ လိုက်ခဲ့ပါ လား ငတေ"

"ငါလိုက်လို့ ဘယ်ဖြစ်မှာလဲ သူငယ်ချင်းရဲ့၊ ငါ့ကို မြင်ရင် လူတွေက လန့်ပြီး ထွက်ပြေးကြမှာပေါ့"

"ဒီအတိုင်း လိုက်လို့တော့ ဘယ်ဖြစ်မလဲကွ၊ လူယောင်ဆောင်ပြီး လိုက်လာမှ ဖြစ်မှာပေါ့"

"ဒီလိုဆိုရင် ငါ ဘိုးဘိုးကို ခွင့်တောင်းကြည့်မယ်၊ ခွင့်ပြုရင် လိုက်ခဲ့မယ်"

ဟု ပြောသဖြင့် နီမောင်လည်း ရွာသို့ ပြန်လာခဲ့သည်။

ကထိန်ပွဲရက် နီးသောအခါ တစ်ရွာလုံး မိမိတို့အလုပ်များကို ရပ်နား၍ ကထိန်ပွဲအတွက် ဝိုင်းဝန်းလုပ်ကိုင်ကြသည်။ တောဓလေ့၏ထုံးစံအတိုင်း အလုပ်ရှိလျှင် မခိုမကပ် လုပ်ကိုင်ပေးကြရာ ပျော်စရာ ကောင်းလှသည်။

အလှူရက် နီးကပ်လာသောအခါ မြို့တက်၍ ပွဲငှားသူကငှား၊ သက်န်းပရိက္ခရာ၊ အလှူအတွက် ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်ဝယ်သူကဝယ်နှင့် အလုပ်ရှုပ်ကြသလို ရွာမှာ ကျန်သူများကလည်း ကျောင်းပရိဝုဏ် အတွင်းအပြင် သန့်ရှင်းရေး လုပ်သူကလုပ်၊ ဘုရားတန်ဆောင်းများကို ထုံးသုတ်သူကသုတ်၊ ရေကန်သန့်ရှင်းရေးလုပ်သူကလုပ်၊ ကနားဖျင်း၊ မဏ္ဍာပ်ထိုးသူကထိုး၊ ထင်းခွဲသူကခွဲ၊ ငရုတ်သီး ထောင်းသူကထောင်း၊ ကြက်သွန်လှီးသူကလှီးနှင့် မိန်းကလေးရော ယောကျ်ားလေးများပါ သူ့





တာဝန်နှင့်သူ မအားလပ်ရအောင် ရှိနေကြလေသည်။

ကျေးရွာများ ဓလေ့အတိုင်း ယောကျ်ားကလေး၊ မိန်းကလေး၊ အပျို၊ လူပျိုများမှာ တစ်နှစ်လုံး ကိုယ့်အလုပ်နှင့်ကိုယ် ရှုပ်နေကြပြီး ယခုလို အလှူအတန်းရှိသောရက်များ ရောက်မှသာ အေးအေးဆေးဆေး တွေ့မြင်ကြရသည်။

ထင်းခွဲ၊ ရေခပ်၊ မဏ္ဍာပ်ထိုးနေသော လူငယ်လူရွယ်များက ကြက်သွန်လှီး၊ ငါးခြောက် သင်နေသော အပျိုများ ရှိရာနေရာနှင့် မနီးမဝေးတွင် လူလုံးပြနေကြသလို မိန်းကလေးများကလည်း မိမိနှစ်သက်သော ယောကျ်ားကလေးများကို အပြုံးစစ မျက်လုံးလှလှများဖြင့် လှမ်းကြည့်တတ်ကြလေသည်။

တစ်ခါတစ်ရံ မျက်လုံးချင်း ဆုံမိုက်တွင် ကိုရွှေဘသားချောတို့မှာ အိုးနင်းရမလို ခွက်နင်းရမလို ကသောင်းကနင်း ဖြစ်ကြပုံများမှာ လှပသော သင်္ကေိရမြင်ကွင်းများပင် ဖြစ်ပေသည်။

နီမောင်နှင့် တိုးမောင်တို့နှစ်ယောက်မှာ ကန်ဦးထိပ်၌ရှိသော စေတီတော်ကို ထုံးသင်္ကန်းသုတ်ရန် တာဝန်ကျနေသောကြောင့် ထုံးသုတ်နေကြလေသည်။ ထိုအခိုက်မှာပင် မြသီတာနှင့် မိန်းကလေးတစ်ယောက်တို့သည် ရေနွေးကြမ်းအိုးကို လင်ဗန်းနှင့် ထည့်ကာ သူတို့ရှိရာသို့ လာနေကြသည်။

အနားသို့ ရောက်သောအခါ မြသီတာက. . .

"နင်တို့ ပင်ပန်းနေလို့ ရေနွေးကြမ်းနဲ့ လက်ဖက်သုပ် လာပို့ပေးတာ"

ဟု ပြောကာ ဗန်းကို ရင်ပြင်တော်ပေါ်မှာ တင်ထား



www.burmeseclassic.com

www.bur,eseclassic.com



သည်။ မြသီတာတို့ကို တွေ့သောအခါ တိုးမောင်မျက်နှာပေါ်မှာ ကျေနပ်မှုများက ဖုံးမရ ဖိမရ ပေါ်လာကာ. . .

"မြသီတာ. . . နင်က အခုလိုဆိုတော့လည်း ဘယ်ဆိုးလို့လဲ၊ တို့ကို သတိရဖော် ရသေးသားပဲ"

"သတိရပါတယ် တိုးမောင်ရယ်၊ ဒါကြောင့် လက်ဖက်နဲ့ ရေနွေးကြမ်း လာပို့ပေးတာပေါ့"

"ဒါပေမယ့် နင် ငါ့ချည်းပဲဆိုရင်တော့ အခုလို လာပို့ပေးမယ် မထင်ပါဘူး"

"တိုးမောင်. . . နင့်စကားက ဘာလဲ၊ ငါနဲ့နင်နဲ့က ဘာဖြစ်ထားလို့ နင့်ကို မပို့ဘဲ နေမှာတဲ့လား၊ စကားပြောတာ အနှောင့်မလွတ် အသွားမလွတ်နဲ့၊ ဘာမှန်းလဲ မသိဘူး"

မြသီတာက မျက်စောင်းကလေးထိုးကာ ပြောလိုက်လေရာ တိုးမောင်မှာ တဟားဟားနှင့် သဘောကျမဆုံးအောင် ရှိနေတော့သည်။

နီမောင်ကတော့ မြသီတာနှင့် ရင်းနှီးလှသည် မဟုတ်သဖြင့် သူတို့နှစ်ယောက် စကားများကို မကြားဟန်ပြုကာ ထိုးသုတ်မြဲ သုတ်နေလေသည်။

"ကဲ. . . ကဲ. . . နင်တို့က စေတနာနဲ့ လာပို့တော့လည်း စားရသောက်ရတာပေါ့"

ဟု ပြောကာ တိုးမောင်က ရေနွေးကြမ်းတစ်ခွက်ငှဲ့ကာ လက်ဖက်များကို အားရပါးရ စားနေရာ မြသီတာက. . .

"ဟဲ့. . . တိုးမောင်၊ နင်တစ်ယောက်တည်း စားနေလို့





ဘယ်ဖြစ်မလဲ၊ ဟိုတစ်ယောက်ကိုလည်း ခေါ်လိုက်ဦးလေဟယ်"

ဟု တိုးတိုးကပ်ပြောလိုက်ရာ တိုးမောင်က သဘောကျစွာ ရယ်လိုက်ပြီး. . .

"စားစေချင်ရင် နင်ကိုယ်တိုင် သွားခေါ်လိုက်ပါလား"

ဟု ပြောသည်။

"ဟဲ့. . . ငါခေါ်လို့ ဘယ်ကောင်းပါ့မလဲ၊ သူက တခြားရွာက ပြောင်းလာတဲ့လူသစ်ဆိုတော့ မခေါ်ဘဲနဲ့ ဘယ်လာမှာလဲ"

"ငါကတော့ မခေါ်နိုင်ပါဘူး၊ နင်တို့က ဧည့်ခံကျွေးမွေးရေးမှာ ပါတယ်မဟုတ်လား၊ နင်သွားခေါ်ချေ"

ဟု တိုးမောင်က တမင်ပြောလေရာ မြသီတာက နီမောင် ရှိရာသို့ လျှောက်သွားပြီး. . .

"နီမောင် ခဏနားပြီး လက်ဖက်လာစားလိုက်ဦးလေ"

ဟု သွားခေါ်သောအခါမှ နီမောင်က ဘုရားပေါ်မှ ဆင်းလာလေသည်။

အနားရောက်သောအခါ တိုးမောင်က. . .

"အစကတည်းက ငါမပြောဘူးလား၊ ငါတစ်ယောက်တည်းသာဆိုရင် နင် အခုလို လာမပို့ပေးပါဘူး"

ဟု ထပ်ပြောရာ မြသီတာက ရှက်စနိုး အမူအရာဖြင့်. .

"တိုးမောင်နော်. . နင် ပေါက်ကရ အတော်ပြောတယ်၊ ငါ အဖေနဲ့ ပြန်တိုင်လိုက်ရမလား"

ဟု ပြောလေရာ တိုးမောင်မှာ ပျာပျာသလဲ အမူအရာနှင့်. . .



www.burmeseclassic.com

www.bur,eseclassic.com



"သူကြီးကို တိုင်မပြောပါနဲ့ဟာ၊ ငါက ခင်လို့ စ,တာပါ"

ဟု ပြောကာ နေရာမှ ထွက်သွားလေသည်။

ထိုအခါမှ မြသီတာက. . .

"ကိုနီမောင် အတော်ပင်ပန်းနေပြီလား"

ဟု မေးသည်။

"မပင်ပန်းပါဘူး. . အခုလိုလုပ်ရတာ ပျော်စရာကောင်းပါတယ်"

"ခြံထဲမှာ နေတာကရော အဆင်ပြေရဲ့လား"

"အဆင်ပြေပါတယ်. . . အခုလို နေခွင့်ပေးထားတဲ့အတွက် မြ. . . မြလေးတို့ကို ကျေးဇူးတင်ပါတယ်"

"အမှန်ပြောရရင် ကျွန်မတို့ကတောင် ကိုနီမောင်တို့မိသားစုကို ကျေးဇူးတင်နေကြရတာ၊ အရင်ကဆိုရင် အဲဒီခြံထဲမှာ ခြံစောင့်ထားတာ ဘယ်သူမှ မနေချင်ကြတာနဲ့ ဒီအတိုင်းထားတော့ ခြံထဲက အုန်းသီးတွေဆိုတာ အရမ်းပျောက်တာပဲ၊ အခု ကိုနီမောင်တို့ ရောက်မှပဲ စိတ်ချလက်ချ ထားလို့ရတော့တာ"

"စိတ်ချပါ. . . ကျွန်တော်တို့ ရှိနေသမျှတော့ အပ်တိုတစ်ချောင်းတောင် မပျောက်စေရပါဘူး၊ ကျွန်တော်တို့ စောင့်ရှောက်ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် ကိုနီမောင်ရယ်"

ဟု ပြောဆိုနေစဉ် တိုးမောင် ပြန်ရောက်လာသဖြင့် စကားရပ်ကာ မြသီတာတို့က မဏ္ဍပ်ရှိရာဘက်သို့ ပြန်သွားကြ





လေသည်။

ထိုအခါ တိုးမောင်က. . .

"မြလေးက မင်းကို ဘာတွေပြောသွားသလဲ နီမောင်"

ဟု ပြုံးဖြီးဖြီး အမူအရာဖြင့် မေးသည်။

"ဘာမှမပြောပါဘူးကွာ. . ခြံကို ကောင်းကောင်းစောင့်ပေးဖို့ ပြောတာပါ"

"မြလေးက သဘောမနောတော့ ကောင်းပါတယ်၊ ဒါပေမယ့် မာနတော့ ကြီးတယ်၊ တော်ရုံလူဆိုရင် အဖက်လုပ်ချင်တာ မဟုတ်ဘူး၊ မင်းကိုတော့ ခင်မင်တဲ့ပုံ ပေါ်တယ်ကွ"

နီမောင်က ဘာမှမပြောဘဲ ပြုံးနေလိုက်ပြီးနောက် လက်ဖက်တစ်ဇွန်းကို ခပ်စားကာ ဘုရားဘက်သို့ ထွက်လာခဲ့သည်။

ထိုအခိုက်အတန့်အချိန်လေးမှာ သူ့ရင်ထဲမှာ စောစောကနှင့် မတူဘဲ တက်ကြွပျော်ရွှင်လျက်ရှိသည်။



www.burmeseclassic.com

www.bur,eseclassic.com





# အခန်း(၁၀)

# ပွဲကြည့်လာသော ဘီလူး

အလှူပွဲရက် မတိုင်ခင် လော်စပီကာ(အသံချဲ့စက်)က တစ်ရက်ကြိုရောက်သည်။

လော်စပီကာ ရောက်ပြီး ဇာတ်ထုပ်များ ဖွင့်ပေးကတည်းက တစ်ရွာလုံး ပျော်ရွှင်တက်ကြွလျက်ရှိသည်။

ရွာလမ်းတစ်လျှောက်မှာလည်း ပျားပန်းခတ်မျှ သွားလာ လှုပ်ရှားလျက် ရှိနေကြသည်။

ရွာလယ်ပိုင်းမှာ ဖွင့်ထားသော တရုတ်လူမျိုး အထော[illegible]၏ကုန်စုံဆိုင်မှာလည်း လက်မလည်အောင် ရောင်းရလေသည်။



www.burmeseclassic.com

www.bur,eseclassic.com



မျက်နှာချေ၊ မိတ်ကပ်၊ ပေါင်ဒါ၊ နှုတ်ခမ်းနီ၊ ပါးနီ၊ ဆိုးဆေး၊ အဝတ်အထည်၊ လုံချည်မှအစ လက်မလည်အောင် ရောင်းရလေသည်။

ကျေးလက်တောရွာများ၌ နေကြသူများမှာ စပါးပေါ်ချိန် ငွေပေါ်ချိန်၌ ဝယ်ထားသော အဝတ်အထည်များကို တစ်နှစ်ပတ်လုံး သေတ္တာထဲမှာ ထည့်သိမ်းထားကြရပြီး အလုပ်နှင့်လက်နှင့် မပြတ်အောင် လုပ်ကိုင်ကြရလေသည်။

ယခုလို တစ်နှစ်တစ်ခါ ကျင်းပသော အလှူအတန်းရှိမှ သေတ္တာမှ ထုတ်ကာ အစွမ်းကုန် ဝတ်ဆင်ကြရလေသည်။

အချို့ဆိုလျှင် ဝယ်ပြီး ဒီအတိုင်း သိမ်းထားကြပြီး အလှူအတန်းရှိမှ ထုတ်ဝတ်ကြရာ ကော်ရည်ကော်နံ့ပင် မပျောက်သေးဘဲ မာမာတောင့်တောင့်ကြီးအတိုင်းပင် ရှိလေသည်။

အလှူအကြိုနေ့တွင် ဘိုကလေးမြို့မှ သွားရောက်ငှားရမ်းထားသော ဆိုင်းနှင့်ဇာတ်ပွဲ ရောက်လာလေတော့သည်။ ထိုအခါ နီမောင်သည် သူ့မိတ်ဆွေ ဘီလူးငတေ ရှိရာသို့ သွားလေသည်။ ငတေနှင့် တွေ့သောအခါ. . .

“ငတေ. . . ဒီည ရွာမှာ ဆိုင်းပွဲ၊ ဇာတ်ပွဲတွေ ရှိတယ်၊ မင်းလာကြည့်မလား”

ဟု ပြောသည်။

“ငါလာလို့ ဖြစ်မယ်မထင်ပါဘူး သူငယ်ချင်းရယ်၊ ငါ့ရဲ့ပုံပန်းသဏ္ဌာန်ကို တွေ့ရင် လူတွေ လန့်ပြေးကုန်ကြမှာပေါ့”

“မင်းက ဒီပုံစံအတိုင်းနဲ့တော့ မလိုက်နဲ့ပေါ့ကွ၊ နည်း





နည်း ကြည့်ပျော်ရှုပျော်ဖြစ်အောင် ဖန်ဆင်းပြီးမှ လိုက်ခဲ့ပေါ့”

“ဖြစ်ပါ့မလား”

“ဖြစ်ပါတယ်. . မင်းလည်း သင်္ကန်းဖိုး အလှူငွေ ထည့်ထားတာပဲ၊ လာသင့်တာပေါ့”

“လာတော့ လာချင်တာပေါ့ကွာ၊ ဒါပေမယ့် ငါ့မှာ အဝတ်အစား ဝတ်စရာမှ မရှိတာ၊ ဘယ်လိုလုပ်ရမလဲ”

“ငါ့အဝတ်အစားတွေ ဝတ်လို့ရမလား၊ ငါယူပေးမယ်”

“အဲဒီလို ဝတ်လို့မရဘူးကွ၊ ငါတို့က လူနံ့ရပြီးသား အဝတ်တွေကို ဝတ်လို့မရဘူး”

“အဲဒီလိုဆိုရင် မပူနဲ့ ငါ အထောင်ဆိုင်က ပုဆိုးနဲ့အင်္ကျီ ဝယ်လာပေးမယ်”

ဟု ပြောကာ နောက်တစ်နေ့တွင် တရုတ်ဆိုင်မှ ပုဆိုးတစ်ထည်၊ အင်္ကျီတစ်ထည် ဝယ်ယူသွားလေသည်။

“ကဲ. . . မင်းရဲ့ပုံပန်းသဏ္ဌာန်ကိုလည်း ငါ့ကို အရင်ပြပါဦး”

“ငါ့ရဲ့ကိုယ်ခန္ဓာကို မြင်ရင် မင်းလန့်သွားမှာပေါ့ သူငယ်ချင်းရယ်. . . မကြည့်ချင်ပါနဲ့”

“မင်းနဲ့ငါနဲ့က သူငယ်ချင်းဖြစ်တာ ကြာပြီပဲ၊ မင်းရဲ့ပုံပန်းသဏ္ဌာန် ဘယ်လိုပဲဖြစ်ဖြစ် ငါမကြောက်ပါဘူး၊ ပြမှာသာ ပြပါ”

“မင်းစိတ်ထဲက မကြောက်ပေမယ့် ငါ့ကို မြင်ရင် မင်းရဲ့သွေးလန့်သွားလိမ့်မယ်၊ ဒီတော့ မင်းကြည့်ချင်ရင် ငါ့ရဲ့လက်တစ်ဖက်လောက်ကိုပဲ ကြည့်ပါ၊ ငါ့ရုပ်တုရဲ့နောက်ဘက်ကို ကြည့်



www.burmeseclassic.com

www.bur,eseclassic.com



လိုက် သူငယ်ချင်း"

ဟု အသံကြားရသဖြင့် နီမောင်က ရုပ်တုနောက်ဘက်သို့ လှမ်းကြည့်လိုက်လေသည်။

ထိုအခါ ဆောင့်ကြောင့်ထိုင်နေသော ဘီလူးရုပ်တုနောက်ဘက်မှ ထမ်းပိုးလုံးခန့် ကြီးသော လက်ကြီးတစ်ဖက် ထွက်လာလေသည်။

လက်သည်းချွန်ချွန်၊ အမွေးအမှင်များဖြင့် ကြောက်မက်ဖွယ်ရာ ရှိလေသည်။ သို့စေကာမူ. . .

နီမောင့်စိတ်ထဲမှာတော့ မကြောက်မိပေ။

အဘယ်ကြောင့်ဆိုသော်. . .

သူ့စိတ်ထဲမှာ ဘီလူးတေအား ကြောက်စရာကောင်းသော ပရလောကသားထက် သနားစရာကောင်းသော ပရလောကသားအဖြစ် သိထားသောကြောင့် ဖြစ်လေသည်။

"အေး. . . ဟုတ်တယ်၊ မင်းရဲ့လက်တစ်ဖက်တောင် ဒီလောက်ကြောက်ဖို့ကောင်းနေရင် တစ်ကိုယ်လုံးဆိုရင် ဘယ်သူမှ ကြည့်ဝံ့ကြမှာ မဟုတ်ဘူး၊ ဒီတော့ မင်းအနေနဲ့ ငါနဲ့ လိုက်မယ်ဆိုရင် လူတစ်ယောက်လို ကြည့်ပျော်ရှုပျော်ဖြစ်အောင် လုပ်ပြီးမှ လိုက်လို့ရမှာပေါ့"

"ဒီလိုလုပ်လေ. . . ငါဖန်ဆင်းပြတာကို မင်း အရိပ်ထဲမှာ ကြည့်နေ၊ အနေတော် ရောက်ရင် ငါ့ကို ပြောပြ"

"အေး. . . ကောင်းပြီ"

နီမောင်က ကျောက်ဘီလူးရုပ် အရှေ့ဘက်မှ နေရောင်





ထိုးကျနေသည့် ကွက်လပ်ရှိရာသို့ ကြည့်နေလေသည်။

ခဏကြာတော့ နေရောင်ထိုးကျနေသော ကွက်လပ်ထဲမှာ အရိပ်မည်းကြီးတစ်ခု ပေါ်လာသည်။

အရိပ်မှာ ထန်းပင်ပမာဏ ရှည်လျားလွန်းလှသည်။

"အရပ်သိပ်ရှည်လွန်းတယ် ငတေရ၊ အများဆုံး လူ့တစ်ရပ်သာသာလောက်ထက် မပိုစေနဲ့"

ထိုသို့ပြောလိုက်သောအခါ နေရောင်ခြည်မှာ ပေါ်နေသော အရိပ်မည်းကြီးက ပြန်ပျောက်သွားသည်။

ခဏကြာတော့ ပြန်ပေါ်လာပြန်သည်။

အရပ်ကတော့ အနေတော် ဖြစ်သွားသည်။

ကိုယ်လုံးက ပုတ်လုံးလောက် ကြီးနေပြန်သည်။

"အရပ်ကတော့ တော်ပြီ၊ ဒါပေမယ့် ကိုယ်လုံးက သိပ်ကြီးနေသေးတယ်၊ လူတစ်ယောက်ရဲ့ခန္ဓာကိုယ်လောက်ဆိုရင် တော်လောက်ပြီကွ"

ဟု ပြောလိုက်တော့ အရိပ်မည်းကြီးက ပြန်ပျောက်သွားပြန်သည်။

ခဏကြာတော့ နေရောင်အောက်မှာ လူတစ်ယောက်၏အရိပ်သဏ္ဍာန် ပေါ်လာသည်။

အရပ်အမောင်းရော အလုံးအထည်ရော အနေတော် ဖြစ်လေသည်။

"အေး. . . အဲဒီအတိုင်း ဟုတ်ပြီ၊ ငါ ဒီမှာ ပုဆိုးနဲ့အကျႌ ထားခဲ့မယ်၊ ညကျတော့ မင်းလာခဲ့၊ ငါ ရွာထိပ်က ထွက်စောင့်နေ



www.burmeseclassic.com

www.bur,eseclassic.com



မယ်"

"ငါလာရင် မင်းက မှတ်မိပါ့မလား"

"လူကို မမှတ်မိပေမယ့် ငါဝယ်လာတဲ့ ပုဆိုးနဲ့အင်္ကျီ အဆင်ကို ငါမှတ်မိတာပဲ၊ နောက်ပြီး မင်းက ငါတို့ရွာသားမှ မဟုတ်တာ၊ တွေ့တာနဲ့ သိနိုင်ပါတယ်"

ဟု ပြောဆိုကာ နီမောင် ပြန်လာလေသည်။

ညနေပိုင်းအချိန်လောက်ကတည်းက ဆိုင်းဝိုင်းက တီးနေပြီဖြစ်သောကြောင့် တစ်ရွာလုံး ပျားပန်းခတ်မျှ စည်ကားနေလေသည်။

လူပျို အပျို ကာလသား၊ ကာလသမီးတို့မှာ အစွမ်းကုန် မွမ်းမံခြယ်သ၍ ဟန်ရေးပြနေကြလေသည်။

ကာလသားလူပျိုတို့ကလည်း မိမိတို့ ပိုးပန်းနေသည့် မိန်းကလေးများ မြင်သာအောင် လူလုံးပြကြရလေသည်။ ထိုသို့ အခြားလူပျိုလူရွယ်များ အလုပ်ရှုပ်နေကြသည့်အချိန်ဝယ် နီမောင်တစ်ယောက်မှာ စိတ်ဂနာမငြိမ်နိုင်အောင် ရှိနေလေသည်။

ဘီလူးငတေကို သွားခေါ်ထားပြီးမှ အကယ်၍ ရောက်လာပါက အဆင်မှ ပြေပါ့မလားဟု စိတ်ပူနေမိသည်။

"ငတေတစ်ယောက် ဘယ်လိုပုံစံနဲ့ ရောက်လာမယ် မသိဘူး၊ ငါက အရိပ်ထဲက ကြည့်နေရတာဆိုတော့ သူ့မျက်နှာကိုလည်း မမြင်ခဲ့ရဘူး၊ အရပ်အမောင်းနဲ့ ကိုယ်လုံးကိုယ်ထည်က တော့ အနေတော်ပဲ၊ ဒါပေမယ့် ရုပ်ရည်က ဘယ်လိုလာမယ်မှန်း မသိရဘူး၊ တော်ကြာ ကြောက်စရာကောင်းတဲ့မျက်နှာနဲ့များ





ရောက်လာရင်တော့ အခက်ပဲ"

ဟု တွေးတောနေမိသည်။

ထိုအခိုက်မှာပင် တိုးမောင် ရောက်လာလေသည်။

"နီမောင် . . . မင်း ပွဲသွားကြည့်မှာ မဟုတ်လား၊ တို့နှစ်ယောက် အတူတူ သွားကြမယ်ဟေ့"

"မင်းသွားနှင့်တော့ကွာ . . . ငါ ဧည့်သည်တစ်ယောက် လာမယ် ချိန်းထားလို့ စောင့်နေရတယ်"

"ဘယ်က ဧည့်သည်လဲကွ"

"အထက်ဘက်က အလည်လာမယ့် တို့ရဲ့မိတ်ဆွေပါ"

"မင်းကလည်း တကယ့်ရက်ကျမှပဲ ဧည့်သည်ကရောက် လာရသေးတယ်၊ ငါ ညနေတုန်းက မြလေးနဲ့ တွေ့လို့ သူကမှာ လိုက်တယ်"

"ဘာတဲ့လဲ"

"သူက သူကြီးသမီးဆိုတော့ ပွဲကြည့်ဖို့ ဖျာနေရာ ကောင်းကောင်းရတယ်လေကွာ၊ အဲဒါ တို့နှစ်ယောက်အတွက်ပါ ဖျာတစ်ချပ် ပိုယူပေးထားမယ်တဲ့၊ သူကြီးသမီး ကွမ်းတောင်ကိုင် တစ်ယောက်နဲ့ အတူတွဲပြီး ပွဲကြည့်ခွင့်ရတာ နည်းတဲ့ကုသိုလ်ကံ မဟုတ်ဘူးနော်၊ မင်းဧည့်သည်ကို ထားခဲ့ပြီး ငါနဲ့သာ လိုက်ခဲ့ကွာ"

ထိုစကားကြောင့် နီမောင်က သက်ပြင်းချလိုက်လေ သည်။

"အဲဒီလို မဖြစ်ဘူး တိုးမောင်ရဲ့၊ ဧည့်သည်က တစ်ရပ် တစ်ကျေးက လာတာဆိုတော့ ငါမရှိလို့ မဖြစ်ဘူး၊ ဒီတော့ မင်း



www.burmeseclassic.com

www.bur,eseclassic.com



ဘာသာ သွားလိုက်တော့ကွာ"

ထိုစကားကြောင့် တိုးမောင်မှာ များစွာစိတ်ပျက်လက်ပျက် အမူအရာမျိုး ဖြစ်သွားလေသည်။

"မင်းကတော့ တကယ့်လူပါပဲကွာ၊ တခြားကာလသားတွေဆိုရင် မြလေးရဲ့အနားကို ကပ်ချင်ကြလို့ နည်းအမျိုးမျိုးနဲ့ ကြိုးစားနေကြရတယ်၊ အခု မင်းကတော့ ဟိုက လာပါလို့ ခေါ်တာတောင် မသွားဘူးဆိုတော့ အံ့သြစရာပဲ"

ဟု ပြောဆိုကာ ထွက်သွားလေသည်။

အခြားသူများ ရှာစဉ်ရှာရိုးတစ်လျှောက် ပျားပန်းခတ်သလို သွားလာနေကြချိန်မှာ နီမောင်တစ်ယောက်ကတော့ ရွာအနောက်ဘက် အဝင်လမ်းနံဘေးရှိ ပျဉ်းမပင်အောက်မှာ တစ်ယောက်တည်း ထိုင်စောင့်နေလေသည်။

ထိုသို့ ထိုင်စောင့်ရာမှာလည်း မြင်မြင်ထင်ထင်နေရာမှ မစောင့်ဝံ့ပေ။

အခြားသူများ မြင်လျှင် တစ်မျိုးတစ်မည် ထင်မည်စိုးသောကြောင့် အမှောင်ရိပ်နေရာမှ ထိုင်စောင့်ရလေသည်။

တန်ဆောင်မုန်းလဆန်း(၁၄)ရက်နေ့ည၏ လရောင်သည် အစွမ်းကုန် ထွန်းလင်းလျက်ရှိသည်။

မိုးရိပ်မိုးနံ့ အငွေ့အသက် မကုန်သေးသော်လည်း နှင်းမှုန်နှင်းဖွဲ့များက ကျဆင်းစ ပြုလာလေရာ အတန်ငယ် အေးစ,ပြုလာလေပြီ။

ရွာဦးကျောင်းဘက်မှ ဆိုင်းချီသံများကို အတိုင်းသား





ကြားနေရသည်။

ရွာစဉ်တစ်လျှောက်မှာလည်း သူ့အိမ်ရှေ့ ကိုယ့်အိမ်ရှေ့ထွက်၍ မီးအိမ်မီးတိုင်များ ထွန်းထားကြလေသည်။ အချို့က ဝါးလုံးတန်းများ တန်း၍ ဖယောင်းတိုင်များ၊ ဆီမီးခွက်များကို ထွန်းထားကြရာ လင်းထိန်လျက်ရှိသည်။

ရွာလမ်းတစ်လျှောက် ဥဒဟို သွားလာနေကြသောလူများကို အတိုင်းသား မြင်နေရသည်။

ညဦးပိုင်းအချိန် ရောက်သည်အထိ ငတေ,က ရောက်မလာသေးပေ။

"ဒီကောင် အခုထိ ဘာကြောင့် ရောက်မလာသေးတာလဲ၊ လာလို့မှ ရရဲ့လား မသိဘူး"

ထိုသို့တွေးနေစဉ် မလှမ်းမကမ်းရှိ တောတန်းဘက်ဆီမှ စူးစူးဝါးဝါး ဟောင်လိုက်သော ခွေးဟောင်သံများကို အရင်ကြားရလေသည်။

ခွေးဟောင်သံများက တစ်စနှင့်တစ်စ ရွာလမ်းဘက်သို့ နီးလာလေသည်။

နီမောင်မှာ ထိုခွေးဟောင်သံများကြောင့် အနည်းငယ် ရင်ခုန်လာသည်။

"ငတေ လာပြီထင်တယ်၊ ဘယ်လိုပုံစံနဲ့များ ရောက်လာမလဲ မသိဘူး"

ဟု တွေးနေစဉ် လရောင်အောက်မှာ ရွာလမ်းဘက်သို့ တရွေ့ရွေ့ လျှောက်လာသော လူရိပ်သဏ္ဌာန်ကို လှမ်းမြင်ရ



www.burmeseclassic.com

www.bur,eseclassic.com



သည်။

သို့သော်. . . ငတေ ဖြစ်,မဖြစ်ကိုတော့ ကံသေကံမ မသိနိုင်ပေ။

အခြားရွာမှ ရွာသားများ ပွဲလာကြည့်တာလည်း ဖြစ်ချင်ဖြစ်နိုင်ပေသည်။

အနားရောက်လာတော့မှ မိမိဝယ်ပေးထားသော ပုဆိုးနှင့်အင်္ကျီကို မှတ်မိသွားလေသည်။

"ငတေ မဟုတ်လားဟေ့"

"ဟုတ်တယ် သူငယ်ချင်း"

"မင်းလာတာ နောက်ကျလှချည်လား"

"ရွာထဲ ဝင်ဖို့အတွက် ရွာစောင့်နတ်ကို ခွင့်တောင်းနေရလို့ ကြာသွားတာမို့ စိတ်မရှိပါနဲ့"

"မင်းတို့လောက,ကလည်း အတော်ရှုပ်တာပဲ"

"ဟုတ်တယ်ကွ. . . မင်းတို့ လူ့လောကနဲ့ မတူဘူး၊ လူ့လောကမှာက ရွာကို အုပ်ချုပ်တဲ့လူက ရွာမှာပဲ ရှိတယ်၊ မြို့ကို အုပ်ချုပ်တဲ့လူက မြို့မှာပဲ ရှိကြတယ်၊ ပရလောကမှာကျတော့ သူ့ပိုင်နက်၊ ကိုယ့်ပိုင်နက်တွေက အများကြီးရှိတော့ သူတို့နေရာ ဖြတ်သွားရင် သူတို့ကို ခွင့်တောင်းရသေးတယ်"

ဟု ပြောပြလေသည်။

ထို့နောက်. . .

လရောင်ဖြင့် ငတေ၏ပုံပန်းသဏ္ဌာန်ကို ကြည့်လိုက်သောအခါ သူဝယ်ပေးထားသော ပုဆိုး၊ အင်္ကျီများဖြင့် အဆင်





ပြေပြေ တွေ့ရတော့မှ စိတ်သက်သာရာ ရသွားသည်။ ငတေသည် သျှောင်တစောင်း ထုံးထားပြီး သာမန်လူတစ်ယောက်ကဲ့သို့ပင် ရှိနေလေသည်။

"ဘယ်လိုလဲ. . . ဒီအတိုင်းလောက်ဆို ရပြီလား"

"ရပြီ. . . ရပြီ၊ ဒီလောက်ဆိုရင် ရပြီ၊ အချိန်တောင် အတော်နောက်ကျနေပြီ၊ သွားကြရအောင်"

နှစ်ယောက်သား ရွာလမ်းအတိုင်း လျှောက်လာကြသည်။ ပွဲချိန်နီးနေပြီ ဖြစ်သဖြင့် အားလုံး ပွဲခင်းထဲသို့ ရောက်နေကြပြီဖြစ်သောကြောင့် ရွာလမ်းတစ်လျှောက် လူသွားလူလာ ရှင်းနေသည်။

သူတို့ လျှောက်လာတော့ အချို့ခြံဝင်းထဲမှ ခွေးများက စူးစူးဝါးဝါး ထိုးဟောင်ကြလေသည်။

ကျောင်းဝင်းထဲ ရောက်တော့ လူများ ပြည့်နေသည်။

ဒေသထွက် အစားအသောက် ရောင်းသော ဈေးသည်များမှာလည်း ရေနံဆီမီးခွက် တထိန်ထိန်ဖြင့် စည်ကားလျက်ရှိသည်။

ဇာတ်စင်သည် မဏ္ဍပ်နှင့် တစ်ဆက်တည်း ဖြစ်သောကြောင့် မဏ္ဍပ်ထဲ၌ လူများ ပြည့်ကျပ်နေလေသည်။

နီမောင်တို့နှစ်ယောက်ကတော့ လူရှင်းသော အမှောင်ရိပ် နေရာမှ ရပ်ကာ ပွဲကြည့်ကြလေသည်။

ခဏကြာတော့ ပွဲစ,ထွက်လေတော့သည်။

"ငတေ. . . အခုလို လူတွေ အများကြီးနဲ့ ပွဲကြည့်ရတာ



www.burmeseclassic.com

www.bur,eseclassic.com



မင်းစိတ်ထဲမှာ ဘယ်လိုနေသလဲ၊ မပျော်ဘူးလား"

"သိပ်မပျော်ဘူး သူငယ်ချင်းရဲ့၊ ငါ့စိတ်ထဲမှာ တစ်ခုခု ဖြစ်လိမ့်မယ်လို့ ထင်နေမိတယ်"

"ဘာမှမဖြစ်ပါဘူးကွာ. . . တစ်ခါတလေ လာတာပဲ၊ စိတ်အေးအေးသာ နေပါ"

နီမောင်က စိတ်အေးအေးနေပါလို့ ပြောသော်လည်း ငတေ,ကတော့ ဂနာမငြိမ် ဖြစ်နေလေသည်။

သန်းခေါင်ယံအချိန်လောက် ရောက်သောအခါ ငတေ က. . .

"သူငယ်ချင်း. . . ဟိုမှာတော့ တစ်ခုခု ဖြစ်ပြီထင်တယ်၊ ငါ့လည်ပင်းတွေလည်း တင်းကျပ်ပြီး အရမ်းပူလာတယ်၊ နေလို့ မရတော့ဘူး"

ဟု မျက်စိမျက်နှာပျက်ပျက်နှင့် ပြောလေသည်။

ထို့နောက်. . .

ငတေသည် နီမောင် တားနေသည့်ကြားကပင် ရုပ်ပျက်ဆင်းပျက် အမူအရာ ဖြစ်လာပြီးနောက် ပြန်သွားလေတော့သည်။

နီမောင်မှာ ငတေ၏အမူအရာကို ကြည့်ပြီး နားမလည် အောင် ဖြစ်မိလေသည်။





# အခန်း(၁၁)

# ဘီလူးငတေနှင့် ခွဲခွာရခြင်း

အချိန်မည်မျှကြာအောင် အိပ်ပျော်နေသည် မသိပေ၊ နားထဲမှာ မိမိကို ခေါ်နေမှန်း သိသောကြောင့် မျက်လုံးဖွင့်ကြည့် လိုက်သည်။

အပြင်ဘက်မှာ အမှောင်ရိပ်များ ရှိနေသေးသော ကြောင့် ဘာမှမမြင်ရသော်လည်း အသံကိုတော့ ကြားနေရလေ သည်။

"သူငယ်ချင်း. . . ငါ့ကို အမြန်လာကယ်ပါဦး၊ ငါ ဒုက္ခ



www.burmeseclassic.com

www.bur,eseclassic.com



ရောက်နေပြီ"

ကြားနေရသောအသံက ငတေ၏အသံဖြစ်သည်။

"မင်းဘယ်မှာလဲ. . . ဘယ်လိုဖြစ်နေတာလဲ"

"ငါမရှိတုန်း သိုက်ဆရာတွေ ရောက်လာပြီးတော့ ငါ့ကို ချုပ်ထားခဲ့ကြတယ်၊ ဥစ္စာပစ္စည်းတွေကိုလည်း ယူသွားကြပြီ၊ မင်း အမြန်လာကယ်ပေးပါ သူငယ်ချင်း"

"အေး. . . အေး၊ ငါ အခုပဲ အရောက်လာခဲ့မယ်"

ဟု ပြောကာ နီမောင်က မြက်ခုတ်ဓားတစ်လက်ကို ယူကာ မိုးမလင်းမီ လယ်ကွက်ရှိရာသို့ ထွက်လာခဲ့သည်။

လယ်ကွက်ရှိသောနေရာသို့ ရောက်သောအခါ ဘီလူး ငတေ ကျောက်ရုပ်ကြီးမှာ တုံးလုံးကြီး လဲနေပြီး ၎င်းထိုင်သော နေရာအောက်မှာလည်း မြေကျင်းကြီး ဖြစ်နေသည်ကို တွေ့ရ သည်။

ထို့ပြင်. . .

ထူးထူးခြားခြား ကျောက်ရုပ်ကြီး၏လည်ပင်း၌ သက်န်း အရောင်နှင့် တူသော ကြိုးတစ်ခွေနှင့် ပတ်ချည်ထားသည်ကို တွေ့ရလေသည်။

"ဒါ ဘီလူးငတေကို ဒုက္ခပေးတဲ့ ရန်သူတွေလက်ချက်ပဲ ဖြစ်ရမယ်၊ အရင်တုန်းက ငါရောက်တာနဲ့ သူစကားပြောနိုင် တယ်၊ အခု စကားမပြောနိုင်တာ ဒီကြိုးနဲ့ လည်ပင်းကို စွပ်ထား လို့ပဲ ဖြစ်ရမယ်"

ဟု တွေးတောကာ ဓားဖြင့် ၎င်းကြိုးကွင်းကို ဖြတ်လိုက်





ပြီး ဘီလူးရုပ်ကြီးကို နေရာမပျက် ပြန်ထောင်ပေးလိုက်သည်နှင့် တောတစ်တောလုံး ကြောက်မက်ဖွယ်ကောင်းသော မြည်ဟည်း သံကြီး ပေါ်ထွက်လာလေသည်။

အတန်ကြာတော့ ထိုအသံများက တဖြည်းဖြည်း ဝေး ကာ ပျောက်ကွယ်သွားလေတော့သည်။

အတန်ကြာသည်အထိ စောင့်ကြည့်နေသော်လည်း နောက်ထပ်အခြေအနေ ဘာမှမထူးသောကြောင့် နီမောင်သည် ညက အိပ်ရေးပျက်သည့်အရှိန်ကြောင့် အိပ်ချင်သဖြင့် သစ်ပင် ရိပ်အောက်မှာ တစ်ရေးတစ်မော အိပ်လိုက်ရာ ခဏချင်း အိပ် ပျော်သွားလေတော့သည်။

ထိုသို့အိပ်ပျော်သွားစဉ် အိပ်မက်ထဲမှာ ဘီလူးငတေကို ပြန်တွေ့ရလေသည်။

"ငတေ. . . စောစောက မင်းဘယ်သွားနေတာလဲ"

"မင်းကယ်လိုက်လို့ပေါ့ သူငယ်ချင်းရယ်၊ ငါမရှိတုန်း သိုက်သမားတွေ ရောက်လာပြီး ငါ့ရုပ်တုကို ခြေမန်းကွင်းနဲ့ စွပ် ထားလိုက်တာ ငါ့မှာ ဘယ်လိုမှ လှုပ်လို့မရတော့ဘူး၊ အဲဒီလို ဖြစ်နေတုန်း သူတို့က ငါ့ရုပ်တုအောက်က ရတနာတွေကို ယူပြီး ထွက်သွားကြတယ်"

"ဟင်. . . ဒါဖြင့် ဘာမှ မကျန်တော့ဘူးပေါ့ ဟုတ် လား"

"အခုတော့ အားလုံး ပြန်ယူလာခဲ့ပါပြီ"

"မင်းဘယ်လိုပြန်ယူလာတာလဲ"



www.burmeseclassic.com

www.bur,eseclassic.com



"အဲဒီအချိန်မှာ မင်းရောက်လာပြီး ခြေမန်းကွင်းကြိုးကို ဖြုတ်ပေးလိုက်တာနဲ့ ငါ သူတို့နောက် လိုက်သွားပြီး တင်းပုတ်နဲ့ ထုသတ်ပြီး ရတနာပစ္စည်းတွေကို အားလုံးပြန်ရလာခဲ့တယ်၊ ဒါပေမယ့် သူတို့အထဲက တစ်ယောက်ကတော့ လွတ်သွားတယ်"

"ဖြစ်ရလေကွာ. . . မင်းကို ငါခေါ်သွားမိလို့ ဒီလိုဖြစ်ရတာ စိတ်မကောင်းပါဘူး"

"ဘာမှ စိတ်မကောင်း ဖြစ်မနေနဲ့ သူငယ်ချင်း၊ မင်း အကူအညီပေးလို့ ငါလွတ်မြောက်ခွင့် ရခဲ့တဲ့အတွက် မင်းကို တောင် ကျေးဇူးတင်ရဦးမယ်၊ ဒါပေမယ့် မင်းနဲ့ငါတော့ ခွဲရတော့မယ် သူငယ်ချင်း"

"ဟင်. . . ဘာဖြစ်လို့လဲ"

"ငါတို့ရဲ့ဥစ္စာတွေ ထားတဲ့နေရာကို လူတွေ သိသွားပြီဆိုတော့ ဒီနေရာမှာ ဆက်နေလို့မရတော့ဘူး၊ ဒါကြောင့် ဘိုးဘိုးက တစ်နေရာကို ပြောင်းဖို့ အမိန့်ချပြီ"

ထိုစကားကြားသောအခါ နီမောင့်ရင်ထဲမှာ စိတ်မကောင်းဖြစ်ခြင်းနှင့်အတူ 'ဟာ' သွားလေသည်။

ချစ်ခင်နှစ်သက်သော မိသားစုထဲမှ တစ်ယောက်နှင့် ခွဲခွာရတော့မည်ကဲ့သို့ ခံစားရလေသည်။

"မင်း ဒီနေရာမှာပဲ ဆက်နေလို့ မရတော့ဘူးလားငတေရယ်၊ တကယ်လို့ သိုက်ဆရာတွေ လာရင် မင်းအတွက် ငါကိုယ်တိုင် ကာကွယ်စောင့်ရှောက်ပေးပါ့မယ်"

"မဖြစ်ဘူး သူငယ်ချင်း၊ လူ့လူချင်း ယှဉ်ပြိုင်တိုက်ခိုက်လို့





ရပေမယ့် မမြင်ရတဲ့စွမ်းအားတွေကျတော့ မင်းယှဉ်ပြိုင်နိုင်မှာ မဟုတ်ပါဘူး"

ထိုစကားကြားသောအခါ နီမောင်က စိတ်ပျက်လက်ပျက် အမူအရာနှင့် ဘီလူးငတေ ကျောက်ရုပ်အနီးမှာ ထိုင်ချလိုက်လေသည်။

"ဒီလောက်လည်း စိတ်ပျက်မနေပါနဲ့ကွာ၊ ငါ မင်း အတွက် အရင်းအနှီးလုပ်ဖို့ ဥစ္စာပေးထားခဲ့ပါ့မယ်"

"မင်းပေးတဲ့ငွေကိုလည်း ငါမလိုချင်ပါဘူးကွာ၊ မင်းနဲ့ ခွဲရမှာကိုပဲ စိတ်မကောင်းဖြစ်မိတာပါ"

"ငါပေးတဲ့ငွေကိုတော့ ယူထားလိုက်ပါ သူငယ်ချင်းရယ်၊ ငါမရှိတဲ့နောက် အရင်ကျောက်ရုပ်ကြီး ရှိတဲ့နေရာအောက်မှာ ရှာကြည့်ရင် မင်းတွေ့လိမ့်မယ်၊ နောက်ပြီး မင်းကို မှာစရာ ပြောစရာ ရှိသေးတယ်"

"ဘာများပါလိမ့်"

"ဒီကနေ မဝေးလှတဲ့နေရာမှာ ဧကနှစ်ဆယ်လောက် ကျယ်တဲ့ လယ်ကြီးတစ်ကွက် ရှိတယ်၊ ဝင်လုပ်တဲ့လူတိုင်း ဒုက္ခရောက်ပြီး ထွက်ပြေးကြရလို့ 'မလုပ်ကောင်းတဲ့လယ်ကြီး' လို့ နာမည်ကြီးနေတဲ့ လယ်ကွက်ကြီးလေ၊ မင်းသိတယ်မဟုတ်လား"

"အေး. . . သိတယ်"

"အဲဒီလယ်ကြီးက ဘာကြောင့် လူတွေ လုပ်လို့မရသလဲဆိုတော့ အဲဒီလယ်ရဲ့အောက်တည့်တည့်မှာ ရွှေဟောင်းသိုက်ကြီးတစ်သိုက်ရှိတယ်၊ ဒါကြောင့် လူတွေ လုပ်လို့မရတာပါ"



www.burmeseclassic.com

www.bur,eseclassic.com



"ဒါဖြင့် ဘယ်လိုလုပ်ရမလဲ"

"အကောင်းဆုံးကတော့ မင်း သူတို့နဲ့ မိတ်ဆွေဖွဲ့ပြီး လုပ်မယ်ဆိုရင်တော့ ရလိမ့်မယ်၊ အခု ဒီမြေကွက်လိုပေ့ါ၊ အရင်က လာလုပ်သမျှလူတွေကို ငါက နှောင့်ယှက်နေတော့ ဘယ်သူမှ မလုပ်ဝံ့ကြသလိုပေ့ါ၊ မင်းနဲ့ငါနဲ့ မိတ်ဆွေဖြစ်သွားတော့ ဘာမှ မဖြစ်တော့ဘူး မဟုတ်လား၊ ဒီတော့ မင်း အဲဒီလယ်ကြီးကို လုပ်ချင်ရင် သူတို့နဲ့ မိတ်ဆွေဖြစ်အောင်သာ လုပ်ပေတော့"

"အေးပါကွာ. . . မင်းပြောတဲ့အတိုင်း ငါလုပ်ပါ့မယ်"

"ကဲ. . . ငါသွားတော့မယ် သူငယ်ချင်း၊ မင်းအိပ်ရာက နိုးလာတဲ့အခါ ငါပြောတဲ့အတိုင်း ငါ့ရုပ်တုကြီးရဲ့အောက်မှာ ရှာကြည့်ရင် မင်းအတွက် ထားပေးခဲ့တဲ့ငွေတွေကို တွေ့ရလိမ့်မယ်၊ နောက် ငါ့ကို သတိရတဲ့အခါ၊ အလှူအတန်း လုပ်တဲ့အခါ အမျှပေးဝေလိုက်ပါ သူငယ်ချင်း"

ထိုသို့ပြောပြီး ငတေသည် ၎င်းလက်ထဲမှ တင်းပုတ်ဖြင့် ရုပ်တုကြီးကို ရိုက်ဖြိုချလိုက်သည်။

ပြီးနောက် သူ့ကို နှုတ်ဆက်ကာ တဖြည်းဖြည်းနှင့် ဝေဝါးပျောက်ကွယ်သွားလေတော့သည်။

ထိုအခါမှ နီမောင်မှာ အိပ်ပျော်နေရာမှ လန့်နိုးလာလေတော့သည်။

သူ နိုးလာသောအချိန်မှာ နေဝင်ဆည်းဆာအချိန်သို့ပင် ရောက်နေပြီး ပတ်ဝန်းကျင်တစ်ဝိုက်မှာ အမှောင်ရိပ်များပင် သမ်းနေလေပြီ။





သူ အိပ်ရာမှ နိုးလျှင်နိုးချင်း ကျောက်ရုပ်ကြီး ရှိရာသို့ လှမ်းကြည့်လိုက်တော့ မတွေ့ရတော့ပေ။

"ဟင်. . ."

အံ့ဩစိတ်နှင့် နေရာမှထကာ အနားသွားကြည့်သောအခါ အိပ်မက်ထဲမှာ တွေ့မြင်ရသည့်အတိုင်း ကျောက်ရုပ်ကြီးမှာ တစ်စစီ ပြိုကွဲကာ မြေပေါ်သို့ ပုံကျနေသည်ကို တွေ့ရလေသည်။ နီမောင်မှာ ထိုကျောက်ပုံကြီးကို ကြည့်ပြီး ရင်ထဲမှာ ဆို့နင့်နေသည်။

မိတ်ဆွေရင်းချာ ဒါမှမဟုတ် သားချင်းတစ်ယောက် ပျက်စီးဆုံးရှုံးသွားသလို ခံစားနေရလေသည်။

"ဖြစ်မှဖြစ်ရလေ ငတေရယ်၊ မင်း အခုလို ဖြစ်ရတာ ငါ့ကြောင့်များလား သူငယ်ချင်းရယ်"

ဟု ရေရွတ်နေမိသည်။

မျက်စိထဲမှာလည်း သူဝယ်လာပေးသော ပုဆိုးနှင့်အင်္ကျီကို ဝတ်ဆင်လာသော ငတေ၏ပုံပန်းသဏ္ဍာန်ကို သတိရနေသည်။

ထို့နောက်. . .

အချိန်လည်း မရှိတော့သဖြင့် ငတေ မှာထားခဲ့သည့်အတိုင်း ကျောက်ပုံပျက်ကြီးနေရာကို တူးဆွရှာဖွေကြည့်သောအခါ သူဝယ်ပေးသော ပုဆိုးနှင့်အင်္ကျီကို တွေ့ရပြီး အတွင်း၌ ငွေသားတစ်ထောင်ကိုပါ တွေ့ရလေတော့သည်။

ထိုရက်မှစ၍ နောက်ပိုင်းတွင် ဘီလူးငတေကို ဆုံးဝ



www.burmeseclassic.com

www.bur,eseclassic.com



မတွေ့ရတော့ပေ။

နီမောင်သည် ပုဆိုးနှင့် ထုပ်ထားသည့် ငွေထုပ်ကလေးကို ပိုက်ကာ အိမ်သို့ပြန်လာရာ လမ်းမှာတင် အဖေနှင့် ဆရာကြီး ဦးဗန်ကောင်းတို့နှင့် တွေ့ရလေသည်။

"မင်း မနက်မလင်းခင်ကတည်းက အိမ်က ထွက်သွားတာ မိုးချုပ်တဲ့အထိ ပြန်ရောက်မလာလို့ အဖေတို့ လိုက်လာကြတာ"

ဟု အဖေက ပြောသည်။

ဆရာကြီး ဦးဗန်ကောင်းကလည်း. . .

"အခြေအနေ ဘာထူးသလဲ နီမောင်"

ဟု မေးသည်။

"ထူးတယ် ဆရာကြီး၊ ကျွန်တော် အိမ်ရောက်တော့ အကြောင်းစုံ ပြောပြပါ့မယ်"

"အေးကွာ. . . တို့လည်း မင်းကို စိတ်မချတာနဲ့ ကထိန်ရေစက်ချပြီးတာနဲ့ လိုက်လာကြတာပဲ"

သုံးယောက်သား အိမ်ပြန်ရောက်တော့ ညဦးပိုင်းအချိန်သို့ပင် ရောက်နေချေပြီ။

အိမ်ရောက်တော့ နီမောင်က ဘီလူးငတေ ပေးခဲ့သောငွေထုပ်ကို ပြပြီး အကြောင်းစုံ ပြောပြလိုက်သည်။

"ဟင်. . . ဒါဖြင့် သူမရှိတော့ဘူးပေါ့"

အမေက ဝမ်းနည်းသံကြီးနှင့် မေးလိုက်သည်။

"ဟုတ်တယ် အမေ၊ ဘီလူးငတေ အဲဒီနေရာမှာ မရှိ





တော့ဘူး၊ သူနေရာရွှေ့သွားပြီ"

"ဖြစ်ရလေကွယ်. . . ငါ့စိတ်ထဲမှာတော့ သားချင်းတစ်ယောက် ဆုံးပါးသွားရသလိုပါပဲ"

စိတ်မကောင်းစွာ ပြောလေသည်။

နီမောင်က ငတေ မှာသွားသော မလုပ်ကောင်းသောလယ်ကြီးအကြောင်းကို ပြောပြလိုက်ရာ ဆရာကြီး ဦးဗန်ကောင်းက ဤသို့ပြောသည်။

"ခင်ဗျားတို့ မိသားစုက ဒီအရပ်နဲ့ အဆက်ပါပုံရပါတယ်၊ ပရလောကသားတွေကလည်း ခင်ဗျားတို့ကို လက်ခံကြပါတယ်၊ အဲဒီလယ်ကြီးကလည်း တစ်နေ့ကျရင် ခင်ဗျားတို့လက်ထဲရောက်လာမှာပါ၊ ကျုပ် ခင်ဗျားတို့ကို ဒီအရပ်ကို ခေါ်ခဲ့တာ အဲဒီအကြောင်းကလည်း အဓိက ပါ,ပါတယ်"

"ဆရာကြီး လောကမှာ ဒီလိုဆန်းကြယ်တဲ့အကြောင်းမျိုးတွေက ရှိနေတယ်နော်"

"ဒီအကြောင်းမျိုးတွေက အခုမှ ရှိတာမှ မဟုတ်တာ၊ မြတ်စွာဘုရား လက်ထက်ကတည်းက ရှိခဲ့တာပဲ၊ ဗိမ္ဗိသာရမင်းကြီးကို ဘဝဟောင်းက ဆွေမျိုးပြိတ္တာတွေ နှောင့်ယှက်တာ မြတ်စွာဘုရားကို လျှောက်တော့ မြတ်စွာဘုရားက ကုသိုလ်ကောင်းမှုပြုပြီး အမျှအတန်း ပေးဝေဖို့ ပြောခဲ့ရတယ်လေ"

ထိုအခါ ဦးဘရှိန်က. . .

"ကျွန်တော် မသိလို့ မေးပါရစေ ဆရာကြီး၊ ဘီလူးငတေဆိုတဲ့ ကျောက်ရုပ်ကြီးက စကားပြောနိုင်၊ လှုပ်ရှားသွားလာ



www.burmeseclassic.com

www.bur,eseclassic.com



နိုင်တယ်ဆိုတာ ဟုတ်ပါ့မလား"

ဟု မေးလိုက်သည်။

"ကျောက်ရုပ်ကြီးကတော့ စကားလည်း မပြောနိုင်၊ လှုပ်လည်း ဘယ်လှုပ်နိုင်ပါ့မလဲ၊ ဒါပေမယ့် သူ့ကို အမှီပြုနေတဲ့ ပရလောကသားဖြစ်တဲ့ သိုက်စောင့်ဘီလူးကနေ ဖန်ဆင်းပြနေတာပါ၊ ဒါကိုလည်း တခြားလူတွေက မမြင်ရ မကြားရပါဘူး၊ သူနဲ့ အဆက်ရှိတဲ့သူကသာ မြင်ရကြားရတာပါ၊ ဘီလူးငတေ ပြောတဲ့အသံနဲ့ လှုပ်ရှားမှုကို နီမောင်တစ်ယောက်ကလွဲပြီး ကျန်တဲ့လူတွေက မြင်လည်းမမြင်နိုင်၊ ကြားလည်း မကြားနိုင်ပါဘူး"

ဟု ရှင်းပြလေသည်။

"အတော်ဆန်းကြယ်တာပဲ"

"ကျောက်ရုပ်ကို ပရလောကသားတွေက အမှီပြုတယ်ဆိုတာ လူကို ဝိညာဉ်ပူးကပ်တာနဲ့ တူပါတယ်၊ လူတစ်ယောက်ကို ဝိညာဉ်တစ်ခုက လာရောက်ပူးကပ်တယ်ဆိုရင် အမှောင့်ပယောဂ ပူးကပ်တယ်လို့ ထင်တတ်ကြပါတယ်၊ ရာဇဝင်တစ်ခုထဲမှာ တောင်သူကြီးမင်းလက်ထက် မိဖုရားငယ်တစ်ဦးက မင်းကြီးကို မရှိမသေ ပြုတာကို မြင်တဲ့ မိဖုရားကြီးက စိတ်ဆိုးတော်မူပြီး 'ဒီကျွန်ယုတ်မကို ဘယ်သူက ဝင်ထောင်းအံ့နည်း' ဟု ရေရွတ်လိုက်တဲ့အခါ တံခါးဝမှာ ထောင်ထားတဲ့ကျောက်ရုပ်က ရုတ်ချည်း လှုပ်ရှားလာပြီး လာထောင်းတဲ့အတွက် မိဖုရား အနိစ္စရောက်ရရှာတယ်၊ အမှန်တော့ ကျောက်ရုပ်ကတော့ ဘယ်လာထောင်းနိုင်ပါ့မလဲ၊ ပြည်စောင့် နန်းစောင့်တို့က အရုပ်ကို ပူးကပ်





ပြီး ဝင်ထောင်းလို့ သေရတာပါ"

ဆရာကြီးဦးဗန်ကောင်းစကား ကြားရသောအခါ ဘီလူးငတေနှင့် နီမောင်တို့အဖြစ်မှာ ဆန်းကြယ်လွန်းလှသည်တော့ မဟုတ်တော့ပေ။



www.burmeseclassic.com

www.bur,eseclassic.com





## အခန်း(၁၂)

# ဦးဘိုးလှ ပြောပြသည့် မလုပ်ကောင်းသည့် လယ်ကြီးအကြောင်း

ကထိန်ပွဲပြီး၍ တစ်ပတ်ခန့် ကြာသောအခါ နီမောင်တို့ နေသောခြံထဲသို့ မြသီတာ ရောက်လာလေသည်။ ရောက်ရောက်ချင်းပင် မြသီတာက မေးသည်။

"ကိုနီမောင်. . . ကထိန်ပွဲညက ကျွန်မ တိုးမောင်နဲ့ မှာလိုက်တာ သူမပြောဘူးလား"

"သူကတော့ လာပြောပါတယ်၊ အဲဒီညက ညှိသည့် တစ်ယောက် ရောက်လာလို့ ကျွန်တော် မလာနိုင်တာပါ"

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.bur,eseclassic.com



"ကထိန်ပွဲကြီးနေ့ကလည်း တစ်နေ့လုံး ကိုနီမောင်ကို မတွေ့ရဘူး၊ ဘယ်သွားနေတာလဲ"

"အဲဒီနေ့ကလည်း ဧည့်သည်ကို ပြန်လိုက်ပို့ပေးနေရတာနဲ့ ကျောင်းဘက်ကို မရောက်တော့တာပါ။ အခုလာတာ ကျွန်တော့်ကို ဘာခိုင်းစရာ ရှိလို့လဲဟင်"

"ခိုင်းစရာ မရှိပါဘူး၊ အဖေက ကိုနီမောင်တို့သားအဖကို ခေါ်ခိုင်းလိုက်လို့ လာခေါ်တာပါ"

"ဒီလိုဆိုရင် မြလေး ပြန်နှင့်လေ၊ ကျွန်တော် အဖေ့ကို ခေါ်ပြီး နောက်က လိုက်လာခဲ့ပါ့မယ်"

ထိုသို့ပြောလိုက်သောကြောင့် မြသီတာက ပြန်သွားလေတော့သည်။ ထို့နောက်. . .

အဖေ့ကို အကျိုးအကြောင်း ပြောပြပြီးနောက် သူကြီးဦးဘိုးမောင်အိမ်သို့ လာခဲ့ကြသည်။

သူကြီးအိမ်ရောက်တော့ လူအချို့ကို တွေ့ရသည်။

ထိုလူများမှာ အခြားမဟုတ်ပေ။

ဒီနှစ်မှ ကျုံပျော်ရွာသို့ တက်လာပြီး မလုပ်ကောင်းသောလယ်ကြီးကို ငှားရမ်းလုပ်ကိုင်နေကြသူများ ဖြစ်သည်။

သူတို့သားအဖ ရောက်သွားတော့ သူကြီး ဦးဘိုးမောင်က ဤသို့ပြောသည်။

"ဦးဘရှိန်ရေ. . . ခင်ဗျားတို့ကို ခေါ်ရတာကတော့ တခြားတော့ မဟုတ်ပေဘူးဗျ၊ သူတို့ကတော့ ဒီနှစ်မှ ကျုပ်ရဲ့ကေ, နှစ်ဆယ်ရှိတဲ့ လယ်ကြီးကို ငှားရမ်းလုပ်ကိုင်တဲ့လူတွေပဲဗျ"





"ဟုတ်ကဲ့ သူကြီး"

"အခု လယ်လုပ်တာ လေးငါးလပဲ ရှိသေးတယ်၊ ဆက်မလုပ်နိုင်ဘူးလို့ ပြန်အပ်ကြတယ်ဗျာ၊ အဲဒါ ကျုပ်မှာလည်း အခက်တွေ့နေတာနဲ့ အခုလို ခင်ဗျားတို့ကို ခေါ်ရတာပဲဗျာ"

"ကျွန်တော်တို့က ဘယ်လို အကူအညီပေးရမှာလဲ သူကြီးမင်း. . . ပြောပါ"

"ပြောရမှာလည်း အားနာပါတယ်ဗျာ၊ လယ်ကလည်း အခုထိ မပြီးသေးဘူးဗျ၊ သူတို့မှာလည်း သူတို့အခက်အခဲနဲ့ သူတို့ရှိနေကြတော့ ဘယ်လိုမှ ဆက်မလုပ်နိုင်ကြဘူးတဲ့ဗျာ၊ အဲဒါ တတ်နိုင်မယ်ဆိုရင်တော့ ခင်ဗျားတို့လက်ကိုပဲ အပ်ချင်တယ်ဗျာ၊ ခင်ဗျားတို့ပဲ ပြီးအောင် ဆက်လုပ်ပေးစေချင်တယ်"

ထိုစကား ကြားသောအခါ နီမောင်က လယ်ပြန်အပ်သူများကို တစ်ချက်ကြည့်လိုက်သည်။

"ဦးကြီးတို့က ဘာကြောင့် ပြန်အပ်ကြတာလဲ"

"ကျုပ်တို့ ဘာကြောင့် ပြန်အပ်တယ်ဆိုတာထက် မင်းတို့က လက်ခံမယ် မခံဘူးသာ အရင်ပြောပါ"

"တကယ်လို့ လက်ခံမယ်ဆိုရင် ဦးကြီးတို့ကို ငွေဘယ်လောက် ပြန်အမ်းရမယ်ဆိုတာကို အရင်သိပါရစေ"

"ကျုပ်တို့အနေနဲ့ လယ်စရိတ်ရော စားစရိတ်ပါ လေးရာလောက် ရရင်ကို ကျေနပ်ပါ့မယ်"

နီမောင်က ဖခင်ဖြစ်သူကို တစ်ချက်ကြည့်လိုက်တော့ ဦးဘရှိန်က နီမောင့်သဘော ဟူသောသဘောဖြင့် ပြန်ကြည့်



www.burmeseclassic.com

www.bur,eseclassic.com



လိုက်လေသည်။

"ဦးကြီးတို့ ပြောတဲ့ဈေးနှုန်းက သင့်မြတ်ပါတယ်၊ ဦးကြီးတို့ မလုပ်နိုင်တဲ့လယ်ကို ကျွန်တော်တို့ လက်ခံပါ့မယ်"

နီမောင့်ထံမှ ထိုစကား ကြားသောအခါ ထိုမိသားစုများမှာ အသီးသီး သက်ပြင်းချနိုင်ကြလေသည်။

ထိုသို့ သဘောတူပြီးသည်နှင့် နီမောင်က ဘီလူးငတေပေးခဲ့သော ငွေတစ်ထောင်ထဲမှ ငွေလေးရာကို ပြန်ယူပြီးနောက် သူကြီးဦးဘိုးမောင်လက်ထဲသို့ ထည့်ပေးလိုက်ရာ သူကြီးက ထိုလူများကို ငွေအမ်းပေးလိုက်လေသည်။

"ကဲ. . . ဒီကနေ့ကစပြီး အဲဒီလယ်နဲ့ လယ်မြေပေါ်မှာ ရှိတဲ့ အသီးအပင်တွေ မှန်သမျှ ဦးဘရှိန်တို့ ပိုင်ဆိုင်သွားပါပြီ၊ ကြိုက်သလိုသာ ဆက်လက်လုပ်ကိုင်ကြပါတော့၊ ကျုပ်ပိုင်ဆိုင်တဲ့ လယ်ယာမြေ ဖြစ်သော်ငြားလည်း တစ်နှစ်တစ်ဝါတော့ဖြင့် ခင်ဗျားတို့ ပိုင်တဲ့မြေ ဖြစ်ပါပြီဗျား"

သူကြီးဦးဘိုးမောင်က ယခုမှ စိတ်လက်ပေါ့ပါးသွားသောလေသံဖြင့် ဦးဘရှိန်အား လယ်အပ်လေသည်။

ထိုအခါ နီမောင်က. . .

"ဦးကြီး. . . အခုဆိုရင် ခင်ဗျားတို့လယ်လည်း မဟုတ်တော့ပါဘူး၊ ဦးကြီးတို့ ဘာကြောင့် ဆက်မလုပ်တော့တဲ့ အကြောင်းကိုလည်း တဆိတ်လောက် သိပါရစေ"

ဟု တောင်းပန်လိုက်သောအခါ ထိုလူကြီးက. . .

"မသိချင်ပါနဲ့တော့ မောင်ရယ်၊ တော်ကြာစိတ်အနှောင့်





အယှက် ဖြစ်နေပါ့မယ်. . . မပြောပါရစေနဲ့တော့"

ဟု ပြောသည်။

"ကျွန်တော်တို့က သိချင်လို့မေးတာပါ၊ ဒီလိုသိရမှလည်း ဘယ်လိုရှောင်ရမယ်၊ ဘယ်လိုဆက်လုပ်ရမယ်ဆိုတာ သိရမှာပေါ့၊ ပြောသာပြောပါ၊ ကျွန်တော်တို့က သင်္ချိုင်းနားက လယ်ကြမ်းကိုတောင် လုပ်လာပြီးမှတော့ မကြောက်တတ်ပါဘူး"

"ဩော်. . . သင်္ချိုင်းနားက ဘီလူးငတေ လယ်ကွက်ကို ဝင်လုပ်ဝံ့တာ မောင်တို့ကိုး"

"ဟုတ်ပါတယ်"

"သတ္တိကတော့ မနည်းလှပေဘူး၊ ဒီလိုဆိုရင်လည်း ကျုပ်တို့ ကြုံခဲ့ရတာတွေထဲက တစ်ခုနှစ်ခုလောက်တော့ ပြောပြပါ့မယ်"

ဟု အစ,ချီကာ အောက်ပါ အဖြစ်အပျက်များကို ပြောပြလေသည်။

ဦးဘိုးလူတို့မှာ မိသားစုခြောက်ယောက် ရှိကာ ကျုံပျော်ရွာရှိ သူကြီး ဦးဘိုးမောင်တို့ ပိုင်ဆိုင်သော ဧကနှစ်ဆယ်ရှိ လယ်ကြီးကို တစ်နှစ်တစ်ဝါ ငှားရမ်းလုပ်ကိုင်ကြလေသည်။ သူတို့မိသားစုသည် ဘိုကလေးနယ်ဘက်မှ ရွာတစ်ရွာမှာ နေကြသူများဖြစ်သောကြောင့် ထိုလယ်ကြီး၏သတင်းကို ကောင်းစွာမသိကြပေ။ သို့သော် တဆင့်စကား တဆင့်ကြားရသဖြင့် သတင်းအချို့ကိုတော့ ကြားရလေသည်။

အချို့ခတ်သိ မိတ်ဆွေများကတော့ မလုပ်ရန် ဖျက်ကြ



www.burmeseclassic.com

www.bur,eseclassic.com



လေသည်။

"ကိုဘလူ. . . ခင်ဗျားဗျာ ကိုယ့်နယ်ဘက်မှာ လုပ်စရာ ဒီလောက် လယ်မြေရှားလို့ ကြံကြံဖန်ဖန် ဒီအရပ်က လယ်ကိုများ လာငှားလုပ်ရတယ်လို့ဗျာ၊ ဒီလယ်က သာမညလယ် မဟုတ်ဘူးဗျ၊ နာမည်တစ်လုံး ရှိတဲ့လယ်ဗျ"

"ဘယ်လိုနာမည်မျိုးလဲဗျ"

"မလုပ်ကောင်းတဲ့ လယ်ကြီးလို့ ဒီနယ်တစ်ဝိုက်မှာ နာမည်ကြီးနေတဲ့လယ်ဟာ တခြားဟုတ်ပါရိုးလား၊ အခု ခင်ဗျားတို့ လုပ်မယ့်လယ်ပေါ့ဗျ"

"ဘာကြောင့် ဒီလိုနာမည်ထွက်ရတာလဲဗျ"

"အဲဒီလယ်ကြီးမှာ လုပ်တဲ့လူတိုင်း သေတာပဲ၊ အခုဆိုရင် လေးငါးခြောက်ယောက်လောက် ရှိရော့မယ်၊ ဒါကြောင့် ဘယ်သူမှ နှစ်ကျွတ်အောင် မလုပ်နိုင်ကြဘူး၊ ကြာတော့ ဘယ်သူမှ လုပ်ဝံ့တဲ့လူ မရှိတော့ဘဲ လယ်ချောကနေ လယ်ရိုင်းကြီး ဘဝကို ရောက်နေပါပကောလား၊ ဒီနယ်သူနယ်သားတွေကတော့ အလကား ပေးလုပ်ရင်တောင် လုပ်မယ့်လူ မရှိကြဘူး"

ဟု ပြောပြလေသည်။

"ကျုပ်တို့ကတော့ ဒါတွေကို သိပ်ပြီး အယုံအကြည် မရှိပါဘူး၊ ဘာပဲဖြစ်ဖြစ် တစ်နှစ်တစ်ဝါတော့ဖြင့် စမ်းလုပ်ကြည့်မယ်ဗျာ"

ဟု ပြောဆိုကာ သူကြီး ဦးဘိုးမောင်ထံမှ တစ်နှစ်ငှားရမ်း၍ လုပ်ကိုင်ကြလေသည်။





သူတို့ လယ်ငှားစာချုပ် ချုပ်ရာတွင် သက်သေအဖြစ် လာရောက်လုပ်ကိုင်ပေးကြသော ရွာသားများက ဦးဘိုးလူတို့ ပြန်သွားသောအခါ. . .

"သူကြီးတို့ကတော့ ဟန်ကျပြန်ပြီ၊ အလကား လုပ်ပါဆိုရင်တောင် လုပ်မယ့်လူ မရှိတဲ့ လယ်ကြီးကို အခု အခကြေးငွေနဲ့ ငှားရမ်းလုပ်ကိုင်မယ့်လူတွေ ပေါ်လာတာကတော့ ဟန်ကျတာပဲ၊ သူကြီး ကျုပ်တို့ကိုတော့ ထမင်းတစ်နပ်လောက်တော့ ကျွေးသင့်တာပေါ့ဗျ"

ဟု ပြောလေသည်။

"ရပါတယ်ကွာ. . . မင်းတို့ကလည်း၊ ကိုယ့်ရွာသား အချင်းချင်းတွေပဲ. . . ကျွေးရမှာပေါ့"

သူကြီးဦးဘိုးမောင်မျက်နှာမှာ ကျေနပ်မှုကြောင့် တပြုံးပြုံး ဖြစ်နေလေသည်။

"ဒါပေမယ့် ကျုပ်တို့ကတော့ အဲဒီလူတွေကို သနားတယ်ဗျာ၊ သူတို့လည်း ရှေးကလူတွေလိုပဲ ဘယ်နှစ်ယောက် သေပြီး ဘယ်လိုပြန်ပြေးရဦးမလဲ မသိဘူး"

"ဟေ့. . . ဟေ့. . . ကြမ်းကြားလေကြား စကားပြောတာ ကြည့်ပြောကြပါကွယ်၊ တော်ကြာ စိတ်ပြောင်းသွားပြီး ပြန်ပြေးသွားကြပါဦးမယ်၊ မင်းတို့ ထမင်းစားချင်တယ်ဆိုရင်လည်း ငါကျွေးပါ့မယ်"

ဟု ပြောဆိုလိုက်မှ ရွာသားများလည်း ရယ်ရယ်မောမောဖြင့် ပြန်သွားကြလေသည်။



www.burmeseclassic.com

www.bur,eseclassic.com



ဦးဘိုးလူတို့လည်း လယ်ငှားပြီးသည်နှင့် လယ်နှင့် မနီးမဝေး တောစပ်တစ်နေရာရှိ ကုန်းတန်းတစ်နေရာမှာ တဲတစ်လုံးထိုးကာ နေထိုင်ကြလေသည်။

တဲဆောက်နေစဉ်က ဘာမှပြဿနာ မပေါ်သော်လည်း အိမ်သာကျင်း တူးသောအခါမှ ပြဿနာက စ,လာလေတော့သည်။

သားအဖတစ်တွေ အိမ်သာအတွက် ကျင်းတူးနေကြစဉ်မှာ နှုတ်ခမ်းမွေးကားကား၊ သျှောင်တစောင်း ထုံးထားသောလူကြီးတစ်ဦး ရောက်လာလေတော့သည်။

"ဒါ ဘာလုပ်နေကြတာလဲ"

ဟု လေသံမာမာဖြင့် မေးသည်။

"မိလ္လာကျင်း တူးနေကြတာပါ"

"ဒီနေရာမှာ မိလ္လာကျင်း တူးလို့မရဘူး၊ ဒီနေရာမှာ ပိုင်ဆိုင်တဲ့လူ ရှိတယ်"

"ဟင်. . . ကျုပ်တို့ သူကြီးဦးဘိုးမောင်ဆီက လယ်ငှားထားပြီးသားပါ၊ ဒီလယ်က သူပိုင်တဲ့လယ် မဟုတ်ဘူးလား"

"သူက အခုမှ ပိုင်တာပါ၊ ဒီနေရာက ရှေးကတည်းက ပိုင်ဆိုင်တဲ့သူတွေ ရှိတယ်၊ ကိုယ်ထင်တဲ့အတိုင်း လျှောက်လုပ်နေရင်တော့ ရှေးကလူတွေအတိုင်း ဒုက္ခတွေ့ကြလိမ့်ဦးမယ်"

ဟု ပြောကာ တောထဲသို့ ပြန်ဝင်သွားလေသည်။

ဦးဘိုးလူတို့မှာ ဇဝေဇဝါဖြစ်ကာ ကျန်ခဲ့ကြလေသည်။

"သူကြီးဦးဘိုးမောင် ပြောတုန်းကတော့ ဒီနေရာတစ်





ဝိုက်မှာ ရှိတဲ့ လယ်မြေတွေ မှန်သမျှ သူ့လယ်မြေတွေချည်းပဲလို့ ပြောတယ်၊ အခု ဒီလူကြီးကလည်း ဒီမြေက သူတို့ ပိုင်ဆိုင်တာတဲ့၊ ဘယ်လိုဟာတွေလဲ မသိဘူး"

ဟု တွေးတောကာ သူကြီး ဦးဘိုးမောင်အိမ်သို့ သွားလေသည်။ သူကြီးဦးဘိုးမောင်မှာ ဦးဘိုးလူကို တွေ့သောအခါ မျက်စိမျက်နှာပျက်သွားလေသည်။

လယ်တောင် မလုပ်ရသေးဘဲ ပြဿနာပေါ်ပြီဟု ထင်လိုက်မိသောကြောင့် ဖြစ်သည်။

"ဦးဘိုးလူ. . . ဘာ. . . ဘာကိစ္စရှိလို့လဲဗျ"

"တခြားတော့ မဟုတ်ပါဘူး သူကြီးရယ်၊ မေးစရာလေး ရှိလို့ လာခဲ့တာပါ"

"မေးပါ. . . မေးပါ"

"တခြားတော့ မဟုတ်ပါဘူး၊ ကျုပ်တို့ အခုလုပ်တဲ့ လယ်တစ်ဝိုက်မှာ တခြားလူ လုပ်တဲ့ပိုင်တဲ့ လယ်မြေများ ပါသေးလားလို့ လာမေးတာပါ"

"မရှိပါဘူး. . . မရှိပါဘူး၊ အဲဒီနားတစ်ဝိုက်မှာ ရှိသမျှမြင်သမျှ မြေတွေ လယ်တွေဟာ ကျုပ်ပိုင်တဲ့ လယ်မြေတွေချည်းပါပဲ၊ ခင်ဗျားတို့လက်ကို အပ်ထားပြီးမှတော့ ခင်ဗျားတို့စိတ်ကြိုက်သာ လုပ်ကြပါ၊ ဒါထက် ဘာကြောင့် အခုလို လာမေးတာလဲဗျ"

"သြော်. . . ဘာမှတော့ မဖြစ်ပါဘူး၊ အခြားလူတွေရဲ့ ပိုင်ဆိုင်တဲ့မြေများ ပါရင် ပြောရဆိုရ ဖြစ်မှာစိုးလို့ပါ"

ဟု ပြောဆိုကာ ပြန်သွားလေသည်။ ထို့နောက်. . .



www.burmeseclassic.com

www.bur,eseclassic.com



အိမ်သာကို ထိုနေရာမှာပင် ပြီးအောင် ဆက်ဆောက်လိုက်လေသည်။ သို့သော်. . .

အိမ်သာကို အသုံးပြုသောအခါ မကြာခဏ ပြဿနာပေါ်လေတော့သည်။

အိမ်သာတက်နေစဉ်မှာ ခဲလုံးဖြင့် ပေါက်ခြင်း၊ အိမ်သာတိုင်ကို ကိုင်လှုပ်ခြင်းများ ပြုလုပ်သည့်အပြင် အိမ်သာပေါ်မှာ ဆက်မနေနိုင်လောက်အောင် နှောင့်ယှက်မှုများနှင့် ကြုံရရုံမက အိမ်သူအိမ်သားများလည်း တစ်ယောက်ပြီးတစ်ယောက် နေထိုင်မကောင်း ဖြစ်ကြလေသည်။ ထိုအခါ သားသမီးများက. . .

"အဖေ အိမ်သာတက်တိုင်း သရဲခြောက်ခံနေရတယ်၊ ဟိုလူကြီး လာပြောသလို အဲဒီနေရာမှာ အိမ်သာမဆောက်ရဘူးဆိုတာ ဟုတ်မယ်ထင်တယ်၊ တခြားနေရာ ရွှေ့ဆောက်ကြရင်ကောင်းမယ်"

ဟု ဝိုင်းဝန်းပြောဆိုကြသဖြင့် နောက်တစ်နေရာ ရွှေ့ပြောင်းလိုက်တော့မှ သက်သာခွင့် ရလေသည်။

သို့သော်လည်း ကိစ္စက ဒါနှင့် မပြီးပေ။

သစ်ပင်များ စိုက်ပျိုးရန် မြေကျင်းတူးလျှင်လည်း ဒီနေရာ မတူးနဲ့၊ ဟိုနေရာကို မလုပ်နဲ့ဟု မကြာခဏ လာရောက်ပြောဆိုလေသည်။

တစ်နေ့ သမီးဖြစ်သူက သစ်ပင်စိုက်ရန် မြေကျင်းတူးနေစဉ် သူနှင့် ရွယ်တူလောက် ရှိသည့် မိန်းမပျိုတစ်ယောက် ရောက်လာပြီး သူမကို ခါးထောက်ကြည့်နေလေသည်။





"ဒါ. . . ဘာလုပ်တာလဲ"

ဟု မေးလိုက်ရာ မြေကျင်းတူးနေသော မိန်းကလေးမှာ လန့်ဖျပ်သွားလေသည်။

"အိမ်စားဖို့အတွက် ဟင်းသီးဟင်းရွက် စိုက်ပျိုးဖို့ တိုင်ကျင်းတူးနေတာပါ"

ဟု ပြန်ပြောလိုက်ရာ ထိုမိန်းကလေးက မျက်ထောင့်နီများဖြင့် ကြည့်ပြီး. . .

"ညည်းတို့တစ်တွေဟာ အတော်ရိုင်းတယ်၊ သူ့မြေမှန်းမသိ၊ ကိုယ့်မြေမှန်းမသိ၊ လုပ်ရမယ့်နေရာမှန်းမသိ၊ မလုပ်ကောင်းတဲ့နေရာမှန်းမသိ စိတ်ထင်တိုင်း လုပ်နေကြတော့တာပဲ၊ ဒါကြောင့်လည်း ဒုက္ခရောက်ကြပေါင်းလည်း များပြီ၊ သွား. . . သွား၊ ဒီနေရာမှာ ဘာမှလာမလုပ်ကြနဲ့"

ဟု ပြောဆိုပြီးနောက် တောထဲသို့ ပြန်ဝင်သွားလေတော့သည်။ ဖခင်ဖြစ်သူက လယ်ထဲမှ ပြန်လာပြီး သမီးဖြစ်သူအား သစ်ပင်စိုက်ပျိုးရန် မပြုလုပ်ရကောင်းလားဟု မြည်တွန်ပြောဆိုလေသည်။

"နင်တို့က ကိုယ်စားဖို့ အပင်စိုက်တာတောင်မှ ပြီးစီးအောင် မလုပ်ချင်ကြဘူး"

"အဖေကလည်း ကျွန်မက မလုပ်ချင်လို့ မလုပ်တာမဟုတ်ပါဘူး၊ ကျွန်မ တိုင်ကျင်းတူးနေတုန်း မိန်းမတစ်ယောက်ရောက်လာပြီး ဒီနေရာမှာ မလုပ်ရဘူးလို့ လာပြောလို့ မလုပ်ရတာပါ၊ အဖေတို့က သူ့မြေကိုယ့်မြေ သေသေချာချာ မေးမထား



www.burmeseclassic.com

www.bur,eseclassic.com



တော့ အခုလို ဖြစ်ရတာပေါ့"

သမီးဖြစ်သူ၏စကားကြားသောအခါ ဦးဘိုးလူမှာအံ့သြသွားလေသည်။

"ဒီနေရာက တို့ဌားထားတဲ့ လယ်မြေထဲမှာ ပါတာပဲ၊ သမီးကို ဘယ်သူက လာပြောသွားတာလဲ"

"ကျွန်မတို့အရှယ်လောက်ရှိတဲ့. . မိန်းကလေး တစ်ယောက်က လာပြောတာ"

ထိုစကားကြားသောအခါ အစ်ကိုဖြစ်သူ ထွန်းလူက ဒေါသဖြစ်လာသောလေသံဖြင့်. . .

"ဒီနေရာက ဘာလဲ. . . ဟိုဟာလုပ်လည်း မလုပ်နဲ့၊ ဒီဟာလုပ်လည်း မလုပ်နဲ့၊ ဘယ်သူတွေက လာတားနေတာလဲ၊ ဒီနေရာက အခု ကျုပ်တို့ ဌားရမ်းပြီးပြီဆိုတော့ ဒီတစ်နှစ်တစ်ဝါတော့ ကျုပ်တို့ ပိုင်တယ်၊ ကျုပ်တို့ ကြိုက်တာ လုပ်မယ်၊ ဒီတစ်ခါ လာတားတဲ့လူကတော့ ထွန်းလူအကြောင်း ကောင်းကောင်းသိမယ်"

ဟု ပြောဆိုကြိမ်းမောင်းကာ ပေါက်တူးတစ်လက်ကို ဆွဲ၍ဆင်းသွားလေသည်။

အတန်ကြာသောအခါ တစ်နေရာဆီမှ ထွန်းလူတစ်ယောက် စူးစူးဝါးဝါး အော်သံကြားသဖြင့် အိမ်သူအိမ်သားများက ပြေးသွားကာ ကြည့်ကြသောအခါ ထွန်းလူတစ်ယောက် မြေပေါ်မှာ ပုံလျက်သား လဲကျနေသည်ကို မြင်ကြရသည်။

"ဘာဖြစ်တာလဲ. . . ဘာဖြစ်တာလဲ"





ထွန်းလူက သူ့ခြေထောက်ကို လက်ညှိုးထိုးပြလေရာ ထိုနေရာသို့ ကြည့်လိုက်သောအခါ ခြေထောက်မှ သွေးများ မြင်မကောင်းအောင် ထွက်နေသည်ကို တွေ့ကြရသည်။

"ဘာဖြစ်သွားတာလဲ ထွန်းလူ"

"ခြေထောက်ကို ပေါက်တူးခုတ်မိသွားလို့"

"ဖြစ်ရလေ. . ."

ထို့နောက် ဝိုင်းဝန်းပွေ့ကာ အိမ်ပေါ်သို့ ခေါ်လာကြသည်။ အိမ်ပေါ် ရောက်မှ ကြည့်လိုက်သောအခါ ထွန်းလူ၏ခြေထောက်တွင် ပေါက်တူးခုတ်မိသောဒဏ်ရာကြီးမှာ မြင်မကောင်းအောင် ရှိနေတော့သည်။ ထွန်းလူမှာ ထိုဒဏ်ရာကို ကုသနေရသောကြောင့် လယ်ထဲသို့ပင် မဆင်းနိုင်တော့ပေ။

ထိုအချိန်မှစ၍ ဦးဘိုးလူတို့မှာ လယ်လုပ်နေရင်းမှပင် အခြားအနှောင့်အယှက်များ တစ်ခုပြီးတစ်ခုနှင့် ကြုံရသောကြောင့် ဆက်မလုပ်ဝံ့ကြတော့ဘဲ ယခုကဲ့သို့ ရာသီမကုန်ခင်မှာပင် လယ်ပြန်အပ်ကြရသော အခြေအနေသို့ ရောက်ကြလေသည်။

အထက်ပါအကြောင်းများမှာ ဦးဘိုးလူ ပြောပြသည့် မလုပ်ကောင်းသည့်လယ်ကြီးနှင့် ပတ်သက်သည့် အဖြစ်အပျက် အချို့ပင် ဖြစ်တော့သည်။



www.burmeseclassic.com

www.bur,eseclassic.com





# အခန်း(၁၃)

## မလုပ်ကောင်းသည့်လယ်နှင့် ထူးဆန်းစွာ ရောက်လာသူ

နီမောင်တို့သည် ဦးဘိုးလူတို့အား ငွေလေးရာ အမ်း၍ ထိုလယ်ကြီးကို တစ်နှစ်ပြီးအောင် လုပ်ရန် ငှားရမ်းလိုက်လေသည်။

လယ်မှာ ကေနှစ်ဆယ်ခန့်ရှိပြီး အချို့လယ်ကွက်များမှာ စပါးစိုက်ပျိုးပြီးဖြစ်သော်လည်း အချို့မှာ လက်စမသတ်သေးပေ။ တန်ဆောင်မုန်းလပင် ရောက်ပြီဖြစ်သောကြောင့် သက်ရင့်စပါးခင်းများမှာ ဖုံးစပြုနေချေပြီ။ ဦးဘိုးမောင်ကလည်း ထိုလယ်ကို နီမောင်တို့ ဆက်လုပ်သောကြောင့် ဝမ်းသာနေကြသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.bur,eseclassic.com



ဇင်းတို့မိသားစုကို လိုလားသူများကတော့. . .

"သူတို့က သချိုင်းနားက ကျောက်ဘီလူးငတေ ရှိတဲ့ လယ်ကွင်းကိုတောင် လုပ်လို့ရသေးတာ၊ ဒီလယ်ကိုလည်း လုပ်လို့ရမှာပါ"

ဟု ထင်ကြေးပေး ပြောဆိုကြသည်။

မနာလိုသူများကတော့. . .

"အညာသားတွေတော့ ဘုမသိ ဘမသိနဲ့ ဝင်လုပ်ကြပြန်ပြီ၊ ဘယ်အချိန် ဘာသံကြားပြီး ထွက်ပြေးကြရမယ် မသိဘူး"

ဟု အ,မနာပ စကားဖြင့် ပြောကြလေသည်။

သို့စေကာမူ. . .

နီမောင်တို့ကတော့ ထုံးစံအတိုင်း ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ ထိုလယ်ကြီးအား ဆက်လုပ်ကြရန် ပြင်ဆင်ကြလေသည်။ လယ်က ကြီးသောကြောင့် နောက်ထပ် လူငှားနှစ်ဦး ထပ်ရှာရသည်။

သို့သော်လည်း ထိုလယ်တွင် လုပ်ကိုင်ရမည်ဆိုကတည်းက ဘယ်သူကမှ လိုက်မလုပ်ဝံ့ဘဲ ရှိလေရာ နောက်ဆုံးမှ အခြားရွာမှ စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်အား ငှားရမ်းရရှိလေသည်။

စောထီးမှာ ကရင်လူမျိုးဖြစ်ပြီး ငမဲအောင်မှာ ရခိုင်လူမျိုးဖြစ်လေသည်။ ထိုနှစ်ယောက်ကို ငှားရမ်းရရှိသဖြင့် နီမောင်မှာ အတော်အားရှိသွားလေသည်။

သို့ကြောင့် ဒီဘက်မှ လယ်ကွက်တွင် အဖေနှင့်အမေကို





ထားခဲ့ပြီး သူတို့သုံးယောက်က ဦးဘိုးလူတို့ ဆောက်ထားခဲ့သည့် တဲကြီးသို့ ပြောင်းရွှေ့နေထိုင်ကြရန် စီစဉ်လေသည်။

ရွာသူရွာသားများကတော့ သူတို့သုံးယောက်၏သတ္တိကို ချီးကျူးကြသော်လည်း ဘယ်နေ့ ပြန်ပြေးလာမလဲဟုသာ စောင့်ကြည့်နေကြလေသည်။

သူတို့ လယ်ထဲ ပြောင်းရန် ပြင်ဆင်နေစဉ် မြသီတာနှင့် တွေ့သဖြင့် သူမက မေးသည်။

"ကိုနီမောင်တို့ လယ်ထဲ ပြောင်းနေကြမလို့ဆို"

"ဟုတ်တယ် မြလေး"

"ဟို. . . သုံးယောက်တည်းနဲ့ ဖြစ်ပါ့မလားဟင်"

"ဒီလိုပဲ သွားနေရမှာပဲ၊ လယ်မှ မပြီးသေးတာ၊ လူကလည်း ရှာလို့မရဘူး၊ အဲဒီနှစ်ယောက်တောင် မနည်းရအောင် လိုက်ရှာရတာ"

"လူကြီးတစ်ယောက်လောက် ပါတော့ ပိုကောင်းတာပေါ့"

"ရပါတယ် မြလေးရယ်၊ မဖြစ်တော့လည်း ဒီလိုပဲ ဖြစ်တဲ့နည်းနဲ့ လုပ်ရမှာပဲပေါ့"

"ကိုနီမောင်ရဲ့သတ္တိကိုတော့ အားလုံးက ချီးကျူးနေကြတာ၊ အဖေတို့ကတောင် သဘောကျနေကြတာ၊ ဒါထက် ကိုနီမောင် သချိုင်းနားက လယ်လုပ်တုန်းက ကျောက်ဘီလူးနဲ့ သူငယ်ချင်းလို နေကြတယ်ဆိုတာ ဟုတ်လားဟင်"

ထိုစကား ကြားသောအခါ နီမောင်က ရယ်နေသည်။



www.burmeseclassic.com

www.bur,eseclassic.com



"မြလေးကို ဘယ်သူက ပြောသလဲ"

"ကျွန်မက အစ,ကတော့ မယုံပါဘူး၊ နောက်မှ အဖေတို့ ပြောပြမှ သိရတာ၊ အခု အဲဒီကျောက်ဘီလူးကြီး ရှိသေးလားဟင်"

"မရှိတော့ပါဘူး. . . သူနေရာပြောင်းသွားပါပြီ"

ထိုစကားပြောနေစဉ် နီမောင့်စိတ်ထဲမှာကျောက်ဘီလူးငတေကို သတိရနေသောကြောင့် စိတ်မကောင်းဖြစ်မိသည်။

"ကိုနီမောင်က အဲဒီဘီလူးကို မကြောက်ဘူးလားဟင်"

"သူက ကျွန်တော့်ကို ဘာမှ,မှ အန္တရာယ်မပေးတာ၊ ကြောက်စရာ မလိုပါဘူး၊ တကယ်တော့ ပရလောကသားတွေဆိုတာ ကြောက်စရာထက် သနားစရာ ပိုကောင်းကြတာပါ"

"ဘယ်လို သနားစရာကောင်းတာလဲဟင်"

"သူတို့ရဲ့ရုပ်ဆင်းအင်္ဂါတွေက ဘဝပေးကံ မကောင်းကြလို့ ဆိုးနေကြရပေမယ့် သူတို့ဟာ လူတွေကို အကြောင်းမဲ့တော့ အန္တရာယ် မပေးကြပါဘူး"

"ဒါဖြင့် သရဲခြောက်တယ်၊ တစ္ဆေခြောက်တယ်ဆိုတာ ဘယ်လိုဟာမျိုးလဲဟင်"

"သူတို့ လူတွေရဲ့အနားကို လာပြီး ကိုယ်ထင်ပြကြတယ်ဆိုတာက အစာရေစာ တောင်းချင်လို့ပဲဖြစ်ဖြစ်၊ အမျှအတန်းလိုချင်လို့ပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် သူတို့အကြောင်း ပြောချင်လို့ပဲဖြစ်ဖြစ် အဲဒါကြောင့် လာကြတာပါ၊ ဒါပေမယ့် သူတို့ရဲ့ရုပ်ဆင်းအင်္ဂါတွေက ဆိုးလေတော့ တွေ့တဲ့လူတိုင်းက လန့်ပြီးပြေးကြ





တော့ လူတွေအတွက်လည်း မကောင်း၊ သူတို့အတွက်လည်း ခက်ကြတာပေါ့"

မြသီတာက နီမောင် ပြောသမျှကို မျက်လုံးကလေး အဝိုင်းသားဖြင့် နားထောင်နေလေသည်။

"ဒါဖြင့် ကျောက်ဘီလူးငတေတုန်းက ကိုနီမောင် မြင်ဖူးတာပေါ့နော်"

"မြင်ဖူးပါတယ်"

"ကြောက်စရာကောင်းသလားဟင်"

"သူ့ရဲ့မူလရုပ်ကို မမြင်ရတော့ ကြောက်စရာကောင်းသလား ဘာလားတော့ မသိပါဘူး၊ ကျွန်တော်သိသမျှတော့ ဘီလူးငတေဟာ ကြောက်စရာထက် ခင်မင်စရာ ပိုကောင်းပါတယ်"

"ဟင်. . . ကိုနီမောင် စကားကလည်း ဘီလူးကို ခင်စရာ ကောင်းရတယ်လို့ ကြံကြံဖန်ဖန်၊ ဒါထက် သူရှိတုန်းက ကိုနီမောင်က နေ့တိုင်း ထမင်းသွားကျွေးတယ်ဆိုတာရော ဟုတ်လားဟင်"

"ဟုတ်ပါတယ်"

"သူက ကိုနီမောင်ကို ဘာပြန်ပေးလဲဟင်"

"ထမင်းဖိုး ပြန်ပေးပါတယ်"

"ဟင်. . . ဘီလူးက ထမင်းလခ ပေးပြီး ထမင်းစားတယ်. . . ဟုတ်လား"

"ဟုတ်ပါတယ်"



www.burmeseclassic.com

www.bur,eseclassic.com



"ကျွန်မတော့ ရှင်ပြောလို့သာ ယုံရတယ်၊ တစ်ခါမှ မကြားဖူးဘူး. . . အံ့ဩစရာကြီးပဲနော်"

"ဘာများ အံ့ဩစရာရှိသလဲ မြလေးရယ်၊ ပရလောကသားတွေလည်း လူ့လောကလိုပေါ့၊ တစ်ခုလိုချင်ရင် တစ်ခုခုတော့ ပြန်ပေးရမှာပေါ့"

"ဒါကြောင့် အဖေတို့ အမေတို့က ပြောကြတာ၊ လူငယ်ထဲမှာတော့ ကိုနီမော်င်လို လူငယ်မျိုးကတော့ ရှားတယ်တဲ့၊ ဒါကြောင့် သဘောကျနေကြတာ"

"ကျွန်တော်ကလည်း သဘောကျပါတယ်"

"ကိုနီမောင်က ဘယ်သူ့ကို သဘောကျတာလဲ"

"ဩော်. . . မြလေးတို့မိသားစုရဲ့ အကူအညီပေးမှုကြောင့် တစ်နယ်တစ်ကျေးက လာတဲ့ ကျွန်တော်တို့ မိသားစုတစ်တွေ အခုလို အခြေအနေ ရောက်လာတာဆိုတော့ အားလုံးကို ကျေးဇူးတင်နေမိတာပါ"

ထိုစကား ကြားသောအခါ မြသီတာက တစ်ချက်ပြုံးလိုက်လေသည်။

"ကိုနီမောင်က စကားပြောတာတော့ အတော်ကောင်းတယ်၊ ဒါကြောင့် လူတွေကတင် မကဘူး၊ ပရလောကသားတွေကပါ ခင်မင်ကြတာ နေမှာပေါ့"

ဟု ပြောဆိုလေသည်။

နောက်တစ်ရက်တွင် နီမောင်၊ စောထီး၊ ငမဲအောင်တို့ သုံးယောက် လယ်ထဲသို့ ပြောင်းကြလေတော့သည်။ ထိုကဲ့သို့





ရောက်သောအခါ နီမောင်က ကျန်တဲ့နှစ်ယောက်ကို ပြောလေသည်။

"စောထီးနဲ့ ငမဲအောင်. . . မင်းတို့နှစ်ယောက်ကို ငါ ပြောစရာရှိတယ်"

"ဘာပြောမှာလဲ"

"ဒီနေရာက အရေးကြီးတယ်၊ ဒီတော့ မင်းတို့နှစ်ယောက် အလေးအပေါ့ စွန့်တာတို့၊ ကျန်တဲ့ကိစ္စတွေကို ထင်တိုင်း မလုပ်ကြနဲ့ဦး"

"အေးပါ"

"နောက်ပြီး ညနေကျရင် ရွာထဲက ကြက်တစ်ကောင် ဝယ်ပြီးချက်ကွာ"

"ဘာလုပ်ဖို့လဲ. . . လယ်တင်ဖို့လား၊ လယ်က ဒီအချိန် တင်ရမှာမှ မဟုတ်တာ"

"မဟုတ်ဘူး. . . အိမ်နီးချင်းတွေကို မိတ်ဖွဲ့တဲ့အနေနဲ့ ဟင်းခွက်ကမ်းရမယ်ကွ"

"ဒီနေရာမှာ ဘယ်အိမ်နီးချင်း ရှိလို့လဲ၊ ဒီနေရာတစ်ဝိုက်မှာ တို့တဲတစ်လုံးတည်း ရှိတာ မဟုတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ရွာတစ်ရွာကို အခြားရွာက လူသစ်တွေ ပြောင်းလာရင် ကိုယ့်အိမ်နီးချင်းတွေနဲ့ မိတ်ဆွေဖွဲ့ရသလိုပဲ၊ ဒီနေရာမှာ တခြားလူနေတဲ့တဲ မရှိပေမယ့် မြင်အပ် မမြင်အပ် ပုဂ္ဂိုလ်တွေ အများကြီးရှိတယ်၊ သူတို့နဲ့ မိတ်ဆွေဖွဲ့ရမယ်"



www.burmeseclassic.com

www.bur,eseclassic.com



ဟု ပြောလေရာ စောထီးရော ငမဲအောင်ပါ နားမလည်သော အမူအရာဖြင့် ခေါင်းကုတ်ကြလေသည်။

နေ့လယ်ဘက်တွင် စောထီးက ရွာထဲမှ ကြက်တစ်ကောင်နှင့် အရက်တစ်ပုလင်း ဝယ်လာသည်။

ညနေပိုင်း ရောက်တော့ ငမဲအောင်က ထိုကြက်ကို ကာလသားချက် ချက်လေတော့သည်။ ပြီးသောအခါ နီမောင်က ဟင်းကို တစ်ဝက်ခွဲကာ အပြင်သို့ ယူသွားလေသည်။

တောစပ်သို့ ရောက်သောအခါ ငှက်ပျောဖက်တစ်ချပ် ခင်းပြီး ထမင်းနှင့် ကြက်သားဟင်းကို ပုံသည်။

"ဤနေရာ၌ ရှိသော မြင်အပ် မမြင်အပ်သော အိမ်နီးချင်းများကို ကျွန်တော်တို့က မိတ်ဖြစ်ဆွေဖြစ် ဟင်းခွက်ကမ်းပါတယ်၊ ကျွန်တော်တို့အား မိတ်ဆွေအဖြစ် အသိအမှတ်ပြုလက်ခံကာ လိုအပ်တာများကိုလည်း ကူညီစောင့်ရှောက်ပေးကြပါ"

ဟု ပြောဆိုပြီးနောက် ချထားခဲ့လေသည်။

ပြီးနောက် လယ်ကွင်းစပ်သို့ သွားကာ ဖက်ခင်း၍ ထမင်းနှင့်ဟင်းကို ပုံကာ အရက်ပုလင်းကိုပါ ချထားပြီးနောက် ရှေးနည်းအတိုင်း ပြောဆိုကာ တဲရှိရာသို့ ပြန်လာခဲ့သည်။

ထိုနေ့ညက သူတို့သုံးယောက်မှာ ကြက်သားဟင်းနှင့် ထမင်းကို မြိန်ယှက်စွာ စားသောက်ကြပြီးနောက် ထိုတဲမှာပင် အိပ်ကြရာ အနှောင့်အယှက် ကင်းစွာဖြင့် ကောင်းမွန်စွာ အိပ်စက်ကြရလေသည်။

နောက်တစ်နေ့ နံနက်လင်းသောအခါ နီမောင်က ပတ်





ဝန်းကျင်တစ်ဝိုက်ကို လိုက်လံကြည့်ရှုသောအခါ ဦးဘိုးလူတို့ ပြောသွားသည့်အတိုင်း သစ်ပင်စိုက်ပျိုးရန် တူးဆွထားသည့် နေရာဟောင်းများကို တွေ့ရလေသည်။

နေ့လယ်ဘက်အချိန် ရောက်သောအခါ စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်က လယ်ထဲ ဆင်းသွားကြလေသည်။

ထိုအခါ နီမောင်သည် ပေါက်တူးတစ်လက်ကို ယူ၍ ထိုကုန်းတန်းနေရာသို့ တက်လာကာ မြေများကို တူးဆွကာ ပေါက်လေတော့သည်။

ခဏကြာတော့ နောက်ဘက်မှ လူရိပ်လိုလို မြင်သဖြင့် လှည့်ကြည့်လိုက်သောအခါ အသက်(၁၈)နှစ်အရွယ်ခန့်ရှိ မိန်းကလေးတစ်ဦးကို တွေ့ရလေသည်။ မိန်းကလေးက ဒေါသထွက်နေသောမျက်နှာဖြင့် နီမောင်ကို ကြည့်နေလေသည်။

"ရှင်ဘာလုပ်တာလဲ"

"သစ်ပင်စိုက်ဖို့ မြေကျင်းတူးနေတာပါ"

"ရှင်တို့ အညာသားတွေဟာ အတော့်ကို ခက်တယ်၊ အရင်တစ်ခါတုန်းကလည်း ဒီလို မဆင်မခြင်လုပ်လို့ ပြန်ပြေးကြရတယ်၊ အခု လုပ်ပြန်ပြီလား"

"ကျွန်တော်တို့က လူသစ်တွေဆိုတော့ ဒီနေရာ အကြောင်းကို မသိလို့ လုပ်မိတာ ခွင့်လွှတ်ပါ"

ထိုသို့တောင်းပန်လိုက်သောအခါ မိန်းကလေး၏ မျက်နှာပြင်ပေါ်မှ ဒေါသရိပ်များ အနည်းငယ် လျော့ကျသွားလေသည်။



www.burmeseclassic.com

www.bur,eseclassic.com



"ကျွန်တော်တို့က ဆင်းရဲသားတွေဆိုတော့ ဝမ်းစာအတွက်ကြောင့် လုပ်ရပါတယ်၊ ဒါပေမယ့် ဒီမှာရှိတဲ့လူတွေကို ခင်မင်ရင်းနှီးချင်လို့ ရောက်တဲ့နေ့မှာပဲ ဟင်းခွက်ကမ်းပြီး မိတ်ဆွေ ဖွဲ့ထားပါတယ်၊ ကျွန်တော်ကမ်းတဲ့ ဟင်းခွက်ကို ရတယ်မဟုတ်လား"

"ရတယ်"

"နောက်လည်း ဟင်းခွက် ဆက်ကမ်းပေးပါ့မယ်၊ ဒါပေမယ့် ကျွန်တော့်ကို ဘယ်နေရာတွေမှာ မလုပ်ရဘူး၊ ဘယ်နေရာတွေမှာ လုပ်ရမယ်ဆိုတာတော့ တဆိတ်လောက် ပြောပြပေးခဲ့ပါ"

ထိုသို့ တောင်းပန်ပြောဆိုသောအခါ မိန်းကလေးက. .

"ကျွန်မကတော့ အားလုံးမသိဘူး၊ ရှင်သိချင်တာတွေ အဘ ရောက်လာတော့မှ မေးကြည့်ပေတော့၊ အခုလောလောဆယ် ဒီနေရာမှာတော့ မြေကျင်းဆက်မတူးနဲ့"

"ဟုတ်ကဲ့"

"အခုလက်ရှိဆောက်ထားတဲ့ အိမ်သာကိုလည်း အနောက်ဘက်ကို ရွှေ့ပေးလိုက်၊ နောက်ပြီး. . "

ထိုမိန်းကလေးက ဘယ်နေရာမှာ ဘာမလုပ်နဲ့၊ ဘယ်နေရာမှာတော့ ဘာလုပ်ပါဟု ပြောဆိုပြီးနောက် ဥနှဲပင်များ ရှိသော တောစပ်ဘက်သို့ တက်သွားလေတော့သည်။ ထိုမိန်းကလေး ပြန်သွားသောအခါ နီမောင်မှာ ဝမ်းသာသွားလေသည်။

မိန်းကလေး ပြောခဲ့သောနေရာများကို အသေအချာ





မှတ်သားထားပြီးနောက် စောထီးနှင့် ငမဲအောင်တို့ ပြန်လာသောအခါ အကြောင်းစုံ ပြောပြလိုက်သည်။

"ဘယ်က မိန်းကလေးလဲကွ. . ဒီရွာကပဲလား"

"မဟုတ်ဘူး"

"မင်းနဲ့ သိလို့ လာပြောတာလား"

"မဟုတ်ဘူး"

"ဒါဖြင့် သူက ဘယ်မှာနေတာလဲ"

"ဒီနားတစ်ဝိုက်မှာပဲ နေတာ ဖြစ်မှာပေါ့"

"မင်းစကားကလည်း ရှုပ်လိုက်တာကွာ၊ သူမလုပ်နဲ့ဆိုရင် မလုပ်နဲ့ပေါ့၊ မင်းက အလုပ်ရှင်ပဲ၊ မင်း မှတ်ထားရင်လည်း ပြီးတာပဲ"

ဟု ပြောဆိုကာ ညစာထမင်းစားရန် ပြင်ဆင်သောအခါ နီမောင်က သတိတရဖြင့် ဟင်းတစ်ခွက် ခပ်ယူကာ နေ့လယ်က မိန်းကလေး ဝင်သွားသော ဥနှဲပင်အောက်သို့ သွားကာ. .

"ဒီနားမှာ သက်ဆိုင်ရာပုဂ္ဂိုလ်များကို ကျွန်တော်တို့က ဟင်းခွက်ကမ်းပါသည်၊ ကျွန်တော်တို့ကို မိတ်ဆွေရင်းချာအဖြစ် အသိအမှတ်ပြု လက်ခံကြပါ"

ဟု ပြောဆိုကာ ဟင်းခွက်ကို ချထားခဲ့ပြီး တဲရှိရာသို့ ပြန်လာခဲ့လေသည်။



www.burmeseclassic.com

www.bur,eseclassic.com





# အခန်း(၁၄)

# မိတ်ဆွေဖွဲ့လာသော မိန်းကလေး

ထိုသို့ ဥန္နဲပင်အောက်၌ ဟင်းခွက်ကမ်းပြီး သုံးရက် မြောက်သော ညနေပိုင်းအချိန် ဖြစ်သည်။

စောထီးနှင့် ငမဲအောင်တို့ နှစ်ယောက်က လယ်ကွက် ထဲမှ ကန်သင်းပေါက်များ ပိတ်ရန် သွားနေကြရာ တဲ၌ နီမောင် တစ်ယောက်တည်း ကျန်နေလေသည်။

နီမောင်သည် တဲရှေ့ ထွက်၍ ထွန်သွားများ ခုတ်ရင်း စဉ် နောက်ဘက်မှ အသံကြားသောကြောင့် လှည့်ကြည့်လိုက်ရာ

☺ အောင်မြင်စာပေ · ☺

www.burmeseclassic.com

www.bur,eseclassic.com



အသက်ငါးဆယ်ကျော်အရွယ်ခန့်ရှိ လူကြီးတစ်ယောက်ကို တွေ့ရလေသည်။

ထိုလူကြီးသည် နှုတ်ခမ်းမွေးကားကား၊ သျှောင်တစောင်းကို ထုံးထားကာ ရင်ဖုံးအင်္ကျီနှင့် ပုဆိုးကွက်တုံးကို ဝတ်ဆင်ထားလေသည်။

"ထွန်တုံးခုတ်နေတယ် မှတ်တယ်"

"ဟုတ်ပါတယ် ဦးကြီး၊ ခရီးသွားဧည့်သည်ဆိုရင်တော့ တဲထဲ ဝင်ပြီး ရေပူရေအေး သောက်ရင်း ဝင်နားပါဦးလား"

နီမောင်က ထိုလူကြီးကို တစ်ကြိမ်တစ်ခါမှ မမြင်ဖူး မတွေ့ဖူးသောကြောင့် ဧည့်စိမ်းတစ်ယောက်ဟု ထင်မှတ်ကာ လောကွတ်စကားဆိုလိုက်လေသည်။

"အိမ်ထဲတော့ မဝင်တော့ပါဘူး၊ မောင်နဲ့ စကားစမြည်ပြောချင်တာနဲ့ လာခဲ့တာပဲ"

"ဟုတ်ကဲ့ ဦးကြီး"

နီမောင်က လုပ်လက်စ အလုပ်များကို ရပ်ကာ နေရာမှ ထ,ရပ်လိုက်သည်။

"ဒါထက် ဦးကြီးက ဘယ်မှာနေတာလဲ"

"ကျုပ်က ဒီနားတစ်ဝိုက်မှာပဲ နေတာပါပဲ၊ တလောက ခရီးသွားနေရာက အခုမှ ပြန်ရောက်လာတယ်၊ ရောက်ရောက်ချင်း သမီးက အကျိုးအကြောင်း ပြောပြတာနဲ့ လာခဲ့တာပါ"

ထိုစကားကြောင့် နီမောင့်စိတ်ထဲမှာ များစွာအံ့ဩသွားမိလေသည်။





"ဒီလိုဆိုရင်လည်း တဲထဲကို ဝင်ပါဦးလား ဦးကြီး"

"မဝင်တော့ပါဘူးကွယ်. . . ဒီနေရာမှာ စကားပြောရင်လည်း ရတာပဲ၊ မောင်က အိမ်နီးချင်းကောင်း ပီပီသသနဲ့ ဟင်းခွက်ကမ်းတာကို သုံးရက်စလုံး ရပါတယ်၊ အခုလို ဟင်းခွက်ကမ်းပေးတဲ့အတွက်ကိုလည်း ကျေးဇူးတင်ပါတယ်"

"ဟုတ်ကဲ့ ဦးကြီး"

နီမောင်မှာ ထိုအခါမှ ထိုလူကြီးကို ကြည့်ပြီး အနည်းငယ် သဘောပေါက်သလို ဖြစ်လာသည်။

"ကျုပ်တို့တစ်တွေလည်း မောင်တို့လို အိမ်နီးချင်းကောင်းတွေနဲ့ မိတ်ဆွေဖြစ်ရတာ ကောင်းပါတယ်၊ အရင်က လာတဲ့လူတွေကတော့ မရောက်နဲ့ ရောက်တာနဲ့ ဘာဘာညာညာ မဆင်ခြင်ကြဘူး၊ ထင်ရာ လုပ်ကြတော့တာပဲ၊ အဲဒီလိုလုပ်တော့ လူကြီးတွေနဲ့ တွေ့တော့ ကိစ္စမရှိပါဘူး၊ သည်းခံနိုင်ရင်လည်း သည်းခံရတာပေါ့၊ ခွင့်လွှတ်နိုင်ရင် ခွင့်လွှတ်ရတာပေါ့၊ ဒါပေမယ့် စိတ်မြန်လက်မြန်ရှိတဲ့ လူငယ်တွေနဲ့ တွေ့တော့ ဒုက္ခမရောက်သင့်ဘဲ ရောက်ကြရတာပေါ့"

"ဟုတ်ပါပေတယ်ခင်ဗျ"

"ဟိုတစ်နေ့က လာပြောတာ ကျုပ်ရဲ့သမီးလေးပါ၊ သူက အရွယ်ကလည်းငယ်၊ စိတ်ကလည်း ကြီးတယ်၊ သူ့မျက်စိထဲမှာ မဟုတ်တာ တွေ့တာနဲ့ ချက်ချင်း ထ,လုပ်တတ်တဲ့အကျင့်ရှိတယ်၊ သူ့အတွက်ပဲ ကျုပ်က တောင်းပန်ပါတယ်ကွယ်"

ဟု လူကြီးပီပီ တောင်းပန်စကား ပြောလေသည်။



www.burmeseclassic.com

www.bur,eseclassic.com



"ရပါတယ် ဦးကြီးရယ်၊ တောင်းပန်စရာ မလိုပါဘူး၊ တကယ်ဆိုရင် ကျွန်တော်တို့က ဧည့်သည်တွေပါ၊ ဦးကြီးတို့က အိမ်ရှင်တွေ ဖြစ်ပါတယ်၊ ဘာပဲဖြစ်ဖြစ် အိမ်ရှင်ကျေနပ်မှ ဧည့်သည်ဆိုတာ နေလို့ထိုင်လို့ကောင်းပါတယ်၊ ဧည့်သည်ဆိုတာ အိမ်ရှင်ကို မစော်ကားရဘူးလို့ ကျွန်တော့်မိဘများက သွန်သင်မှာကြားထားပါတယ်"

"အင်း. . . ဟုတ်ပါတယ်၊ မောင်ရင်ရဲ့သဘောမနော က ရိုးသားဖြူစင်ပုံ ရပါတယ်"

ယိုလူကြီးက ခေါင်းညိတ်ပြီး မှတ်ချက်ချသည်။

"ကျွန်တော်တို့ မိသားစုက ဆင်းရဲလွန်းလို့ အညာဘက်ကနေ ဒီအရပ်ကို ဆင်းပြီး လုပ်ကိုင်စားသောက်ကြရပါတယ်၊ ဒီအရပ် ရောက်တော့ ဘယ်သူမှ မလုပ်ဘဲ ပစ်ထားတဲ့ လယ်ရိုင်း တစ်ကွက်ကို လုပ်ခွင့်ရပါတယ်၊ အဲဒီနေရာမှာလည်း ဘီလူးငတေနဲ့ မိတ်ဆွေဖြစ်တာကြောင့် လယ်ပြီးအောင် လုပ်နိုင်ခဲ့တယ်"

"ဘီလူးငတေက သိပ်ကြမ်းတဲ့အကောင်ပဲ၊ မင်း သူနဲ့တည့်အောင် နေနိုင်တယ်ဆိုကတည်းက မင်းရဲ့စိတ်ဓာတ်က တော့ ပေါ့ပေါ့တော့ မဟုတ်ဘူးဟေ့"

"ကျွန်တော်ကတော့ ဘယ်သူနဲ့မဆို တည့်အောင်ပေါင်းချင်တဲ့ဆန္ဒ ရှိပါတယ်၊ အခုလည်း ဒီနေရာမှာ ရှိတဲ့ ဦးကြီးတို့နဲ့ မိတ်ဆွေဖြစ်လိုတာနဲ့ ဟင်းခွက်ကမ်းခြင်း ဖြစ်ပါတယ်"

"ဒီလိုသဘောမျိုး ရှိတာ ကောင်းပါတယ်"





"ဒါကြောင့် ကျွန်တော်တို့က လူငယ်တွေချည်းဆိုတော့ မှားတာရှိရင်လည်း သည်းခံခွင့်လွှတ်ပါ၊ မကြိုက်တာရှိရင်လည်း ပြောပါ၊ ဒီလိုသိရမှ ကျွန်တော်တို့က ရှောင်နိုင်မှာ ဖြစ်ပါတယ်"

နီမောင်က အခွင့်အရေးရခိုက် ကြုံကြိုက်တုန်း တစ်လက်စ,တည်း ပြောလိုက်လေသည်။

"တစ်ဦးသဘော တစ်ဦးသိလာပြီဆိုတော့ နေထိုင်ဆက်ဆံလို့ ဖြစ်ပါတယ်၊ ဒီနေရာနဲ့ ပတ်သက်လို့ ဆင်ခြင်ရမှာတွေကိုလည်း သမီးကိုပဲ ပြောခိုင်းလိုက်ပါ့မယ်၊ သမီးက အပြောအဆို နည်းနည်းကြမ်းလေတော့ သူနဲ့ ပတ်သက်တာတွေလည်း နည်းနည်းတော့ သည်းခံကြပါ"

"ရပါတယ် ဦးကြီးရယ်၊ သူလာပြောရင်လည်း ကျွန်တော်တို့ကို အကူအညီ ပေးနေတယ်လို့ပဲ သဘောထားပါ့မယ်"

"ရပါတယ်လေ. . . ဒါထက် မောင်တို့က အိမ်နီးချင်းကောင်းပီပီ ဟင်းခွက်ကမ်းထားသော်လည်း ကျုပ်တို့ဘက်ကတော့ ဘာမှမတုံ့ပြန်ရသေးဘူး၊ ဒါထက် မနက်ဖြန် မောင်ရင်တို့ ရွာထဲ ပြန်ကြဦးမှာလား"

"ဟုတ်ကဲ့. . . တစ်နေ့တစ်ခေါက်တော့ ပြန်ပါတယ်၊ ဘာများ အလိုရှိပါသလဲ ဦးကြီး"

"မောင် သွားမယ်ဆိုရင် ဟင်းဖိုးဟင်းလျာလေး ပေးပြီး မှာလိုက်ချင်လို့ပါ"

"မှာပါ ဦးကြီး၊ လိုတာကို လုပ်ပေးပါ့မယ်"

ထိုအခါ လူကြီးက ရင်း၏ရင်ဖုံးအင်္ကျီအိတ်ထဲမှ ငွေတစ်



www.burmeseclassic.com

www.bur,eseclassic.com



ဆယ် ထုတ်ကာ နီမောင်ကို ပေးသည်။

"ဒီငွေကို ယူပါ၊ ဟင်းလျာများများ ချက်ပြီးတော့ မောင်တို့ တစ်ဝက်ယူပါ၊ ကျုပ်တို့အတွက် တစ်ဝက်သာ ပေးပါ၊ ဒါက ကျုပ်တို့ အိမ်နီးချင်းက ဟင်းခွက်ကမ်းပြီး မိတ်ဖွဲ့တာကို လက်ခံတဲ့သဘောနဲ့ ဟင်းခွက်ပြန်ကမ်းတာပါပဲ"

"ကျေးဇူးတင်ပါတယ်. . . လုပ်ပေးပါ့မယ်"

"ဒါပေမယ့် တစ်ခုတော့ မှာခဲ့ပါရစေ၊ ဒီအကြောင်းတွေကိုတော့ မောင်တို့ကလွဲပြီး ဘယ်သူမှ မသိပါစေနဲ့"

"စိတ်ချပါ ဦးကြီး"

"နောက်တစ်ခုက ကျုပ်တို့ကို ဟင်းပို့တဲ့အခါ ဦးခေါင်း၊ အူ၊ အသည်း စုံအောင်ပါ,ပါစေ"

"ဟုတ်ကဲ့. . . မနက်ဖြန် စီမံချက်ပြုတ်ပြီးတော့ ညနေဘက်မှာ လာပို့ပေးပါ့မယ်၊ ဟင်းအိုးပို့တဲ့အခါ ဘယ်နေရာကို ပို့ပေးခဲ့ရမယ်ဆိုတာသာ တဆိတ်လောက် ပြောပြပေးခဲ့ပါ"

ထိုအခါ လူကြီးက တောစပ်နားရှိ ဥန္နဲပင်ကို လက်ညှိုးထိုးပြပြီး 'အဲဒီနေရာမှာသာ ချထားပေးခဲ့ပါ' ဟု ပြောဆိုကာ ပြန်သွားလေတော့သည်။

ညနေပိုင်းအချိန်ရောက်လာသောအခါ စောထီးနှင့် ငမဲအောင်တို့ ပြန်လာကြသည်။

"ဘယ်လိုလဲဟေ့. . . အလုပ်လုပ်ရတာ အဆင်ပြေခဲ့ကြရဲ့လား"

"အဆင်တော့ ပြေပါတယ်ကွာ၊ တို့နှစ်ယောက် အလုပ်





လုပ်နေတုန်း လူတစ်ယောက် ရောက်လာပြီးတော့ ဟိုနေရာတော့ မလုပ်နဲ့၊ ဒီနေရာတော့ လုပ်ဆိုပြီး လာပြောနေတာနဲ့ ကြာသွားတာပါ"

ဟု ငမဲအောင်က ပြောသည်။

"အေး. . . အဲဒီလို လာပြောတာ ကောင်းတယ်၊ သူတို့ပြောတဲ့အတိုင်းသာလုပ်၊ တခြားဘာမှ ပိုမလုပ်ကြနဲ့"

"တို့ကလည်း မင်းပြောထားလို့ သိတန်သလောက် သိထားလေတော့ ဘာမှ ပြန်ပြောမနေတော့ပါဘူး၊ သူပြောတဲ့အတိုင်းပဲ လုပ်ကြတာပါပဲ"

စောထီးစကားကြားသောအခါ နီမောင်က. . .

"ငါ့ဆီကိုလည်း လာသွားပြီးပြီကွ"

ဟု ပြောလိုက်ရာ နှစ်ယောက်စလုံး စိတ်ဝင်စားသွားကြသည်။

"ဘာတွေပြောသွားသလဲ"

နီမောင်က အကြောင်းစုံ ပြောပြလိုက်ပြီး အဘိုးကြီးပေးသွားသော ငွေတစ်ဆယ်ကို ထုတ်ပြလိုက်သည်။

"တယ်ဟုတ်ပါလား. . . တို့ပါ ဟင်းကောင်းကောင်း စားရပြီပေါ့"

"ဒါထက် မင်းဆီကို ဟိုတစ်နေ့က လာပြီး ရန်တွေ့သွားတဲ့ မိန်းကလေးရော မပါဘူးလား"

"ဟေ့အေး. . . မပါဘူး"

"အဲဒီမိန်းကလေးက တော်တော်ချောသလား"



www.burmeseclassic.com

www.bur,eseclassic.com



"အင်း. . . ချောတယ်"

"ရွာထဲက မြလေးနဲ့ ဘယ်သူက ပိုလှသလဲ"

"တစ်ယောက်တစ်မျိုးစီ လှတာပေါ့"

"ဒါပေမယ့် မြလေးက သဘောကောင်းတယ်၊ ဒီမိန်းကလေးကတော့ စိတ်ကြီးပုံရတယ်"

"လျှောက်ပြောမနေနဲ့. . . တော်ကြာ ကြားသွားလို့ နောက်တစ်နေ့ လာပြီးရန်တွေ့နေဦးမယ်"

"နီမောင်. . . ဒီတစ်ခါ အဲဒီမိန်းကလေးနဲ့ တွေ့ရင် နာမည်လေးဘာလေး မေးထားလိုက်ပါလား"

"ဘာအတွက်လဲ"

"မိတ်ဖြစ်ဆွေဖြစ် သိရတာပေါ့ကွ"

"ငါတော့ မမေးချင်ဘူး၊ မင်းနဲ့ တွေ့မှပဲ မင်းကိုယ်တိုင် မေးကြည့်ပေတော့"

"ဟာ. . . မလုပ်နဲ့. . . မလုပ်နဲ့၊ ငါနဲ့ တွေ့တဲ့အခါ မင်းနဲ့ တွေ့သလို ချောချောလှလှကလေး မဟုတ်ဘဲ ကြောက်စရာကောင်းတဲ့ပုံကြီး ဖြစ်နေမှ ပြေးပေါက်မှားနေဦးမယ်"

သုံးယောက်သား ရယ်ရယ်မောမော ပြောဆိုကာ ညစာစားသောက်ကြပြီး အိပ်ရာဝင်ကြလေသည်။

နောက်တစ်နေ့တွင် နီမောင်ကိုယ်တိုင် ရွာထဲ ပြန်သွားပြီး အဖေနဲ့အမေတို့အား အကြောင်းစုံ ပြောပြလိုက်သည်။ ထိုစကားကြားသောအခါ အမေက. . .

"မင်းကတော့ ရောက်တဲ့နေရာမှာ ပရလောကသား





တွေနဲ့ မိတ်ဆွေကတော့ ဖြစ်ပဲ့ကွယ်"

ဟု ပြောသည်။

"တို့ အညာမှာ နေတုန်းက ဆရာကြီး ဦးဇုန်ကောင်းက ခေါ်တော့ သူပြောသွားတယ် မဟုတ်လား၊ သူနဲ့ အဆက်ရှိတဲ့ နေရာကို ပြောင်းမှ ကြီးပွားချမ်းသာမယ်ဆိုတာလေ၊ သူပြောသလို ဒီနေရာက ငါ့သား နီမောင်နဲ့ ဘဝဆက် ရှိသူတွေ ရှိလို့ဖြစ်မှာပေါ့ကွာ"

ဟု ဖခင်ဖြစ်သူက မှတ်ချက်ချသည်။

နီမောင်က ငွေတစ်ဆယ်ကို အမေ့အား ပေးလိုက်သောအခါ အမေက ကြက်သားဟင်းအိုးတစ်အိုး ချက်ပေးလိုက်လေသည်။

တဲသို့ ပြန်ရောက်သောအခါ ညနေစောင်းအချိန်သို့ ရောက်နေချေပြီ။

စောထီးနှင့်ငမဲအောင်တို့ကတော့ လယ်ထဲမှ ပြန်မတက်ကြသေးပေ။

တဲသို့ ရောက်သောအခါ ဟင်းကို သုံးယောက်စာ အတွက်လောက်သာ ဖယ်ထားခဲ့ပြီး အိုးလိုက် မ,ယူသွားကာ တောစပ်မှ ဥန္နဲပင် ရှိရာသို့ သွားသောအခါ ဥန္နဲပင်အောက်၌ မိန်းကလေးတစ်ယောက် စောင့်နေသည်ကို တွေ့ရလေသည်။

ထိုမိန်းကလေးမှာ တစ်လောက သူ့ကို လာရောက်ရန်တွေ့သွားသော မိန်းကလေးပင် ဖြစ်၏။

သည်တစ်ကြိမ်တော့ မိန်းကလေးမှာ ယခင်တစ်ကြိမ်



www.burmeseclassic.com

www.bur,eseclassic.com



တွေ့ရပုံနှင့် မတူဘဲ သနပ်ခါး ပါးကွက်ကြား လိမ်း၍ တောပန်းများ ပန်ကာ လှလှပပ ဝတ်ဆင်ထားလေသည်။

"ကျွန်တော်တို့ကို ဘာပြောမလို့ စောင့်နေတာလဲ"

နီမောင်က ပြောလိုက်သည်။

"ဒီတစ်ခါတော့ ဘာမှမပြောတော့ပါဘူး၊ ဟိုနေ့က အကြောင်းမသိဘဲ ပြောခဲ့ဆိုခဲ့မိတာတွေကို လာပြီးတောင်းပန်တာပါ"

"ရပါတယ်ဗျာ. . . ကျွန်တော်က အမှတ်မထားပါဘူး"

"ဒါပေမယ့် အဘက ကျွန်မကို ဆူတယ်ရှင့်၊ နောက်ဆိုရင် မဆင်မခြင် မပြောရ မဆိုရဘူးတဲ့၊ နောက်ပြီး ရှင်တို့ကိုလည်း မိတ်ဆွေတွေလို ဆက်ဆံရမယ်တဲ့"

"ဒီသဘောရှိတာ ကောင်းပါတယ်၊ ကျွန်တော်တို့က လည်း မေတ္တာမပျက် မိတ်ဖက်ဆွေဖက်တွေ ဖြစ်ချင်ပါတယ်၊ အခုလည်း ဦးကြီး မှာတဲ့အတိုင်း ဟင်းချက်ပြီး လာပို့ပေးတာပါ"

"ကောင်းပါတယ်. . မနေ့က ရှင်တို့ ကျွန်မအကြောင်းကို ပြောနေကြတယ် မဟုတ်လား"

"အချင်းချင်း ပြောတာပါ၊ ထိခိုက်နစ်နာစေလိုတဲ့ သဘောမျိုးနဲ့တော့ ပြောတာတော့ မဟုတ်ပါဘူး"

ထိုစကားကြောင့် မိန်းကလေးက တစ်ချက်ပြုံးလိုက်လေသည်။

"သိပါတယ်လေ. . . ကျွန်မ စိတ်မဆိုးပါဘူး၊ ကျွန်မ နာမည်က မြလေးနွယ်တဲ့. . . မှတ်ထားပေါ့၊ အဘရဲ့နာမည်က





တော့ ဦးဒီပတဲ့"

"အခုလို သိရတာ ဝမ်းသာပါတယ်၊ ကျွန်တော့်နာမည်က နီမောင်ပါ၊ ဟိုနှစ်ယောက်က စောထီးနဲ့ ငမဲအောင်လို့ ခေါ်ပါတယ်"

"သူတို့နှစ်ယောက်ကလည်း စိတ်ကောင်းရှိကြပါတယ်၊ သူတို့ အလုပ်လုပ်တဲ့အခါ အမှားအယွင်း မရှိအောင်လို့ ကျွန်မတို့ဆီက လူတွေကိုတောင် လွှတ်ပြီးပြောခိုင်းထားပါတယ်"

"အခုလို အကူအညီပေးတာ ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့နဲ့ ပတ်သက်တဲ့ အကူအညီ လိုရင်လည်း ပြောပါ. . . လုပ်ပေးပါ့မယ်"

မိန်းကလေးက အပြုံးဖြင့် ခေါင်းညိတ်ပြသောအခါ နီမောင်က ဟင်းအိုးကို ပေးထားခဲ့ပြီး တဲဘက်သို့ ပြန်လာခဲ့လေသည်။

ပတ်ဝန်းကျင်တစ်ဝိုက်မှာ အမှောင်ရိပ်ပင် သမ်းစပြုနေချေပြီ။

မလှမ်းမကမ်းရောက်၍ နောက်သို့ လှည့်ကြည့်လိုက်သောအခါ ဥန္နဲပင်အောက်မှာ ရပ်နေသော မိန်းကလေး၏ပုံရိပ်သဏ္ဌာန်ကို လှမ်းမြင်ရသေးသည်။



www.burmeseclassic.com

www.bur,eseclassic.com





# အခန်း(၁၅)

# လယ်ဝယ်ရန်အတွက် ငွေထုတ်ပေးသူ

ဤသို့ဖြင့် ရက်မှလ,သို့ ကူးလာသောအခါ နီမောင်နှင့် ဦးဒီပတို့တစ်တွေမှာလည်း တစ်ယောက်အကြောင်းတစ်ယောက် သိကြပြီး ခင်မင်ရင်းနှီးသောအဆင့်သို့ ရောက်ကြလေသည်။

ဦးဒီပဆိုသောလူကြီးကလည်း မကြာခဏ ရောက်လာပြီး နီမောင်တို့အတွက် လိုအပ်သော အကူအညီများ ပေးကြသလို နီမောင်တို့ကလည်း သူတို့အတွက် လိုအပ်သောကိစ္စများကို လုပ်ကိုင်ပေးကြရသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.bur,eseclassic.com



ထိုသို့ရှိနေရာမှ တစ်နေ့သောအခါ ၎င်းတို့အကြောင်းများကို ပြောပြလေသည်။

"ဒီလယ်ကြီးက အရင်က ကျုပ်ပိုင်ဆိုင်ခဲ့တဲ့ လယ်ကြီးပါပဲ၊ ရှေးက ဒီနေရာတစ်ဝိုက်မှာ ဒီရေတက်တဲ့အရပ်လည်းဖြစ်၊ တောရိုင်းတွေကလည်းများတော့ တခြားလူတွေ မရောက်ကြသေးပါဘူး၊ အဲဒီအချိန်မှာပဲ ကျုပ်က ဒီနေရာကို အစောဆုံးရောက်လာပြီး ဒီလယ်ကို ရှင်းလင်းပြီး လုပ်ကိုင်ခဲ့တာပါ"

"ဩော် . . ."

"ဒီနေရာတွေက မြေဆီမြေနှစ်တွေ ကောင်းတဲ့ လယ်မြေရိုင်းတွေဆိုတော့ စပါးသီးနှံ အတော့်ကို ရခဲ့တယ်၊ ဒါကြောင့် ကျုပ်တို့မိသားစုတွေလည်း ရွှေငွေဥစ္စာတွေ အတော်ကလေးစုဆောင်းမိခဲ့တယ်၊ ဒါပေမယ့် လူသူမနီးတဲ့အရပ်ဆိုတော့ ဓားပြ၊ သူခိုးရန်တွေ စိတ်မချရတာနဲ့ ဥစ္စာပစ္စည်းတွေကို ဥနှပင်အောက်မှာ မြှုပ်နှံထားခဲ့တယ်"

"ဟုတ်ကဲ့ ဦးကြီး"

"ဒါပေမယ့် ကံဆိုးမိုးမှောင် ကျချင်လာတော့ ကျုပ်တို့တစ်မိသားစုလုံး ဝမ်းရောဂါဖြစ်ပြီး အားလုံးသေဆုံးသွားကြပြီးနောက် မြှုပ်နှံထားတဲ့ ဥစ္စာပစ္စည်းတွေကို စွဲပြီးတော့ ဒီနေရာမှာပဲ နေကြရတယ်၊ မောင်တို့ကို ပေးတဲ့ငွေတွေကလည်း တခြားက ယူပေးတာ မဟုတ်ပါဘူး၊ ကျုပ်ပိုင်ဆိုင်တဲ့ငွေတွေထဲကပဲ ယူပေးတာပါ"

ဟု ပြောပြလေသည်။





နောက်ပိုင်းရက်များမှာလည်း နီမောင်တို့မှာ အနှောင့်အယှက်ကင်းမဲ့စွာ လုပ်ကိုင်ကြရသောကြောင့် လယ်ကြီးမှာ များစွာဖြစ်ထွန်းလေသည်။

ဦးဘိုးလူတို့ လုပ်သွားသော လက်စကို ဆက်လုပ်ကြရသောကြောင့် မကြာခင်မှာပင် ပြီးစီးခြင်းသို့ ရောက်ကြလေသည်။

ရွာသူရွာသားများကတော့ ထင်ကြေးအမျိုးမျိုးပေးကာ ပြောဆိုနေကြလေသည်။

"ဘယ့်နှယ်လဲ . . . နီမောင်တို့တစ်တွေ အခုထိ ဘာသံမှ မကြားရသေးပါလား၊ သူတို့ကြည့်ရတာ အခြေအနေ ဟန်နေပုံပဲ"

"အမယ်လေး . . ပြီးအောင်ပဲ စောင့်ကြည့်ပါဦး၊ ဒီလယ်ကြီးက ဘယ်သူများ နှစ်ပေါက်အောင် ဆက်လုပ်နိုင်လို့လဲ၊ သူတို့ကရော ဘာမို့လဲ"

"ဒါပေမယ့် နီမောင်က လူကသာ ငယ်ပေမယ့် သာမညတော့ မဟုတ်ဘူးနော်၊ ဘယ်သူမှ လုပ်လို့မရတဲ့ သချိုင်းနားကလယ်ကို ရအောင်လုပ်ပြီး အဲဒီက စောင့်တဲ့ဘီလူးနဲ့တောင် မိတ်ဆွေဖြစ်ကြတယ်ဆိုလားဘာလား ပြောသံကြားလိုက်တယ်"

"ဒါပေမယ့် တခြားနေရာကိုသာ လုပ်လို့ရချင်ရမယ်၊ မလုပ်ကောင်းတဲ့ လယ်ကြီးကိုတော့ လုပ်လို့ရမှာ မဟုတ်ပါဘူး၊ စောင့်သာကြည့်ပါဦး"

"ဒါပေမယ့် လယ်ကတော့ အတော့်ကို ကောင်းတယ်



www.burmeseclassic.com

www.bur,eseclassic.com



နော်၊ စပါးခင်းတွေဆိုတာ ညို့မှိုင်းနေတာပဲ၊ ပြီးအောင်သာ လုပ်ရရင်တော့ တစ်နှစ်တည်းနဲ့ ဟန်ကျမှာပဲ”

ဟု ပြောဆိုကြလေသည်။

နီမောင်တို့ကတော့ ဘယ်သူ ဘာပြောပြော ဂရုစိုက်မနေတော့ဘဲ ဆက်လက်လုပ်ကိုင်ကြရာ တဖြည်းဖြည်းနှင့် စပါးရိတ်သိမ်းချိန်သို့ပင် ရောက်လာခဲ့ချေပြီ။

ထိုအချိန်အထိ နီမောင်တို့မှာ ဘာမှ အခြေအနေ မထူးဘဲ အေးအေးဆေးဆေးနှင့် ရှိနေသောအခါ တစ်ရွာလုံး အံ့ဩမဆုံးနိုင်အောင် ရှိနေကြလေသည်။

နွေရာသီ စပါးရိတ်သိမ်းချိန် ရောက်သောအခါ လယ်နှစ်ပွဲစလုံးမှ စပါးအထွက်များ ကောင်းသောကြောင့် လယ်ငှားခ၊ ကျွဲနွားငှားခ၊ အလုပ်သမားခများ ပေးပြီးသည့်အပြင် နီမောင်တို့လက်ထဲမှာ စပါးတင်း အမြောက်အမြား ကျန်ခဲ့လေရာ ထိုစပါးများကို တစ်နှစ်တာအတွက် ဝမ်းစာချန်ကာ ရောင်းချလိုက်လေရာ ငွေကြေးအတန်အသင့် စုဆောင်းမိကြလေသည်။

အားလုံးကတော့ လယ်ပွဲနှစ်ပွဲစလုံးကို တစ်နှစ်တည်းကျွတ်အောင် လုပ်သွားသော နီမောင်တို့ကို ချီးကျူးမဆုံးအောင် ရှိနေကြတော့သည်။

“ဘယ့်နှယ်လဲ သူကြီး၊ ကျုပ်တို့ရွာမှာ အဆက်ဆက်က ဘယ်သူမှ မလုပ်ဝံ့တဲ့၊ လုပ်လို့လည်း မရတဲ့ ကျောက်ဘီလူးငတေ ရှိတဲ့လယ်နဲ့ မလုပ်ကောင်းတဲ့လယ်ကြီးကိုပါ တစ်နှစ်တည်း ပြီးအောင်လုပ်သွားကြတာတော့ အံ့ဩစရာပဲ၊ ဒါထက်





သူတို့က ဘယ်အရပ်က လာကြတာလဲဗျ”

ဟု အချို့က မေးသည်။

“အညာက ပြောင်းလာကြတာလို့တော့ ပြောတယ်၊ ဆရာကြီး ဦးဗန်ကောင်း ခေါ်လာကြတာပဲ”

“ဒီလူတွေက လူညံ့တွေတော့ မဟုတ်ကြဘူးဗျ၊ ခင်ဗျား ဒီလူတွေကိုတော့ လက်မလွှတ်သင့်ဘူး၊ သူတို့မိသားစုမှာ သူတို့သားလေးက အဓိက ကျုပ်ံရတယ်၊ အဲဒီကောင်လေးက လုပ်ရည်ကိုင်ရည်လည်း မဆိုးဘူး၊ အလုပ်လည်း အတော်ကြိုးစားတယ်၊ ခင်ဗျား မျက်စိမကျဘူးလား သူကြီး”

“အင်း. . . ကြည့်ရတာနတော့ ဒီသူငယ်လေးက မဆိုးပါဘူး”

“ခင်ဗျားသမီးကလည်း အရွယ်ရောက်လာပြီဆိုတော့ ဒီလိုအားကိုးရတဲ့ ကာလေးမျိုးနဲ့ နေရာချပေးမှ မိဘတွေ စိတ်အေးရမှာပေ့ါ၊ ခင်ဗျား စိတ်ကူးမလွဲနဲ့နော်”

ဟု ရင်းနှီးသော မိတ်ဆွေအချို့က အကြံပေးကြသောအခါ သူကြီး ဦးဘိုးမောင်မှာ ထိုအကြောင်းကို ခေါင်းထဲ ထည့်ရလေတော့သည်။

စပါးရောင်းချပြီးသောအခါ နီမောင်က ဆရာကြီး ဦးဗန်ကောင်းကို ကန်တော့လေသည်။

ငွေကြေး၊ အဝတ်အထည်၊ အစားအသောက်များဖြင့် ကောင်းမွန်စွာ ကန်တော့ရင်း. . .

“ဆရာကြီးရဲ့ကျေးဇူးကြောင့် ကျွန်တော်တို့ ဒီလိုအခြေ



www.burmeseclassic.com

www.bur,eseclassic.com



အနေမျိုးကို ရောက်ခဲ့တာပါ။ ဆရာကြီးရဲ့ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူး"

ဟု ကျေးဇူးစကားဆိုလေသည်။

"ရပါတယ် နီမောင်ရယ်၊ ဒီကိစ္စက ကျုပ်က လမ်းပြပေးရုံပဲ ပေးနိုင်တာပါ၊ တကယ်ကြိုးစားရတာက မောင်တို့ပါပဲ၊ ဒါထက် ဟိုလယ်ကြီးအကြောင်းကို ငါ့ကိုလည်း ပြောပြပါဦး"

ဟု မေးသဖြင့် နီမောင်က ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်လေသည်။

"ဒါကတော့ မေတ္တာအကျိုးလို့ ဆိုရမှာပဲ၊ လူဖြစ်ဖြစ်၊ ပရလောကသားပဲဖြစ်ဖြစ် တစ်ဦးမေတ္တာ တစ်ဦးဆိုသလို မေတ္တာနဲ့ ဆက်ဆံရင် အားလုံးရနိုင်တယ်ဆိုတာ သာဓကပဲ၊ ဒီလယ်ကတော့ မင်းတို့ကလွဲပြီး တခြားဘယ်သူမှ လုပ်လို့ရတော့မယ် မထင်ဘူး"

ဟု ထင်ကြေးပေးလေသည်။

ထို့နောက်. . .

သူကြီး ဦးဘိုးမောင်တို့ မိသားစုအတွက် ငွေကြေး၊ အဝတ်အထည်၊ အစားအသောက်များဖြင့် သွားရောက် ကန်တော့လေသည်။

နီမောင့်ကို တွေ့သောအခါ သူကြီးဦးဘိုးမောင်က. . .

"ဒါထက် မောင်နီမောင်တို့ ဘယ်လိုအစီအစဉ်များ ရှိကြသလဲကွယ့်"

ဟု မေးလေသည်။





"ကျွန်တော်တို့ လယ်ငှားထားတာ တစ်နှစ်တစ်ခါ ဆိုတော့ အခုလယ်လည်းပြီးပြီဆိုတော့ သူကြီးမင်းလက်ကို ဝတ္တရားအတိုင်း ပြန်အပ်ရမှာပါ၊ ကျွန်တော်တို့လည်း လယ်တဲကနေ ရွာတဲကို ပြန်ပြောင်းပေးပါ့မယ်"

"ဘာကြောင့် ဒီလောက်များ လောနေရတာလဲ မောင်နီမောင်ရယ်၊ ဒီလယ်က ရှေ့နှစ်ကိုလည်း ဆက်ချမှာဆိုတော့ မင်းတို့ပဲ ဆက်လုပ်ကြမှာ မဟုတ်လား"

"ကျွန်တော်ကတော့ လုပ်ချင်ပါတယ်၊ ဒါပေမယ့် အဖေအမေတို့ ဘယ်လိုစီစဉ်ကြဦးမယ် မသိသေးတော့ မိဘများနဲ့ တိုင်ပင်ကြည့်ပါဦးမယ်"

"တယ်လည်း လိမ္မာရေးခြားရှိတဲ့ကလေးပဲ၊ ကဲ. . . ကဲ၊ ဒီလို တိုင်ပင်ချင်သ,ပ ဆိုရင်လည်း တိုင်ပင်ချေဦးပေါ့၊ ငါကတော့ နောင်နှစ်ကို မင်းတို့ကလွဲပြီး ဘယ်သူမှ မချပေးတော့ဘူးလို့ ဆုံးဖြတ်ထားတယ်"

ဟု စကားကို ချည်ပြီးတုပ်ပြီး ပြောလိုက်လေသည်။

ထိုအကြောင်းကို မိဘများနှင့် တိုင်ပင်ကြည့်သောအခါ နီမောင် ဆန္ဒရှိလျှင် ဆက်လက်လုပ်ကိုင်ကြရန် ခွင့်ပြုကြလေသည်။

လယ်တဲသို့ ပြန်ရောက်ပြီး ညနေပိုင်းအချိန် ရောက်သောအခါ တဲရှေ့သို့ မြလေးနွယ်ဆိုသော မိန်းကလေး ရောက်လာလေသည်။

ထိုအချိန်က စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်မှာ



www.burmeseclassic.com

www.bur,eseclassic.com



ရွာထဲမှ မင်္ဂလာဆောင်တစ်ခုသို့ သွားနေကြသောကြောင့် တဲ၌ နီမောင်တစ်ယောက်တည်း ကျန်နေချိန် ဖြစ်သည်။

"ဘာကိစ္စရှိလို့ လာတာလဲဟင်"

နီမောင်မှာ မြလေးနွယ်ကို မြင်သောအခါ အနည်းငယ် အံ့သြသွားလေသည်။

"ရှင့်ကို မေးစရာရှိလို့ လာခဲ့တာပါ"

"ဘာမေးမှာလဲဟင်"

"ရှင်တို့ အခု စပါးသိမ်းပြီးပြီဆိုတော့ ရှင်တို့ ရွာထဲ ပြန်ပြောင်းကြမယ်ဆို"

"ဟုတ်ပါတယ်. . . ဒီလယ်က ကျွန်တော်တို့ အပိုင် မဟုတ်ပါဘူး၊ တခြားလူဆီက ငှားလုပ်ရတာဆိုတော့ အခု စပါး သိမ်းပြီးတာနဲ့ လယ်ကို ပြန်အပ်ပြီး တဲကနေ နေရာရွှေ့ပေးရမှာ ပါ"

"ရှင်တို့က ဆက်မလုပ်တော့ဘူးလား"

"ပိုင်ရှင်နဲ့ စကားသေသေချာချာ မပြောရသေးတော့ လုပ်ဖြစ် မလုပ်ဖြစ် မသေချာသေးပါဘူး၊ တကယ်လို့ ကျွန်တော် တို့နဲ့ မတည့်ရင်လည်း အခြားလူတွေ လာလုပ်ကြမှာပေါ့"

"ဒီနေရာက ရှင်တို့ကလွဲပြီး တခြား ဘယ်သူမှ လာလုပ် လို့ မရဘူး၊ ကျွန်မတို့ကလည်း နောက်ထပ်လာမယ့် လူသစ်တွေ ကို လက်မခံချင်ဘူး၊ ဒီလိုလုပ်ပါလား. . . ရှင်တို့ ငှားလုပ်နေရင် ဒီလိုပဲ တစ်နှစ်တစ်ခါ ပြောင်းနေရမှာပဲ၊ ဒီတော့ အဲသလို မ ပြောင်းရအောင် အပိုင်ဝယ်လိုက်ရင် ပိုမကောင်းဘူးလားဟင်"





"ကောင်းတော့ ကောင်းတာပေါ့ အစ်မလေးရယ်၊ ငှားပြီး လုပ်ရတာနဲ့စာရင် အပိုင်လုပ်နိုင်ရင်တော့ ပိုကောင်းတာပေါ့၊ ဒါပေမယ့် လယ်ကို အပိုင်ဝယ်ရလောက်အောင် ကျွန်တော်တို့မှာ ငွေကြေးက မပြည့်စုံသေးပါဘူးဗျာ"

"အဲသည်လိုဆိုရင် ရှင်မပူနဲ့၊ ကျွန်မ အဘကို ပြောပြီး ရှင် လယ်ဝယ်ဖို့အတွက် ငွေပေးမယ်၊ ရှင် လယ်ကို အပိုင်သာ ဝယ်လိုက်ပေတော့၊ ဒီလိုဆိုရင် ရှင်တို့လည်း ဒီနေရာက,မပြောင်း ကြရတော့ဘူး မဟုတ်လား"

"အစ်မလေးက ငွေထုတ်ပေးတာကတော့ ဟုတ်ပါပြီ၊ အဲဒီငွေကို ကျွန်တော်တို့က ဘယ်လိုပြန်ဆပ်ရမှာလဲဟင်"

"အဲဒီငွေက ပြန်ဆပ်စရာ မလိုပါဘူး၊ ကျွန်မတို့က ရှင့် ကို ခင်လို့ အကူအညီပေးတာပါ"

"ဒီလိုဆိုရင်တော့ ကျေးဇူးတင်ပါတယ် အစ်မလေးရယ်၊ ငွေရရင်တော့ ဒီလယ်ကြီးကို အပိုင်ဝယ်ပြီး လယ်ထဲမှာ တစ်ခါ တည်း ပြောင်းနေတော့မယ်"

ဟု ဝမ်းသာအားရ ပြောလိုက်လေသည်။

"ကဲ. . . ဒီလိုဆိုရင် လယ်ဖိုးငွေ ဘယ်လောက်ကျသလဲ ဆိုတာသာ ရှင်မေးလိုက်တော့၊ ပြီးတော့ ကျွန်မဆီမှာ လိုတဲ့ငွေ ကို လာယူပေတော့"

"ဗျာ. . . ကျွန်တော်က ဘယ်နေရာမှာ လာယူရမှာလဲ ဟင်"

အလန့်တကြား ဖြစ်သွားသော နီမောင့်အမူအရာကို



www.burmeseclassic.com

www.bur,eseclassic.com



ကြည့်ပြီး မြလေးနွယ်က သဘောကျစွာ ပြုံးလိုက်လေသည်။

"ဒီလောက်လည်း ကြောက်မနေပါနဲ့ရှင်၊ ရှင့်ကို ကျွန်မတို့နေရာ ရောက်အောင်တော့ မခေါ်ပါဘူး၊ ရှင်လာရင် ဟိုဥနဲ့ပင်လေးအောက်ကိုပဲ လာလေ၊ ကျွန်မ လာပေးမှာပေါ့"

"ကျေးဇူးတင်ပါတယ် အစ်မလေးရယ်"

ဟု ပြောလိုက်ရာ မြလေးနွယ်က သူ့ကို နှုတ်ဆက်ပြီးနောက် ပြန်သွားလေတော့သည်။

ထိုအချိန်တွင် ပတ်ဝန်းကျင်တစ်ဝိုက်မှာ အမှောင်ရိပ်များ ဖုံးလွှမ်းနေချေပြီ။





# အခန်း(၁၆)

## မျှော်လင့်ချက်နှင့် အသက်ရှင်နေသူ

ဦးဘိုးမောင်တို့အိမ်သို့ နီမောင်တို့ သားအဖ ရောက်သွားသောအခါ ဦးဘိုးမောင် ရွာထဲ သွားနေသဖြင့် မတွေ့ရသောကြောင့် ခေတ္တစောင့်ကြရလေသည်။

သူကြီး ပြန်ရောက်လာသည်နှင့် သူတို့ကို မြင်သောအခါ ဝမ်းသာအားရ အမူအရာဖြင့်. . .

"ဟား. . . ဦးဘရှိန်တို့သားအဖ,ပါလား၊ ကျုပ်ကလည်း ခင်ဗျားတို့နဲ့ တွေ့ချင်တာနဲ့ အတော်ပဲဗျို့၊ သမီးရေ. . . အမြန်



www.burmeseclassic.com

www.bur,eseclassic.com



ရည်အိုးနဲ့ ကွမ်း၊ဆေးလက်ဖက် ယူခဲ့ပါကွယ်"

ဟု အသံပြုကာ အိမ်အောက်ရှိ ကွပ်ပျစ်ပေါ်သို့ ခေါ်သွားကာ ထိုင်ကြလေသည်။

"ကျွန်တော်တို့ကို တွေ့ချင်တယ်ဆိုတာ ဘယ်လိုကိစ္စမျိုး ရှိလို့လဲ သူကြီးမင်း"

"တခြားဟုတ်ပါရိုးလား ဦးဘရှိန်ရယ်၊ လယ်မြေကိစ္စအတွက် အရောင်းအဝယ်စာချုပ်ပေါ်မှာ လက်မှတ်ထိုးဖို့ကိစ္စအတွက် စောင့်နေတာဗျ"

ထိုစကားကြားသောအခါ ဦးဘရှိန်ရော နီမောင်ပါ အံ့ဩသွားကြလေသည်။

သူတို့က အခုမှ လယ်ကိစ္စ စကားပြောရန် လာကြသည်။ သူကြီးက အရောင်းအဝယ် လက်မှတ်ထိုးရန်ပင် ပြောနေချေသည်။

ဘယ်လိုဟာပါလိမ့်ဟု တွေးတောနေကြသည်။

"အရောင်းအဝယ် စာချုပ်ကိစ္စ ဟုတ်လား သူကြီးမင်း"

"ဟုတ်ပါတယ်၊ ခင်ဗျားတို့ဗျာ. . နောက်မှာ ဒီလောက် ငွေကြေးတောင့်တင်းတဲ့ ဆွေမျိုးသားချင်းတွေ ရှိပါလျက်နဲ့ လယ်များ ငှားလုပ်နေရတယ်လို့၊ အတော့်ကို သိသိဝှက်ဝှက် နေနိုင်ကြပါပေတယ်"

ဟု ပြောလေရာ နီမောင်တို့မှာ ယခုတိုင် ဆိုလိုရင်း စကားအဓိပ္ပာယ်ကို မသိရသေးသဖြင့် ဇဝေဇဝါ ဖြစ်နေကြသည်။

ထိုအချိန်မှာ မြသီတာက လက်ဖက်ရည်ကြမ်းပွဲကို လာ





ရောက်ချပေးသဖြင့် စကားစ ပြတ်သွားလေသည်။

သူမ ပြန်ထွက်သွားတော့မှ ဦးဘရှိန်က. . .

"သူကြီးပြောနေတာကို ကျွန်တော်တို့လည်း ဘာမှမသိအောင် ဖြစ်နေတယ်၊ ကျွန်တော်တို့ နားလည်အောင် တဆိတ်လောက် ရှင်းပြပေးပါဦး"

ဟု ပြောလိုက်သောအခါ ဦးတိုးမောင်က ရှင်းပြသည်။

"ခင်ဗျားတို့သားအဖပဲ တကယ် မသိသေးတာလား၊ မသိချင်ယောင်ဆောင်နေတာလားတော့ မသိဘူး၊ မနက်ကတော့ ခင်ဗျားတို့ အညာက သားချင်းတွေ ကျုပ်ဆီကို လာသွားတယ်"

"ဗျာ. . ."

"ဟုတ်တယ်. . . အဘိုးကြီးတစ်ယောက်နဲ့ သမီးတို့ အရွယ်လောက် ရှိတဲ့ မိန်းကလေးတစ်ယောက်ပဲ၊ ခင်ဗျားတို့ လယ်ဝယ်မယ် သတင်းကြားလို့ သူတို့ လာတာတဲ့၊ အဲဒါ ခင်ဗျားတို့နဲ့ တိုင်ပင်ပြီးလို့ အားလုံးအဆင်ပြေရင် ကျသင့်တဲ့ငွေကို သူတို့ ပေးပါ့မယ်လို့ ပြောသွားကြတယ်"

ထိုစကားကြားသောအခါ ဦးဘရှိန်က ပါးစပ်အဟောင်းသားဖြင့် သားဖြစ်သူ နီမောင်ကို ကြည့်သည်။

ထိုအခါ နီမောင်က သဘောပေါက်သွားဟန်ဖြင့်. . .

"ဟုတ်ပါတယ် သူကြီးမင်း၊ ကျွန်တော်တို့ အခုလာကြတာလည်း အဲဒီကိစ္စကို တိုင်ပင်ချင်လို့ လာတာပါ၊ ကျွန်တော်တို့ ဆန္ဒကတော့ လယ်ကို ငှားမလုပ်ဘဲ ဈေးနှုန်းကလည်းသင့်မြတ်၊



www.burmeseclassic.com

www.bur,eseclassic.com



ဝယ်ပေးမယ့်သူလည်း ရှိတုန်း အပိုင်သာ ဝယ်လုပ်ချင်လို့ လာပြောကြတာပါ"

ဟု ပြောလိုက်လေသည်။

နီမောင့်စကား ကြားသောအခါ သူကြီးဦးဘိုးမောင်မှာ သိန်းထီဆု ပေါက်သည့်မျက်နှာမျိုး၊ မိမိလက်ထဲမှာ မထားလိုသောပစ္စည်းတစ်ခုကို တန်ရာတန်ကြေးဖြင့် ရလိုက်သည့် ကုန်သည်တစ်ယောက်၏ဝမ်းသာပျော်ရွှင်မှုမျိုးဖြင့် ပြုံးဖြီးဖြီး ဖြစ်သွားလေသည်။

"ကောင်းပါပြီ. . . ကျုပ်ရဲ့လယ်ဧက နှစ်ဆယ်ကို ငွေနှစ်ထောင်နဲ့ ဈေးဖြတ်ထားသော်လည်း ဦးဘရှိန်တို့ ယူမယ်ဆိုရင် တစ်ထောင့်ငါးရာနဲ့ ဈေးဖြတ်ပေးပါ့မယ်၊ ဘယ့်နှယ့်. . သင့်မြတ်ပါရဲ့ မဟုတ်လား"

"သူကြီးမင်း ဖြတ်တဲ့ဈေးက သင့်မြတ်လှပါတယ်၊ ကျွန်တော့်ရဲ့သားချင်းတွေနဲ့ တိုင်ပင်ပြီး အဆင်ပြေတာနဲ့ ငွေချေပြီး ဝယ်ယူပါ့မယ်"

ဟု ပြောဆိုကာ ပြန်လာကြသည်။

ညနေပိုင်းအချိန် ရောက်သောအခါ မြလေးနွယ် မှာထားသည့်အတိုင်း ဥန္နဲပင်ကလေးအောက်သို့ သွားလေရာ မြလေးနွယ်နှင့် အခန့်သင့် တွေ့ရလေသည်။

"အဆင်ပြေရဲ့ မဟုတ်လား"

"ဟုတ်ကဲ့. . . အဆင်ပြေခဲ့ပါပြီ၊ လယ်နှစ်ပွဲကို တစ်ထောင့်ငါးရာနဲ့ ဈေးဖြတ်ပါတယ်၊ ကျွန်တော်တို့မှာ ဘီလူးငတေ





ပေးခဲ့တဲ့ငွေရယ်၊ စပါးရောင်းလို့ ပိုလျှံတဲ့ငွေရယ် တစ်ထောင်လောက်တော့ စုမိထားတာ ရှိပါတယ်"

"အဲဒီငွေက ရှင်တို့ လျှူဖို့တန်းဖို့ ထားလိုက်ပါ၊ လယ်ဝယ်ဖို့အတွက် ငွေကို ကျွန်မတို့က ပေးပါ့မယ်၊ ဒါပေမယ့် ရှင် ကတိတစ်ခုတော့ ပေးရမယ်"

"ဘယ်လိုကတိမျိုးလဲ"

"ဒီလယ်ကို ဝယ်ပြီးရင် ဘယ်သူ့ကိုမှ မပေးရဘူး. . . မရောင်းရဘူး၊ ရှင်ပဲ တစ်သက်လုံး လုပ်ရမယ်. . . အဲဒီကတိပဲ"

"ပေးပါ့မယ်. . . ဒီနေရာမှာ အသက်ထက်ဆုံး နေပါ့မယ်လို့ ကတိပေးပါတယ်"

"ကောင်းပြီ. . . မနက်လင်းရင် ရှင်နေတဲ့တဲရဲ့ခေါင်းရင်းဘက်မှာ ရှိတဲ့ ငှက်ပျောပင်အောက်မှာ ငွေထုပ်ကို ချထားပေးမယ်"

ဟု ပြောဆိုကာ ပြန်သွားလေသည်။

ထိုနေ့ညက နီမောင်မှာ မြလေးနွယ် ပြောသွားတာ ဟုတ်မှဟုတ်ပါ့မလားဟု တွေးတော ပူပန်နေသောကြောင့် တော်တော်နှင့် အိပ်မပျော်ဘဲ ရှိရာမှ မိုးလင်းကာနီးမှ မှေးခနဲ အိပ်ပျော်သွားလေသည်။

အချိန်မည်မျှကြာအောင် အိပ်ပျော်သွားသည် မသိပေ။ နားထဲမှာ. . .

"ထတော့. . . ထတော့၊ ဒီကနေ့ လယ်ဖိုးငွေ သွားချေရမှာ မဟုတ်လား"



www.burmeseclassic.com

www.bur,eseclassic.com



ဟု လာန္တိုးသံ ကြားရတော့မှ လန့်နိုးလာလေသည်။

သူသည် အိပ်ရာမှ နိုးလာသည်နှင့် ကပျာကယာ ထကာ ခေါင်းရင်းဘက်သို့ သွားကြည့်သောအခါ ငှက်ပျောပင်ခြေရင်း၌ ပိုးပဝါဖြင့် ထုပ်ထားသောအထုပ်ကို တွေ့ရလေသည်။

ထိုအထုပ်ကို ယူလာပြီး ဖြေကြည့်သောအခါ အတွင်း၌ ငွေသားတစ်ထောင့်ငါးရာကို တွေ့ရသဖြင့် ဝမ်းသာသွားလေသည်။

ထိုငွေရပြီး နေ့လယ်ပိုင်းအချိန် ရောက်သောအခါ ရွာထဲသို့ သွားလေသည်။

ဆရာကြီး ဦးဗန်ကောင်းနှင့် အဖေ့ကိုပါ ခေါ်ပြီး သူကြီးဦးဘိုးမောင်အိမ်သို့ သွားကာ လယ်အရောင်းအဝယ်စာချုပ်ကို လက်မှတ်ရေးထိုးကြလေသည်။

စာချုပ်၌ ဝယ်သူနေရာတွင် နီမောင့်နာမည် တပ်ကာ သူကိုယ်တိုင် လက်မှတ်ရေးထိုးပေးရသည်။

စာချုပ်ပြီး၍ ငွေချေခြင်းကိစ္စ ပြီးသောအခါ ထုံးစံရှိသည့်အတိုင်း မူလပိုင်ရှင်ဖြစ်သော ဦးဘိုးမောင်က နောက်ပိုင်ရှင်ဖြစ်သည့် နီမောင့်လက်သို့ အပ်ရလေသည်။

"ကိုင်း. . . ဒီနေ့ကစပြီး ကျုပ်ပိုင်ဆိုင်ခဲ့တဲ့ လယ်ဧကနှစ်ဆယ်ဟာ ဟောဒီက ဦးဘရှိန်တို့ မောင်နီမောင်တို့ဟာ ဖြစ်သွားပါပြီဗျား၊ စာချုပ်အပေါ်မှာ 'မောင်နီမောင် ပိုင်ဆိုင်သောလယ်' လို့ ရေးထားပါတယ်၊ ယနေ့ကစပြီး ဤလယ်နှင့် ပတ်သက်သော ကောင်းမှုဆိုးမှု မှန်သမျှ မောင်နီမောင်တို့နဲ့သာ





သက်ဆိုင်ပါတော့တယ်ဗျား"

ဟု ပြောဆိုပြီးနောက် စာချုပ်ကို အပ်လေသည်။

ရွာသားများကတော့ 'သူကြီးတော့ ငါ့လက်က လွတ်ရင်ပြီးရော' ဟု ပြောနေသည်ဟု ထင်ကာ ပြုံးစိစိနှင့် ဖြစ်နေကြလေသည်။

ထိုကိစ္စများ ပြီး၍ မြသီတာနှင့် တွေ့သောအခါ သူမက

"အခု ကိုနီမောင်တို့ မြေပိုင်လယ်ပိုင်တွေ ဖြစ်သွားကြပြီ၊ စီးပွားရေးလည်း အတော်တက်လာကြတယ်၊ ဒီပတ်ဝန်းကျင်မှာရှိကြတဲ့ ပရလောကသားတွေကလည်း ကိုနီမောင်တို့ကို အတော်ကလေး ချစ်ခင်ပုံရတယ်"

ဟု မှတ်ချက်ချသည်။

"ဒါကတော့ မေတ္တာနဲ့ ဆက်ဆံလို့ အခုလို အဆင်ပြေတာ ဖြစ်ပါလိမ့်မယ်၊ လူဖြစ်ဖြစ်၊ ပရလောကသားပဲဖြစ်ဖြစ်၊ တိရစ္ဆာန်ပဲဖြစ်ဖြစ်၊ ဘယ်လူ၊ ဘယ်ပုဂ္ဂိုလ်၊ ဘယ်သတ္တဝါပဲဖြစ်ဖြစ် မေတ္တာနဲ့ ဆက်ဆံရင် မနှစ်သက်တဲ့သူ ဘယ်သူမှ မရှိပါဘူး"

"ကျွန်မအမြင်ပြောရရင်တော့ ကိုနီမောင် ပြောသလို မေတ္တာနဲ့ ဆက်ဆံတိုင်းလည်း အခုလို ရမယ်မထင်ဘူး၊ တကယ်လို့ မေတ္တာပွားများနေရုံပဲ ရှိရင် ကိုယ့်အတွက် ကုသိုလ်ရမယ်၊ အန္တရာယ် ကင်းနိုင်မယ်ပေါ့၊ အခုလို ပရလောကသားတွေက အကူအညီ အထောက်အပံ့ ပေးတာမျိုးတော့ ရချင်မှရမှာပေါ့၊ မဟုတ်ဘူးလား"

"အင်း. . . ဒါကတော့ လူတိုင်းတော့ ဘယ်ရနိုင်ပါ့



www.burmeseclassic.com

www.bur,eseclassic.com



မလဲ”

“အဲဒီလို ရတယ်ဆိုတာ ဘာကြောင့်လဲဟင်”

“ကျွန်တော့်အထင် ပြောရရင်တော့ ဘဝချင်း နီးစပ်မှု ရှိလို့ ဖြစ်မယ်ထင်တယ်၊ အချို့က တစ်ဘဝက နောက်တစ်ဘဝကို ကူးလာရပေမယ့် သူက ဘဝဟောင်းက ကျန်ခဲ့တဲ့သူတွေကို အမှတ်ရနေသလို ကျန်ခဲ့တဲ့လူတွေကလည်း သူ့ကို သိနေကြတယ်၊ မှတ်မိနေကြတယ်၊ အဲဒါကို ဘဝဆက် ရှိတယ်လို့ ပြောရမှာပေါ့”

“ကိုနီမောင် ပြောသလိုဆိုရင် လူဝင်စားတွေဟာ အဲဒီလိုမျိုးတွေပေါ့. . . ဟုတ်လား”

“ဟုတ်တာပေါ့. . . လူဝင်စား အတော်များများဟာ ကျန်ခဲ့တဲ့ ဘဝဟောင်းက လူတွေကို အမှတ်ရလေ့ရှိကြတယ်၊ ဘဝဟောင်းက အဖြစ်အပျက်တွေကိုလည်း မှတ်မိကြတယ်၊ နောက်ဆုံး သူ့ရဲ့အသုံးအဆောင်တွေကိုတောင် တစ်ခုမကျန် မှတ်မိကြတယ်”

“အဲဒါ ဘာကြောင့်လဲဟင်”

“ကျွန်တော့်အထင် ပြောရရင်တော့ အဲဒီလူတွေဟာ ကုသိုလ်ကံ အကျိုးပေး ကောင်းကြလို့ တစ်ဘဝကနေ နောက်တစ်ဘဝ ကူးတဲ့ကြားကာလ သိပ်မကြာလို့ ဖြစ်မယ်ထင်ပါတယ်၊ ပရလောကမှာ သိပ်ကြာကြာမနေရဘဲ တစ်ဘဝက ချုပ်တာနဲ့ နောက်တစ်ဘဝကို ချက်ချင်းကူးကြတာမျိုးပေါ့၊ ဒီတော့ သူတို့အတွက် ကြားကာလဟာ ပဋိသန္ဓေ နေတဲ့ရက်လောက်ပဲ ကြာလို့





လူ့ဘဝ ပြန်ရောက်တဲ့အခါ အားလုံးပြန်မှတ်မိတာ ဖြစ်မှာပါ”

“ဒါဖြင့် ကိုနီမောင်ကလည်း ကံကောင်းတဲ့ လူတစ်ယောက်ထဲမှာ ပါတာပေါ့နော်”

“ဘာဖြစ်လို့လဲဟင်”

“ကိုနီမောင်က ဘဝကူး မြန်လို့သာ ကျန်ခဲ့တဲ့ဘဝဟောင်းက လူတွေက မှတ်မိလို့ အခုလို အကူအညီပေးနေတာ ဖြစ်မှာပေါ့”

“ဒါလည်း ပါမယ်၊ ကျွန်တော်တို့နဲ့ ဒီရွာဒီမြေနဲ့ ကံစပ်တာလည်း ပါ,ပါလိမ့်မယ်၊ နေရာတိုင်းဟာ ကိုယ်နဲ့ အကျိုးမပေးကြဘူး၊ ကိုယ်နဲ့ အကျိုးမပေးတဲ့နေရာတွေမှာ နေမိရင် ဘယ်လောက်လုပ်လုပ် အကျိုးမဖြစ်ပါဘူး၊ ကျွန်တော်ကတော့ ကိုယ်နဲ့ ကံစပ်တဲ့ ဒီနေရာမှာ တစ်သက်လုံး နေသွားဖို့ ဆုံးဖြတ်လိုက်ပြီ”

“ဟင်. . . တကယ်ပြောတာလား ကိုနီမောင်”

“တကယ်ပြောတာပါ. . . ဒီလိုအခြေချနိုင်ဖို့ ကိုယ့်မှာ စီးပွားရေး တောင့်တင်းလာရင် ဘဝလက်တွဲဖော်တစ်ယောက်လောက်တော့ ရှာရမယ်”

ထိုစကားကြောင့် မြသီတာက ခေါင်းကလေး ငုံ့သွားလေသည်။

“ကိုနီမောင်က တွေ့ထားပြီလား”

“ဟုတ်တယ်. . . တွေ့ထားပြီးပြီ”

“ဘယ်သူလဲ. . . ကျွန်မ ပြောပေးရမလား”

ဟု အသံကလေး ကတုန်ကယင်နှင့် မေးသည်။



www.burmeseclassic.com

www.bur,eseclassic.com



"မြလေးက ကူပြောပေးရမှာ မဟုတ်ဘူး၊ ကိုယ်တိုင် ဆုံးဖြတ်ပေးရမှာ"

"ရှင်. . ."

"ဟုတ်ပါတယ်. . . ကျွန်တော် ရည်ရွယ်ထားတာက မြလေးပါ၊ မြလေးကိုပဲ နှစ်သက်ပါတယ်၊ မြလေး သဘောတူရင် လူကြီးတွေကို ဖွင့်ပြောပြီး လက်ထပ်ချင်ပါတယ်"

ဟု ဖွင့်ပြောလိုက်ရာ မြသီတာမှာ ဘယ်လို ပြန်ပြောရမှန်း မသိအောင် ဖြစ်သွားလေတော့သည်။

သူမကိုယ်တိုင်ကပင်လျှင် နီမောင့်အပေါ်မှာ စိတ်ဝင်စားမှု ရှိသော်လည်း ယခုကဲ့သို့ ကာယကံရှင်ကိုယ်တိုင်က ဖွင့်ပြောလာသောအခါ ထူပူသွားပြီး မျက်နှာပြင်တစ်ခုလုံး ပန်းနုရောင် သမ်းလာတော့သည်။

"ကျွန်တော့်ကို စိတ်ဆိုးသွားပြီလား မြလေး၊ မျက်နှာသာပေးလို့ အခွင့်အရေး ယူတယ်လို့တော့ မထင်လိုက်ပါနဲ့၊ ကျွန်တော့်ရင်ထဲမှာ ရှိတဲ့အတိုင်း ဖွင့်ပြောမိတာပါ"

"ကျွန်မ ကိုနီမောင်ကို စိတ်မဆိုးပါဘူး၊ ကျွန်မ စဉ်းစားပါရစေဦး"

"ကောင်းပါပြီ. . ကျွန်တော့်အပေါ်မှာ အခုလိုနားလည်ပေးတာ ကျေးဇူးတင်ပါတယ်၊ မြလေး ပေးမယ့်အဖြေကို ကျွန်တော် စောင့်ပါ့မယ်"

ဟု ပြောကာ ပြန်လာခဲ့လေသည်။

မြလေးထံမှ အဖြေမရသေးသော်လည်း ပြောလိုသော





စကားကို ပြောလိုက်ရသဖြင့် ရင်ထဲမှာ ပေါ့ပါးလျက် ရှိနေသည်။

လူဆိုတာ မျှော်လင့်ချက်ဖြင့် အသက်ရှင်နေကြသည်ပဲလေ။



www.burmeseclassic.com

www.bur,eseclassic.com





## အခန်း(၁၇)

## ဆုံးဖြတ်ရခက်သောအပြေ

တကယ်တော့ နီမောင်တို့နှစ်ယောက်၏မေတ္တာရေးမှာ ကြားထဲမှ အနှောင့်အယှက် အဖျက်အဆီး ကြီးကြီးမားမားတော့ မရှိခဲ့ပေ။

နီမောင့်ဘက်မှ သူ၏သဘောထားကို ဖွင့်ပြောလိုက်ပြီး နောက် မြသီတာက စဉ်းစားသည်။

အမှန်တော့ နီမောင်နှင့် ပတ်သက်၍ သူမအနေနှင့် ငြင်းစရာ မရှိပါချေ။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.bur,eseclassic.com



အလုပ်ကြိုးစား၍ ရိုးသားသော လူငယ်တစ်ယောက် အပြင် အသက်အရွယ်နှင့် ရုပ်ရည်ကလည်း အပြစ်ဆိုစရာ မရှိပေ။ ထို့ပြင် မြသီတာအနေနှင့်လည်း နီမောင့်အပေါ်မှာ စိတ်ဝင်စားမှု ရှိနေခဲ့သည်။

သို့ကြောင့် လ,ပိုင်း အတွင်းမှာပင် နီမောင်နှင့် တွေ့ကာ သူလိုချင်သောအဖြေမျိုး ပေးလိုက်လေသည်။

"ကိုယ်ဝမ်းသာလိုက်တာ မြလေးရယ်၊ ဒီလိုဆိုရင် ကိုယ့်မိဘတွေကို ဖွင့်ပြောပြီး ဝါမဝင်ခင် မင်္ဂလာပွဲ ကျင်းပနိုင်အောင် စီစဉ်လိုက်တော့မယ်နော်"

"ကိုမောင်သဘောပါပဲ"

ထိုသို့တိုင်ပင်ပြီး မိဘများကို ဖွင့်ပြောတိုင်ပင်သောအခါ ၎င်းတို့ကလည်း မကန့်ကွက်ကြသည့်အပြင် သားသဘောကျ ပြုလုပ်ပေးရန် ပြောကြလေသည်။ သို့ကြောင့်. . .

ဆရာကြီး ဦးဇန်ကောင်းကိုပါ ခေါ်ဆောင်၍ သူကြီး ဦးဘိုးမောင်တို့ထံ သွားကာ သားရေးသမီးရေးကိစ္စ ပြောဆိုကြသောအခါမှာလည်း အခက်အခဲ မတွေ့ကြပေ။

ဦးဘိုးမောင်ကိုယ်တိုင်ကပင် လိုလိုလားလားနှင့် လက်ခံကြောင်း ပြောသည်။

"အခုလို မိသားဖသားပီပီ လာရောက် ခွင့်တောင်းတာကို ဝမ်းသာပါတယ်၊ မောင်နီမောင်လို လူငယ်တစ်ယောက်ကို ကျုပ်တို့အနေနဲ့ ငြင်းစရာမရှိပါဘူး၊ ကလေးတွေရဲ့မင်္ဂလာပွဲကိုတော့ ကြီးကြီးကျယ်ကျယ် လုပ်ပေးရလိမ့်မယ်နော်"





"ဒီအတွက်တော့ ဘာမှ စိတ်မပူပါနဲ့၊ လူကြီးမင်းတို့ စိတ်တိုင်းကျ လုပ်ပေးပါ့မယ်"

"ဒီလိုဆိုရင် ခမ်းခမ်းနားနား ဖြစ်အောင် ဘိသိက်ဆရာတွေဘာတွေ ခေါ်ရမယ်၊ မြို့မှာ ကျုပ်မိတ်ဆွေတွေ ရှိတယ်"

ဟု ပြောဆိုတိုင်ပင်ကြပြီးနောက် မင်္ဂလာပွဲကို ကဆုန်လထဲ၌ ကျင်းပရန် တိုင်ပင်ကြလေသည်။

နီမောင်နှင့် မြသီတာတို့နှစ်ယောက်မှာ လူကြီးမိဘများကလည်း သဘောတူ၊ လူငယ်ချင်းကလည်း ကြည်ဖြူကြသောကြောင့် နေနှင့်လ ရွှေနှင့်မြပမာ ရှိလေတော့သည်။

မင်္ဂလာပွဲရက် နီးသောအခါ ဖိတ်စာရိုက်၍ မိမိတို့ ရွာသာမက ရွာနီးချင်းများအထိ နှံ့စပ်အောင် ဝေငှကြလေသည်။ နီမောင်မှာ သူ၏မင်္ဂလာပွဲအတွက် အရေးကြီးသော မိတ်ဆွေနှစ်ဦးကိုလည်း ဖိတ်ကြားရလေသည်။

ဦးဒီပကတော့ လူကြီးပီပီ. . .

"အင်းလေ. . မောင်နီမောင်လည်း အချိန်တန် အရွယ်ရောက်ပြီဆိုတော့ အိမ်ထောင်ရက်သား ပြုရတော့ပေမပေါ့၊ ကျုပ်တို့ကို မိတ်ဆွေ ဝတ္တရားနဲ့အညီ ဖိတ်ကြားတော့လည်း လာခဲ့ရပေမပေါ့"

ဟု ပြောလေသည်။

ထိုအကြောင်းကို မြလေးနွယ် သိသောအခါ ဒေါသူပုန်ထ,လေတော့သည်။

"ရှင် ဒီအကြောင်းကို အစောကြီးကတည်းက ဘာ



www.burmeseclassic.com

www.bur,eseclassic.com



ကြောင့် မပြောတာလဲ၊ အခုလို စီစဉ်ပြီးကာမှ လာဖိတ်တာ ကောင်းရဲ့လား၊ ကျွန်မ နည်းနည်းမှ မကျေနပ်နိုင်ဘူး"

ဟု လေသံမာမာဖြင့် ပြောလေရာ နီမောင်မှာ ဘယ်လို ပြန်ပြောရမှန်း မသိအောင် ရှိနေတော့သည်။

"တကယ်တော့ ရှင့်ကို အကူအညီ ပေးနေတာတွေဟာ ရှင်တို့မိသားစုအတွက်ပဲ ပေးတာ၊ တခြားလူတွေအတွက် မဟုတ်ဘူး၊ ဒီလိုသာ လုပ်မယ်ဆိုရင် အစ,ကတည်းက ဘာမှမပေးဘဲ ထားရင် ကောင်းမှာ"

"ဒီ. . ဒီလိုပါ မြလေးနွယ်ရယ်၊ ဒီကိစ္စက လူကြီးမိဘ ချင်းတွေ စီစဉ်တာဆိုတော့ ကျွန်တော့်အနေနဲ့ ဘာမှ မတတ်နိုင်လို့ လက်ခံရတာပါ. . . တောင်းပန်ပါတယ်"

ထိုကဲ့သို့ ဥပါယ်တံမျဉ်ဖြင့် အမျိုးမျိုး တောင်းပန်တော့မှ မြလေးနွယ်မှာ အတန်အသင့် စိတ်ပြေသွားကာ ပျော့ပျောင်းလာ လေတော့သည်။

"အင်းလေ. . . တကယ်ဆိုရင် ရှင်နဲ့ကျွန်မနဲ့က ဘဝ ချင်း တူတာမဟုတ်တော့ ရှင့်ကို ဘယ်မိန်းကလေးနဲ့မှ မယူစေ ချင်တာကလွဲပြီး ကျွန်မအနေနဲ့ ဘာမှ မတတ်နိုင်ပါဘူး"

ဟု ဝမ်းနည်းသံလေးနှင့် ပြောလေသည်။

ထိုသို့မြင်ရပြန်တော့လည်း နီမောင်မှာ စိတ်မကောင်း ဖြစ်မိလေသည်။

"ကျွန်တော့်အနေနဲ့ မြလေးနွယ်တို့အပေါ်မှာ သံယော ဇဉ် ရှိပါတယ်၊ ဒါပေမယ့် တစ်ယောက်နဲ့တစ်ယောက် ဘဝချင်း





က ခြားနားလေတော့. . . "

"ဟုတ်ပါတယ် . . . ဒါကို ကျွန်မသိပါတယ်၊ ဒါပေမယ့် ရှင်သိထားဖို့က ပရလောကသားတွေ ထားတဲ့မေတ္တာကလည်း လူတွေထက် မလျော့ဘူးဆိုတာတော့ သိထားစေချင်တယ်၊ အခု တော့လည်း ကျွန်မအနေနဲ့ ဘာမှ မတတ်နိုင်တော့ပါဘူး"

"ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ ကျွန်တော့်ရဲ့မင်္ဂလာပွဲကို လည်း မြလေးနွယ်ကိုယ်တိုင် လာစေချင်ပါတယ်"

"ကျွန်မ လာခဲ့ပါ့မယ်၊ အဘနဲ့အတူတူ လိုက်လာခဲ့ပါ့ မယ်၊ ဒါပေမယ့် ရှင် ကျွန်မကို ကတိတစ်ခုတော့ ပေးရမယ်"

"ဘယ်လိုကတိလဲဟင်"

"မင်္ဂလာဆောင်မှာ ကျွန်မတို့ လာတာမြင်ရင် လုံးဝနှုတ် မဆက်ပါနဲ့"

"ဟင်. . . ဘာဖြစ်လို့လဲဟင်"

"ကျွန်မတို့ လာတာကို ဘယ်သူမှ မြင်ရမှာ မဟုတ်ဘူး၊ ရှင်တစ်ယောက်ပဲ မြင်ရမှာ၊ ရှင်က နှုတ်ဆက်လိုက်တော့ ကျန် တဲ့လူတွေက ရိပ်မိသွားမှာပေါ့"

"ကောင်းပါပြီ"

"နောက်တစ်ချက်က ရှင်နေတဲ့ လယ်တဲကို ဘယ်သူမှ မခေါ်လာပါနဲ့၊ ကျွန်မတို့က ရှင့်ကိုသာ သည်းခံမှာ၊ ကျန်တဲ့လူ တွေကျတော့ သည်းခံနိုင်မှာ မဟုတ်ဘူး"

ဟု ပြောလေရာ နီမောင်ကလည်း ဆန့်ကျင်ဖက် မလုပ်ဝံ့သဖြင့် 'ကောင်းပါပြီ' ဟု ကတိပေးလိုက်ရသည်။



www.burmeseclassic.com

www.bur,eseclassic.com



ထို့နောက်. . .

သတ်မှတ်ထားသည့် ရက်လသို့ ရောက်သောအခါ ကျုံပျော်ရွာ၌ နီမောင်နှင့် မြသီတာတို့ မင်္ဂလာပွဲကို ကျင်းပလေတော့သည်။

သူတို့မင်္ဂလာပွဲမှာ ထိုခေတ်အခါက တစ်နယ်လုံး ပြောစမှတ်ပြုလောက်သည့် မင်္ဂလာပွဲ ဖြစ်ခဲ့လေသည်။

သူကြီးအိမ်ရှေ့ရှိ ကွက်လပ်ကြီး၌ နှစ်ဆောင်ပြိုင် ကနားဖျင်းကြီး ထိုးကာ လာသမျှ ဧည့်ပရိသတ်များကို ဝက်သားဟင်းဖြင့် အလျှံပယ် ကျွေးမွေးဧည့်ခံလေသည်။

သူကြီးဦးဘိုးမောင်တို့ကလည်း သူကြီးဟူသော ဂုဏ်ပုဒ်ရှိရုံမက မြေပိုင်လယ်ပိုင်များ ဖြစ်ကြသည်ကတစ်ကြောင်း၊ နီမောင်တို့ဘက်မှလည်း ယခုလောလောဆယ် မလုပ်ကောင်းသောလယ်ကြီးကို နှစ်ပေါက်အောင် လုပ်နိုင်ကြသဖြင့် အများကစိတ်ဝင်စားနေကြသည်က တစ်ကြောင်းကြောင့် မင်္ဂလာပွဲမှာ တစ်နယ်လုံးမှ ပြောစမှတ် ပြုရလောက်အောင် စည်ကားလှလေသည်။

ကာယကံရှင်များကလည်း မင်္ဂလာပွဲ လာသူများကို အယုတ်အလတ် အမြတ်မရွေး လိုလေသေး မရှိရအောင် ကျွေးမွေးဧည့်ခံကြလေရာ ရပ်ဝေးကပင် လှည်းတစ်တန် လှေတစ်တန်ဖြင့် လာရောက်ကြလေသည်။

မင်္ဂလာဆောင်သို့ လာသူများကလည်း မင်္ဂလာဦး ဇနီးမောင်နှံတို့အတွက် ရွှေ၊ ငွေ၊ လက်ဝတ်လက်စား၊ ဆန်စပါးပါ





မကျန် လက်ဖွဲ့ပေးကြသည်။

အချို့က ကျွဲ၊ နွား၊ ဝက် အစရှိသည်တို့ လက်ဆောင်ပေးသည်။

မင်္ဂလာဆောင်သို့ နီမောင်၏မိတ်ဆွေများ ဖြစ်ကြသည့် ဦးဒီပနှင့် မြလေးနွယ်တို့ လာကြလေသည်။

ဦးဒီပက တောင်ရှည် ပိုးလုံချည်၊ ရင်ဖုံးအကျႌနှင့် ပန်းရောင် ပိုးပဝါကို ဦးခေါင်းမှာ ပေါင်းထားပြီး မြလေးနွယ်ကတော့ အထက်အောက် အစိမ်းရောင် အဝတ်အစားများကို ဝတ်ဆင်ထားလေသည်။

နီမောင်က သူတို့နှစ်ယောက်ကို မဏ္ဍပ်စင်အတွင်း တစ်နေရာ၌ နေရာပေးထားလိုက်သည်။

ထို့နောက် ဧည့်သည်များကို လိုက်လံဧည့်ခံနေစဉ် အဖေနှင့် တွေ့သောအခါ အဖေက တိုးတိုးကပ်မေးလေသည်။

"သား. . . မင်းမိတ်ဆွေတွေ လာကြသလား"

"ရောက်နေကြပြီ အဖေ. . . ဘာဖြစ်လို့လဲ"

"ဦးဘိုးမောင်တို့ မြို့က ခေါ်ထားတဲ့ ဗိသိုက်ဆရာကြီးဆိုတာ အထက်ဂိုဏ်းဆရာကြီးလို့ ပြောသံကြားရတယ်၊ မင်းမိတ်ဆွေတွေနဲ့ တွေ့မှာစိုးလို့ မေးတာပါ"

ထိုစကားကြောင့် နီမောင့်စိတ်ထဲမှာ နည်းနည်းတော့ စိုးရိမ်စိတ် ဝင်သွားမိလေသည်။

တကယ်လို့ အဖေပြောတဲ့အတိုင်းသာ မှန်ပါက ဦးဒီပနှင့် မြလေးနွယ်တို့နှစ်ယောက်ကို ခေါ်ပြီး ဒုက္ခပေးသလိုဖြစ်မှာကို



www.burmeseclassic.com

www.bur,eseclassic.com



စိုးရိမ်နေမိသည်။

သတို့သား၊ သတို့သမီးကို ဘိသိက်မမြောက်ခင်အချိန်ထိတော့ ဦးဒီပနှင့် မြလေးနွယ်တို့မှာ သူတို့နေရာ၌ ရှိနေကြလေသည်။ ထို့နောက်. . .

သတို့သား၊ သတို့သမီးတို့ကို ဘိသိက်မြောက်ရန် ဆရာကြီး စင်ပေါ် တက်လာသည်။

၎င်းမှာ အသက်ခြောက်ဆယ်အရွယ်ခန့် ရှိပြီး အပေါ်အောက် အဝတ်ဖြူများကို ဝတ်ဆင်ထားလေသည်။

နေ့လယ်ပိုင်းတွင် မိဘများကို ကန်တော့ရန်နှင့် ဘိသိက်ဆရာ၏ဆုံးမဩဝါဒ ခံရန် နီမောင်နှင့်မြသီတာတို့ နှစ်ယောက်မှာ မဏ္ဍပ်စင်ပေါ် သို့ တက်ကြရလေသည်။

သူထိုင်နေရာမှ လှမ်းကြည့်လိုက်တော့ သူချထားပေးသောနေရာတွင် ဦးဒီပရော မြလေးနွယ်တို့နှစ်ယောက်စလုံးကို လှမ်းမြင်နေရလေသည်။

ဘိသိက်ဆရာက ဘုရားစာ၊ တရားစာများ ရွတ်ဆို၍ ပဏာမ ပျိုးလိုက်သည်နှင့် နီမောင်က လှမ်းကြည့်လိုက်သောအခါ စောစောက နေရာ၌ ဦးဒီပရော မြလေးနွယ်ရော နှစ်ယောက်စလုံးကို မတွေ့ရတော့ပေ။

ထိုနေ့က မင်္ဂလာပွဲကိစ္စများ ပြုလုပ်နေစဉ်မှာပင် နီမောင်တစ်ယောက် စိတ်မဖြောင့်နိုင်အောင် ဖြစ်နေရှာလေသည်။

ထိုအခြေအနေကို အကဲခတ်မိသော မြသီတာကပင်





မေးလေသည်။

"ကိုမောင်မျက်နှာက တစ်မျိုးဖြစ်နေသလိုပဲ၊ ဘယ်လိုဖြစ်နေတာလဲ"

"ဩော်. . . ဘာမှမဖြစ်ပါဘူး၊ ပင်ပန်းလွန်းပြီး ခေါင်းထဲမှာ ငြီးစီစီ ဖြစ်နေလို့ပါ"

ဟု ပြောလိုက်ရသည်။

မင်္ဂလာပွဲ ပြီးသောအခါ မြို့မှ လာသော ဆရာကြီးက ပြောသည်။

"သတို့သား သူငယ်က ဘယ်မှာ နေတာလဲ"

"ကျွန်တော်တို့က ရွာထဲက ခြံမှာ နေကြပါတယ်၊ သူကတော့ လယ်ထဲမှာ ဆောက်ထားတဲ့ တဲမှာပဲ နေပါတယ်၊ ဘာဖြစ်လို့လဲ ဆရာကြီး"

ဟု ဦးဘရှိန်က ပြောပြလိုက်သည်။

"သူ့မှာ အစွဲတစ်ခု ကပ်နေတယ်၊ အဲဒီအစွဲက သူ့နားမှာ ကပ်နေကြတယ်၊ မင်္ဂလာပွဲတုန်းကတောင် သူတို့ လာသွားကြသေးတယ်"

"ဟင်. . ."

ထိုစကားကြောင့် အားလုံး အံ့သြသွားကြလေသည်။

မြသီတာမျက်နှာပေါ် မှာကတော့ စိုးရိမ်စိတ်ကလေးများ ယှက်သန်းလာလေသည်။

"အရင်က လူပျိုလူလွတ်နဲ့ နေတုန်းကတော့ ဘာမှ ပြဿနာ မရှိနိုင်ပေမယ့် အခု အိမ်ထောင်သည်ဘဝကို ရောက်



www.burmeseclassic.com

www.bur,eseclassic.com



လာပြီဆိုရတော့ အဲဒီလို နေလို့မသင့်တော့ဘူး"

"ဒါဖြင့် ဘယ်လိုလုပ်ရမလဲ ဆရာကြီး . . . ပြောပါ"

"သူတို့ကို မေတ္တာပို့ပြီး အဲဒီနေရာက ဖယ်ရှားခိုင်းရမယ်"

"ဗျာ. . . အဲသည်လို လုပ်လို့မဖြစ်ဘူးထင်တယ် ဆရာကြီး၊ သူတို့က ကျွန်တော့်ရဲ့မိတ်ဆွေတွေပါ"

နီမောင်က အရဲစွန့်ပြီး ပြောလိုက်သည်။

"မောင်က ဒီလောကအကြောင်းကို မသိသေးလို့ ဒီလို ပြောတာပါ၊ တကယ်တော့ တစ္ဆေ၊ သရဲ၊ ပြိတ္တာ၊ ကျတ်၊ ဥစ္စာစောင့် စတာတွေဟာ လူတွေနဲ့ ဘဝခြားနေတဲ့ ပရလောကသားတွေချည်းပါပဲ၊ ရုပ်မရှိတော့ဘဲ နာမ်ချည်းသက်သက်နဲ့ ဖန်ဆင်းထားတဲ့ တဒင်္ဂရုပ်နဲ့ပဲ နေကြရတဲ့သူတွေပါပဲ၊ သူတို့ဟာ အစွဲအလန်းတစ်ခုခု၊ ဒါမှမဟုတ် ဝဋ်ကြွေးတစ်ခုခုကြောင့် ဒီဘဝကို ရောက်နေကြရတာပါ၊ သူတို့မှာ ကမ္မဇိဒ္ဓိ ရှိတယ်ဆိုပေမယ့် လူ့ဘဝနဲ့ ကွာခြားလွန်းလှပါတယ်"

ဆရာကြီးက ကွမ်းတမြုံ့မြုံ့ ဝါးရင်း အေးအေးဆေးဆေး ရှင်းပြလေသည်။

"သူတို့ဟာ လူတိုင်းနဲ့ အဆက်အသွယ် လုပ်လို့မရကြပါဘူး၊ လိပ်ပြာချင်း ဆက်သွယ်လို့ရတဲ့ လူတွေနဲ့သာ ဆက်သွယ်လို့ရနိုင်တယ်၊ အခု မောင်နဲ့ ဆက်သွယ်နေတဲ့ ပရလောကသားတွေက မောင့်တစ်ယောက်ကိုသာ လက်ခံပေမယ့် ကျန်တဲ့သူတွေကိုတော့ လက်ခံမှာ မဟုတ်ကြဘူး၊ မောင့်အတွက် မိတ်ဆွေဆိုပေမယ့် ကျန်တဲ့လူတွေအတွက်ကတော့ အန္တရာယ် ဖြစ်နိုင်ပါ





တယ်"

ထိုစကား ကြားသောအခါ နီမောင်မှာ ဘယ်လိုမှ ဆက်မပြောသာတော့ပေ။

"ဒီကိစ္စဟာ ကြာရှည်ဆက်ထားရင် တခြားလူထက် မောင့်ရဲ့ဇနီးသည်ကို အရင်ထိမှာပဲ၊ အဲဒီလောက်အထိရော မောင်ရင် လက်ခံမလား"

ထိုစကား ကြားသောအခါ နီမောင်က မြသီတာကို တစ်ချက် လှမ်းကြည့်လိုက်သည်။

မြသီတာက မျက်နှာငယ်ကလေးဖြင့် သူ့ကို ကြည့်နေသည်။

"ဒီလိုတော့ အဖြစ်မခံနိုင်ပါဘူး ဆရာကြီး၊ ကျွန်တော် ဘယ်လိုလုပ်ရမလဲ၊ လုပ်သင့်သလဲ ပြောပြပေးပါ"

"ပြောရမှာ စိတ်တော့ မကောင်းပါဘူး၊ အကောင်းဆုံးကတော့ သူတို့ကို မေတ္တာနဲ့ ဒီနေရာက ဖယ်ခိုင်းရင် အကောင်းဆုံးပါပဲ"

ဟု ပြောဆိုရာ နီမောင်မှာ ငိုင်ကျသွားလေသည်။

လူကြီးများကတော့ နီမောင့်ကို ဝိုင်းဝန်းဖျောင်းဖျ ပြောဆိုကြရလေသည်။ တကယ်တော့ ထိုကိစ္စမှာ နီမောင့်အတွက် ကြီးစွာသော အခက်အခဲတစ်ခုပင် ဖြစ်တော့သည်။



www.burmeseclassic.com

www.bur,eseclassic.com





## အခန်း(၁၈)

# အတွင်းဒီပါသို့ သွားလေသူ

မင်္ဂလာပွဲ ပြီးသောအခါ ဆရာကြီးက နီမောင်အား သိမ်ဝင် ချည်ကြိုးကို လည်မှာ ဆွဲထားစေသည်။

ထို့နောက် သံဃာတော်များကို ပင့်ပြီး နီမောင် နေသောတဲသို့ သွားကာ ပရိတ်တော်များ ရွတ်ကြလေသည်။ ပဋ္ဌာန်းဒေသနာတော်များကို ရွတ်ဖတ်ကြလေသည်။

ပြီးသောအခါ ဆရာကြီးက ဇင်းပတ်ဝန်းကျင်တစ်ခိုက်တွင် ပရိတ်ရေများဖြင့် လိုက်ဖျန်းလေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.bur,eseclassic.com



နီမောင်ကတော့ ထိုသို့ပြုလုပ်နေသည်ကို ကြည့်ပြီး ၎င်း၏မိတ်ဆွေများအတွက် စိတ်မကောင်းဖြစ်နေမိသည်။

စိတ်ထဲမှလည်း. . .

"ကျွန်တော့်ကို ခွင့်လွှတ်ကြပါ၊ တကယ်တော့ ဒီကိစ္စတွေကို ကျွန်တော့်ရဲ့သဘောဆန္ဒကြောင့် ပြုလုပ်ရတာ မဟုတ်ပါဘူး၊ လူကြီးမိဘတွေရဲ့သဘောဆန္ဒကြောင့် လုပ်ရတာပါ၊ ကျွန်တော့်ကို ခွင့်လွှတ်ကြပါတော့၊ ကျွန်တော်တို့ ပြုပြုသမျှသော ကုသိုလ်ကောင်းမှုတွေရဲ့အဖို့ဘာဂ အစုစုတို့ကိုလည်း မိတ်ဆွေတို့အား အမျှအတန်း ပေးဝေပါတယ်၊ အမျှ. . . အမျှ. . . အမျှယူကြပါ"

ဟု တောင်းပန်ရေရွတ်နေလေသည်။

ထိုသို့ပြုလုပ်ပြီးသောအခါ ညဘက်တွင် ထိုတဲမှာပင် စု၍အိပ်ကြလေသည်။ နီမောင်၏မိဘများရော စောထီးနှင့်ငမဲအောင်တို့ပါ အတူအိပ်ကြလေသည်။

မြသီတာကိုတော့ စိတ်မချသောကြောင့် ၎င်း၏မိဘများအိမ်မှာပင် ထားခဲ့လေသည်။ ညဘက် ရောက်သောအခါ အိပ်ပျော်သလို ဖြစ်သွားခိုက်မှာ ဦးဒီပ ရောက်လာလေသည်။

သူသည် ခါတိုင်းကဲ့သို့ နီမောင့်အနီးသို့ မလာဘဲ မလှမ်းမကမ်းမှာသာ ရပ်နေသည်။

"မင်းကွယ်. . တို့ကတော့ မင်းအပေါ်မှာ လိုလေသေးမရှိရအောင် ကူညီစောင့်ရှောက်ပေးခဲ့ရတယ်၊ မင်းကတော့ တို့အပေါ်မှာ တယ်လည်း ရက်စက်ပါလား"





"ကျွန်တော့်ကို အပြစ်မဆိုပါနဲ့ ဦးကြီးရယ်၊ တကယ်ဆိုရင် ကျွန်တော့်ရဲ့ဆန္ဒ ပါလို့ လုပ်ရတာ မဟုတ်ပါဘူး၊ လူကြီးတွေ ဆန္ဒရှိတဲ့အတိုင်း လုပ်ကြတာပါ"

"သိပါတယ်လေ. . . မင်းတို့ ဒီလိုလုပ်လိုက်တဲ့အတွက် ငါတို့မှာ ဒီနေရာမှာ ဆက်နေလို့ မရတော့ဘူး၊ နယ်စောင့်နတ်က နှင်နေပြီ"

"ဟင်. . . ဒါဖြင့် ဦးကြီးတို့က ဘယ်ကို ပြောင်းရမှာလဲဟင်"

"ဒီနေရာတစ်ဝိုက်မှာ ရှိတဲ့သူတွေအားလုံး ပင်လယ်ပိုင်းဘက်ကို ရွှေ့ကြရတော့မယ်၊ မင်းနဲ့တို့နဲ့တော့ ဘယ်တော့မှ ပြန်တွေ့နိုင်မယ် မထင်တော့ဘူး"

ထိုစကားကြောင့် နီမောင်မှာ ပို၍စိတ်မကောင်းဖြစ်မိလေသည်။ စိတ်ထဲမှာ မိမိနှင့် ရင်းနှီးခင်မင်လှသော မိတ်ဆွေတစ်ဦး သို့မဟုတ် သွေးရင်းသားရင်းတစ်ဦးနှင့် ထာဝရ ခွဲခွာရတော့မည်မို့ ဝမ်းနည်းကြေကွဲခြင်းမျိုး ခံစားရလေသည်။

"ကျွန်တော့်ကြောင့် အခုလို ဖြစ်ရတာ စိတ်မကောင်းပါဘူး ဦးကြီးရယ်"

"မင်းကိုလည်း အပြစ်မတင်တော့ပါဘူး၊ တို့တစ်တွေမှာသာ လူ့ဘဝမှာတုန်းကလည်း ကံမကောင်းခဲ့ကြဘူး၊ အခုဘဝမှာလည်း ဒုက္ခတွေ့ကြရပြန်တယ်၊ ဒီဘဝက လွတ်လို့ နောင်ဘဝရောက်ရင်သာ ဒီလိုအဖြစ်မျိုးတွေနဲ့ မကြုံဖို့ ဆုတောင်းနေပါတော့ကွယ်"



www.burmeseclassic.com

www.bur,eseclassic.com



"ကျွန်တော် ဦးကြီးတို့အတွက် ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ပြီး ဆုတောင်းပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်ကွယ်"

"ဒါထက် ကျွန်တော် ဦးကြီးတို့ကို လာတွေ့ရင် ဘယ်လို တွေ့နိုင်မလဲဟင်"

"တို့နဲ့ နောက်ထပ်တွေ့နိုင်ဖို့တော့ ဘယ်လိုမှ မဖြစ်နိုင်တော့ပါဘူး၊ ဘာကြောင့်လဲဆိုတော့ ကျုပ်တို့ကို သက်ဆိုင်ရာပုဂ္ဂိုလ်တွေက 'အတွင်းဒီပါစခန်း' ကို ပို့လိုက်ကြတာဆိုတော့ နောက်ထပ် ဘယ်တော့မှ တွေ့ခွင့်မရနိုင်တော့ပါဘူးကွယ်"

"အတွင်းဒီပါစခန်း ဆိုတာ ဘယ်လိုနေရာမျိုးလဲ"

"အတွင်းဒီပါဆိုတာ ပြင်ပလောကသားတွေနဲ့ ဘယ်တော့မှ ထိတွေ့ဆက်ဆံလို့ မရတဲ့ ပရလောကသားတွေကို ဒဏ်ခတ်ထားတဲ့နေရာမျိုးပေါ့ကွယ်၊ ဒါကြောင့် မောင့်ကို အခု လာပြီး နှုတ်ဆက်တာပါ၊ ကျုပ်တို့ မိုးလင်းကာနီးအချိန်မှာ ဒီနေရာက ထွက်ခွာကြရတော့မယ်၊ မောင်ရင် နှုတ်ဆက်ချင်တယ်ဆိုရင်တော့ ဟောဟို ဉနှဲပင်လေးအောက်က စောင့်ကြည့်ရင် တွေ့နိုင်ပါတယ်၊ ကဲ. . . ငါတို့ သွားတော့မယ်ကွယ်"

ထိုလူကြီးက နေရာမှ လှည့်ထွက်သွားရန် ပြင်သောအခါ နီမောင်က. . .

"နေ. . နေပါဦး ဦးကြီး၊ မြလေးနွယ် တစ်ယောက်ရော ဘယ်မှာလဲ၊ ကျွန်တော် သူ့ကို တွေ့ချင်ပါတယ်၊ နှုတ်ဆက်ချင်ပါတယ်"





ဟု လှမ်းမေးလိုက်သည်။

"မင်း သူ့ကို တွေ့ချင်ရင် မနက်မလင်းခင် အဲဒီဉနှဲပင်အောက်က စောင့်နေရင် တွေ့ရပါလိမ့်မယ်"

ထိုသို့ပြောပြီး လှည့်ထွက်သွားလေရာ နီမောင်လည်း အိပ်ပျော်နေရာမှ လန့်နိုးလာလေတော့သည်။

အချိန်မှာ သန်းခေါင်ယံအချိန်ကျော်ပြီဖြစ်သောကြောင့် ကျန်လူများမှာ မောမောပန်းပန်းဖြင့် အိပ်မောကျနေကြလေသည်။ နီမောင်သည် အိပ်မက်မှ လန့်နိုးလာပြီးနောက် နေရာမှ ထ,ကာ အပြင်သို့ ထွက်လာခဲ့လေသည်။

အပြင်ဘက်မှာ လရောင်ရှိသော်လည်း တိမ်များက ရှိနေသေးသောကြောင့် အမှောင်ရိပ်များက ရှိနေသေးသည်။

သို့သော် ဝိုးတဝါး အလင်းရောင်ကြောင့် ပတ်ဝန်းကျင်ကို မြင်နိုင်လေ၏။ သူသည် တောင်ကုန်းစပ်၌ ရှိသော ဉနှဲပင်အောက်သို့ ထွက်လာခဲ့လေသည်။

ဉနှဲပင်ရိပ် ရောက်၍ ပတ်ဝန်းကျင်သို့ ကြည့်လိုက်သောအခါ တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်။

နီမောင်သည် ဉနှဲပင်အောက်၌ တစ်ယောက်တည်း ရပ်နေရင်း လွန်ခဲ့သောအချိန်များက ဦးဒီပနှင့် မြလေးနွယ်တို့နှင့် ဆုံတွေ့ခဲ့ရပုံများကို အမှတ်ရနေမိသည်။

သူတို့နှင့် ပြောဆိုဆက်ဆံခဲ့ပုံတွေနှင့် မိမိအား အကူအညီပေးခဲ့ပုံတွေကို သတိတရ ရှိနေမိသည်။

နီမောင်တစ်ယောက်တည်း အတွေးကောင်းနေ၍ နား



www.burmeseclassic.com

www.bur,eseclassic.com



ထဲမှာ လူသံသူသံ၊ လှည်းသံနွားသံများကို ကြားလာရသည်။

"ဟင်. . ."

အချင်းချင်း ပြောဆိုနေသော စကားသံများထဲမှာ. . .

"အချိန်တန်ပြီဟေ့. . . သွားကြရအောင်"

ဟူသောစကားသံများကို ကြားလာရသည်။

အသံကြားရာဘက်သို့ ကြည့်လိုက်တော့ အမှောင်ရိပ်ထဲမှာ လှုပ်ရှားနေကြသော ပုံရိပ်များကို မသဲမကွဲ လှမ်းမြင်ရလေသည်။

"သူတို့ သွားကြတော့မယ်ထင်တယ်"

စိတ်လှုပ်ရှားစွာဖြင့် လှမ်းကြည့်နေစဉ် သူရှိရာသို့ လူနှစ်ယောက် လျှောက်လာသည်ကို တွေ့ရသည်။

တစ်ယောက်က ဦးဒီပဖြစ်ပြီး ကျန်တစ်ယောက်က မြလေးနွယ် ဖြစ်သည်။

ဦးဒီပက မလှမ်းမကမ်းနေရာမှာ ရပ်နေပြီး မြလေးနွယ်က သူနှင့် နီးနိုင်သမျှ နီးအောင် လျှောက်လာသည်။

သို့သော် မလှမ်းမကမ်း ရောက်တော့ ရပ်တန့်သွားသည်။ သူမ၏မျက်နှာပေါ်မှာ ခက်ထန်တင်းမာခြင်းနှင့် ဝမ်းနည်းကြေကွဲခြင်းတို့က ရောယှက်ကာ ပေါ်နေသည်။

"ရှင့်ရဲ့အပေါ်မှာ ကျွန်မတို့က မကောင်းတာဆိုလို့ ဘာတစ်ခုမှ မလုပ်ခဲ့ဘူး၊ ကူညီနိုင်တဲ့ကိစ္စမှန်သမျှ အကူအညီပေးခဲ့ပြီးပြီ၊ အခုတော့ ရှင့်စိတ်က မပါပေမယ့် ရှင်နဲ့ ပတ်သက်တဲ့လူတွေကြောင့် ကျွန်မတို့ တစ်သက်လုံး နေလာခဲ့တဲ့နေရာကနေ





ဖယ်ပေးရတော့မယ်"

"အဲဒီအတွက် တောင်းပန်ချင်လို့ ကျွန်တော် လာစောင့်နေတာပါ"

"အခုမှ တောင်းပန်လို့လည်း မရတော့ဘူး၊ ကျွန်မတို့ကို ဒဏ်ခတ်တဲ့အနေနဲ့ အတွင်းဒီပါစခန်းကို အခု ပြောင်းကြရတော့မယ်၊ တကယ်တော့ အစ,ကတည်းက ရှင့်ကို ဒီနေရာမှာ လက်ခံခဲ့မိတာကိုက ကျွန်မတို့ မှားခဲ့တာပဲ"

"အဲဒီအတွက် ကျွန်တော် တကယ့်ကို စိတ်မကောင်းပါဘူး၊ ကျေးဇူးရှိတဲ့သူတွေအပေါ်မှာ ဒုက္ခပေးသလို ဖြစ်ခဲ့ရင်လည်း ခွင့်လွှတ်ကြပါ၊ တကယ်လို့ ကျွန်တော် တတ်နိုင်တဲ့ကိစ္စမျိုးဆိုရင်လည်း ဘာမဆို လုပ်ပေးပါ့မယ်"

"ရှင် တကယ်လုပ်ပေးနိုင်မလား"

"ကျွန်တော် လုပ်ပေးနိုင်တာဆိုရင် လုပ်ပေးပါ့မယ်"

"အဲဒီလိုဆိုရင် ရှင့်လည်ပင်းမှာ စွပ်ထားတဲ့ ပရိတ်ကြိုးကို ခဏဖြုတ်ပေးပါ၊ ကျွန်မ ရှင့်အနားကို လာပြီးတော့ မှာစရာရှိတာတွေ မှာခဲ့ချင်လို့"

တကယ်တော့ ထိုကြိုးကို ဘယ်လိုအကြောင်းနှင့်မှ မဖြုတ်ပစ်ရန် ဆရာကြီး မှာထားတာကို သတိရသည်။

သို့သော်. .

သူ ဖြုတ်၍ ထိုကြိုးကလေးကို ဥနှဲပင်ကိုင်းတွင် ချိတ်တင်ပေးလိုက်သောအခါ မြလေးနွယ်က သူ့အနီးသို့ ချက်ချင်းရောက်လာပြီး လက်မောင်းတစ်ဖက်ကို လာရောက်ဆုပ်ကိုင်



www.burmeseclassic.com

www.bur,eseclassic.com



လေသည်။

"ရှင် ကျွန်မတို့ကို တကယ်ခင်တယ်၊ ကျေးဇူးဆပ်ချင်တယ်ဆိုရင် ကျွန်မတို့နဲ့ တစ်ခါတည်း လိုက်ခဲ့ပေတော့"

ထိုစကားကြောင့် နီမောင့်စိတ်ထဲမှာ စိုးရိမ်စိတ်တော့ အနည်းငယ် ဝင်သွားလေသည်။

"ဘယ်လိုလဲ. . . ရှင်လိုက်ခဲ့မယ် မဟုတ်လား"

"ကျွန်တော်ဟာ ခါတိုင်းလို လူလွတ်တစ်ယောက်ဆိုရင် လိုက်ခဲ့ဖို့ ဝန်မလေးပါဘူး၊ အခုတော့ လက်ထပ်ပြီးလို့ မိသားစုတာဝန်ကို ထမ်းဆောင်ရတော့မှာမို့ မလိုက်ပါရစေနဲ့တော့"

"အို. . . မရဘူး၊ ရှင့်ကို ဒီအတိုင်းတော့ မထားခဲ့ဘူး၊ တစ်ခါတည်း ခေါ်သွားရမယ်"

ထိုအခါ ဦးဒီပ အနားရောက်လာပြီး သမီးဖြစ်သူကို အမျိုးမျိုး ဖျောင်းဖျပြောဆိုကာ ဆွဲခေါ်သွားတော့မှ မြလေးနွယ်မှာ နီမောင့်လက်ကို လွှတ်ပြီး ပါသွားလေတော့သည်။

ထိုအခါမှ နီမောင်ခမျာ အသက်ဝ,အောင် ရှူနိုင်လေတော့သည်။ သားအဖနှစ်ဦးစလုံး အမှောင်ထဲမှာ ပျောက်ကွယ်သွားပြီးနောက် စောစောက ကြားနေရသောအသံများကို ပိုမိုပီပြင်စွာ ကြားလာရသည်။

ထိုအချိန်တွင် အရှေ့ဘက်မှ အရုဏ်ဦး အလင်းရောင်လေး တက်လာချေပြီ။

ပတ်ဝန်းကျင်တစ်ခုလုံး မီးခိုးငွေ့များကဲ့သို့အရာများက ဖုံးလွှမ်းလာလေရာ ဝေဝေဝါးဝါး ဖြစ်လာလေသည်။ ကြည့်နေ





ရင်းမှာပင် ဝိုးတဝါး အလင်းရောင်အောက်မှာ တရွေ့ရွေ့ လာနေသော လှည်းတန်းကြီးကို လှမ်းမြင်ရသည်။ လှည်းပေါ်များ၌ လူများနှင့် သေတ္တာကြီးများ တင်ထားသည်ကို မသဲမကွဲ မြင်နေရသည်။

လူသံများအပြင် ကလေးသံ၊ ခွေးဟောင်သံများသာမက တစ်ဦးနှင့်တစ်ဦး အော်ဟစ်ပြောဆိုသံများကိုလည်း ကြားနေရသည်။ ခဏကြာတော့. . .

"မောင်နီမောင်ရေ. . . ဦးကြီးတို့ သွားကြပြီဟေ့"

ဟူသော ဦးဒီပ၏နှုတ်ဆက်သံ၊

"ကိုနီမောင်. . . ကျွန်မတို့ သွားကြပြီ"

ဟူသော မြလေးနွယ်၏အသံကိုပါ ကြားရလေသည်။

နီမောင့်ရင်ထဲမှာ မိမိအား ကောင်းမွန်စွာ ကူညီစောင့်ရှောက်ပေးခဲ့သော မိတ်ဆွေများနှင့် ထာဝရ ခွဲခွာရတော့မည်ဆိုသောအသိကြောင့် ရင်ထဲမှာ ဆို့တက်လာကာ မျက်ရည်များပင် စီးကျလာသည်။

သူသည် လက်တစ်ဖက်ကို မြှောက်ပြရင်း. . .

"သွားကြတော့. . . သွားကြတော့"

ဟု ရေရွတ်ပြောဆိုနေစဉ်မှာပင် တရွေ့ရွေ့ ထွက်ခွာသွားသော လှည်းတန်းကြီးက အခိုးအငွေ့များကြားမှ တဖြည်းဖြည်း ပျောက်ကွယ်သွားလေတော့သည်။

ထိုအချိန်မှစ၍ တစ်ချိန်က လာရောက်လုပ်ကိုင်ကြသူ မှန်သမျှ ဒုက္ခအမျိုးမျိုး အနှောင့်အယှက် အမျိုးမျိုးနှင့် တွေ့ကာ



BURMESE CLASSIC .com
www.burmeseclassic.com

www.bur,eseclassic.com



သေကျေပျက်စီးခဲ့ကြသဖြင့် 'မလုပ်ကောင်းသော လယ်ကြီး' ဟု အမည်ဆိုး ရှိနေခဲ့သော ထိုလယ်ကြီးမှာ နီမောင်တို့လက်ထက်မှ စ၍ နောက်ပိုင်း အဆက်ဆက်တွင် မည်သည့်အနှောင့်အယှက် အဖျက်အဆီးမှ မရှိတော့ပေ။ နီမောင်နေထိုင်သော တဲနေရာ၌ နောင်သောအခါ ရွာဖြစ်လာပြီး 'အညာစု' ဟု ခေါ်ကြရာမှ ယခု အခါ 'မင်းလှစု' ဟု ပြောင်းလဲအမည်ပေးခဲ့ကြသည်။

ဖျာပုံခရိုင် ကျုံပျော်ရွာအနီး၌ ရှိသော 'မလုပ်ကောင်းသောလယ်ကြီး' အကြောင်းမှာ ဂမ္ဘီရဆန်းကြယ် ဖြစ်ရပ်မှန် ဇာတ်လမ်းများကို နှစ်သက်ကြသော ကျွန်ုပ်၏စာဖတ်ပရိသတ်များ နှစ်သက်ကြလိမ့်မည်ဟု ယုံကြည်ရင်း. . .

ယခုရေးသားသော "မလုပ်ကောင်းသော လယ်ကြီးနှင့် ပရမာယာ ဝက်ပါ" အမည်ရှိ ဂမ္ဘီရဆန်းကြယ် ဇာတ်လမ်းမှာလည်း ဤနေရာ၌ နိဂုံးကမ္ပတ် အဆုံးသတ်ပြီး ဖြစ်ပေတော့သတည်း။

အနိယော ဟောတု သုခီ အတ္တာနံ ပရိဟရန္တု။

တပြီးသိမ်း။ ။ (၂၀၀၆) ခုနှစ်၊ နိုဝင်ဘာလ (၆) ရက်၊
တနင်္လာနေ့၊ မွန်းလွဲ (၂း၃၀) နာရီ။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com